# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကမ်းတစ်ဖက်သို့ ရောက်ကုန်**

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၈၆)


၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၁၂ ရက် | ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၁ ရက်၊ တနင်္လာနေ့ | အတွဲ (၆၅)၊ အမှတ်(၀၆၂)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## အာကာသပြတိုက်(ရန်ကုန်) ဖွင့်ပွဲအခမ်းအနား ကျင်းပ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်

**နေပြည်တော် နိုဝင်ဘာ ၃၀**

ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်ရှိ အာကာသပြတိုက်(ရန်ကုန်)ဖွင့်ပွဲ အခမ်းအနားအား ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။

**တက်ရောက်**

အခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့မှ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ ရန်ကုန်မြို့တော်ဝန်၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁*



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှား၊ တရုတ်၊ အိန္ဒိယနှင့် အမေရိကန်နိုင်ငံတို့မှ အာကာသအတွင်းသို့ ခေတ်အဆက်ဆက်လွှတ်တင်ခဲ့သည့် ဒုံးပျံများနှင့် အာကာသယာဉ်ပုံစံငယ်များအား လိုက်လံကြည့်ရှုစဉ်။


**ယနေ့ ဖတ်စရာ**

**အနေဝေးသော်လည်း သွေးချင်းနီးသည့် မိတ်ကောင်း ဆွေကောင်း နိုင်ငံကောင်း** — ဆောင်းပါး စာ ၈

**EV ဖွံ့ဖြိုးမှုနှင့် အနာဂတ်အလားအလာများ** — ဆောင်းပါး စာ ၁၂

**တပ်မတော် ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့ ငရုတ်ကောင်းမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၄၇၅ ဦးအား ဆေးဝါးကုသမှုများဆောင်ရွက်** — ပြည်တွင်းသတင်း စာ ၁၅






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အာကာသပြတိုက်(ရန်ကုန်)ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

※*ရှေ့ဖုံးမှ*

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ဖွင့်ပွဲအခမ်းအနား ကျင်းပပြုလုပ်မည့်နေရာသို့ ရောက်ရှိကြရာ နိုင်ငံတကာသံတမန်များ၊ တာဝန်ရှိသူများနှင့် ကျောင်းသားကျောင်းသူများက ခရီးဦးကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် အာကာသပြတိုက် ဖွင့်ပွဲအခမ်းအနားကို ကျင်းပပြုလုပ်ရာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ Myanmar Space Agency အမှုဆောင်အရာရှိချုပ် ဒေါက်တာစိုးမြင့်မောင်နှင့် ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနား တက်ရောက်လာကြသူများက ပြတိုက်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ပြတိုက်ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ နိုင်ငံတော် ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ယခင်နက္ခတ်တာရာပြခန်းတွင် အသုံးပြုခဲ့သော GOTO Planetarim Analog Projection System အား ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် အာကာသပြတိုက် (ရန်ကုန်) ရှေ့တွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည်ပြတိုက်အတွင်းရှိ Deep Space Exploration ပြခန်း၊ Space Station ပြခန်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့မှ အာကာသတွင်းသို့ ခေတ်အဆက်ဆက် လွှတ်တင်ခဲ့သည့် ဒုံးပျံများနှင့် အာကာသယာဉ်ပုံစံငယ်များ၊ အာကာသတွင်း လှည့်ပတ်သွားလာလျက်ရှိသည့် ဂြိုဟ်တုပုံစံငယ်များ၊ ဒုံးပျံလွှတ်တင်ရေးစခန်းမှ ဒုံးပျံလွှတ်တင်မှု သရုပ်ပြသမှုများကို လိုက်လံကြည့်ရှုကြရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက မိန့်ခွန်းပြောကြားရာ၌ ယနေ့တွင် အာကာသပြတိုက် (ရန်ကုန်)ကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သဖြင့် မိမိတို့နိုင်ငံတွင်ရှိသည့် ကျောင်းသား ကျောင်းသူ၊ မျိုးဆက်သစ်လူငယ်များအနေဖြင့် စာအုပ်များတွင် ဖတ်ခဲ့ရသည့်၊ ရုပ်သံများတွင် မြင်တွေ့ခဲ့ရသည့် အာကာသတွင်း စေလွှတ်မည့် ဒုံးပျံများ၊ အာကာသတွင် လှည့်ပတ်သွားလာမည့် ဂြိုဟ်တုများ၊ အာကာသတွင်း စူးစမ်းလေ့လာမည့် အာကာသယာဉ်နှင့် ယာဉ်မှူးများ၊ ဂြိုဟ်များ၊ နက္ခတ်တာရာများ အစရှိသည့် အာကာသဆိုင်ရာ ဗဟုသုတအကြောင်းအရာများကို ယခုပြတိုက်အတွင်း၌တစ်စုတစ်စည်းတည်း စူးစမ်းလေ့လာခွင့် ရနိုင်တော့မည်ဖြစ်ကြောင်း။

အာကာသ ပြတိုက်ကို မိမိတို့နိုင်ငံ၏ အနာဂတ် မျိုးဆက်သစ် လူငယ်များ၏ အာကာသနှင့် သိပ္ပံဆိုင်ရာ စိတ်ကူးစိတ်သန်းများကို နိုးကြားစေမည့်၊ ၎င်းတို့ သင်ကြားနေသည့် ကျောင်းသင်ခန်းစာများကို ကျော်လွန်ပြီး အာကာသနှင့် သိပ္ပံဆိုင်ရာ အိပ်မက်အသစ်များကို မွေးဖွားပေးမည့် နေရာတစ်ခုဖြစ်လာစေရေးအတွက် ရည်ရွယ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့အပြင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တစ်ရပ် တည်ဆောက်ရာတွင် အာကာသသိပ္ပံပညာနှင့် အသုံးချနည်းပညာများသည် တစ်နေ့တခြား ပိုမိုအရေးပါလာသည် ဖြစ်သည့်အတွက် မိမိတို့နိုင်ငံတွင် အာကာသနည်းပညာများ ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက်လည်း ရည်မှန်းချက်ထားပြီး ဆောင်ရွက်လျက်ရှိကြောင်း။

အာကာသပြတိုက်မှ ရရှိလာသည့် အာကာသနည်းပညာဆိုင်ရာ စိတ်ကူးစိတ်သန်းများနှင့် လှုံ့ဆော်မှုများကြောင့် မြန်မာနိုင်ငံ၏ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုကို အကျိုးပြုနိုင်မည့် အနာဂတ်၏ အာကာသယာဉ်မှူးများ၊ သိပ္ပံပညာရှင်များ၊ အင်ဂျင်နီယာများနှင့် ကဏ္ဍအလိုက် ပညာရှင်များလည်း ပေါ်ထွက်လာမည်ဟု ယုံကြည်မိကြောင်း။

*စာမျက်နှာ ၄ သို့*

- ❖ **အာကာသပြတိုက်မှ ရရှိလာသည့် အာကာသနည်းပညာဆိုင်ရာ စိတ်ကူးစိတ်သန်းများနှင့် လှုံ့ဆော်မှုများကြောင့် မြန်မာနိုင်ငံ၏ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုကို အကျိုးပြုနိုင်မည့် အနာဂတ်၏ အာကာသယာဉ်မှူးများ၊ သိပ္ပံပညာရှင်များ၊ အင်ဂျင်နီယာများနှင့် ကဏ္ဍအလိုက် ပညာရှင်များလည်း ပေါ်ထွက်လာမည်ဟု ယုံကြည်**
- ❖ **နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုကဲ့သို့ အလွန်အရေးပါသည့် အာကာသသိပ္ပံနှင့် နည်းပညာရပ်များတွင် နိုင်ငံတကာနှင့်ယှဉ်ပြီး ရင်ပေါင်တန်းနိုင်ရန်၊ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ပြီး အကျိုးရှိစွာ အသုံးချနိုင်ရန်အတွက် မျိုးဆက်သစ်လူငယ်လူရွယ်များကို ပြုစုပျိုးထောင်လေ့ကျင့်သင်ကြားပေးရမည်**







**ကြိုဆိုနှုတ်ဆက်** ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတကာသံတမန်များက ကြိုဆိုနှုတ်ဆက်ကြစဉ်။

*စာမျက်နှာ ၃ မှ*

မိမိတို့အနေဖြင့် မြန်မာနိုင်ငံအစိုးရနှင့် ဂျပန်နိုင်ငံအစိုးရတို့ ၁၉၈၇ ခုနှစ်က ပူးပေါင်းတည်ဆောက်ခဲ့သည့် နက္ခတ်တာရာပြခန်းကို ယခုကဲ့သို့ အာကာသပြတိုက်အဖြစ် အဆင့်မြှင့်တင် တည်ဆောက်ပြုပြင်ခဲ့ခြင်းဖြစ်ပြီး ယခင်အသုံးပြုခဲ့သည့် စက်ပစ္စည်း Analog Projection System များနေရာတွင် ခေတ်မီစက်ပစ္စည်းများဖြစ်သည့် Digital Projection System များဖြင့် အစားထိုးလဲလှယ်ခြင်း၊ အာကာသနှင့် နက္ခတ်တာရာဆိုင်ရာပြခန်းများ၊ အာကာသစခန်းများနှင့် အခြားအာကာသနည်းပညာဆိုင်ရာ ပြခန်းများ အစရှိသည့် စိတ်ဝင်စားဖွယ်ပြခန်းနေရာများကို ထပ်မံထည့်သွင်း ပြသခြင်းများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် လူမှုစီးပွားဖွံ့ဖြိုးရေး ကဏ္ဍများတွင် အာကာသနည်းပညာများကို ငြိမ်းချမ်းသော ရည်ရွယ်ချက်ဖြင့် အသုံးချနိုင်ရေးအတွက် မြန်မာအာကာသအေဂျင်စီကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး နိုင်ငံတကာမိတ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ရေတို/ရေရှည်တွင် သာဓကတစ်ခုအနေဖြင့် စက်တင်ဘာလက ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆီးရီးယပ်မြို့တွင် ကျင်းပခဲ့သည့် Open World Astronomy Olympiad (OWAO–25) ပြိုင်ပွဲသို့ ပြိုင်ပွဲဝင်လူငယ်ခြောက်ဦးနှင့် International Olympiad on Climate Change and Environmental Issues (IOCE–2025) ပြိုင်ပွဲသို့ ပြိုင်ပွဲဝင်လူငယ်ငါးဦး စုစုပေါင်း လူငယ် ၁၁ ဦးကို စေလွှတ်ယှဉ်ပြိုင်စေခဲ့ရာ သက်ဆိုင်ရာ ပြိုင်ပွဲများအလိုက် ထိုက်တန်စွာ ယှဉ်ပြိုင်နိုင်ခဲ့ကြပြီး အောင်မြင်မှုအသီးသီးဖြင့် ဆုတံဆိပ်များ ဆွတ်ခူးနိုင်ခဲ့ကြသည်ကို တွေ့ရှိရကြောင်း။

နည်းပညာခေတ် ဖြစ်သည့် ယနေ့ မျက်မှောက်ကာလတွင် အာကာသနှင့် ဂြိုဟ်တုနည်းပညာများသည် အချိန်နှင့်အမျှ တစ်ဟုန်ထိုး ဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး လူသားမျိုးနွယ်၏ အကျိုးကို ဖော်ဆောင်ပေးနိုင်မည့် အာကာသသုတေသနလုပ်ငန်းများကို အပြိုင်အဆိုင် ပူးပေါင်းဆောင်ရွက်နေကြသည်ကို တွေ့ရှိရကြောင်း၊ ထိုကဲ့သို့ သုတေသနလုပ်ငန်းများမှ ရရှိလာသည့် အကျိုးရလဒ်များဖြစ်သည့် အာကာသသိပ္ပံနှင့် အသုံးချနည်းပညာ၊ ဂြိုဟ်တုစီမံကိန်းများသတ်မှတ်ပြီး စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ပညာရှင် လူငယ်များအနေဖြင့် ထိုကဲ့သို့ အာကာသနည်းပညာ လှုပ်ရှားမှု အစီအစဉ်များတွင် ပါဝင်နိုင်မည့် အခွင့်အလမ်းများကိုလည်း မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဖော်ဆောင်သွားမည်ဖြစ်ကြောင်း၊ ယင်းနေရာတွင် နည်းပညာများကို နိုင်ငံ၏ ကာကွယ်ရေး၊ လုံခြုံရေး၊ စီးပွားရေး၊ ပို့ဆောင်ဆက်သွယ်ရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသည့် နိုင်ငံ့စွမ်းအားကို ဖြစ်စေမည့် ဘက်စုံအခန်းကဏ္ဍအသီးသီးတွင် အကျိုးရှိစွာ အသုံးချနေကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုကဲ့သို့ အလွန်အရေးပါသည့် အာကာသသိပ္ပံနှင့် နည်းပညာရပ်များတွင် နိုင်ငံတကာနှင့်ယှဉ်ပြီး ရင်ပေါင်တန်းနိုင်ရန်၊ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ပြီး အကျိုးရှိစွာ အသုံးချနိုင်ရန်အတွက် မျိုးဆက်သစ် လူငယ်လူရွယ်များကို ပြုစုပျိုးထောင်လေ့ကျင့်သင်ကြားပေးရမည်ဖြစ်ကြောင်း။

ယနေ့တွင် အာကာသပြတိုက်ကြီးကို အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့သောကြောင့် မျိုးဆက်သစ်လူငယ်များအနေဖြင့် မျက်မှောက်ခေတ် အာကာသနယ်ပယ်၏ စိန်ခေါ်မှုနှင့် အခွင့်အလမ်းအသစ်များတွင် ပါဝင်ယှဉ်ပြိုင်နိုင်ပြီး စိတ်ကူးစိတ်သန်းများကို မွေးဖွားကာ အကောင်အထည်ဖော်ဆောင်နိုင်တော့မည်ဖြစ်ကြောင်း၊ အနာဂတ်ကာလ အာကာသအသုံးချ နယ်ပယ်အသီးသီးတွင် နိုင်ငံတော်က ဂုဏ်ယူအားထားရမည့် သုတေသနပညာရှင်များ၊ အင်ဂျင်နီယာများ၊ အာကာသယာဉ်မှူးများ၊ ဘက်စုံကဏ္ဍအလိုက် ကျွမ်းကျင်ပညာရှင်များနှင့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာမည်ဟုလည်း ယုံကြည်ပါကြောင်း ပြောကြားသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အာကာသပြတိုက်(ရန်ကုန်)အတွင်း ပြသထားမှုများကို လိုက်လံကြည့်ရှုစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အာကာသပြတိုက်(ရန်ကုန်)အတွင်း ပြသထားမှုများကို လိုက်လံကြည့်ရှုစဉ်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌထံ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က အာကာသပြတိုက်(ရန်ကုန်) ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်အား ဂါရဝပြုပေးအပ်သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က တက်ရောက်လာကြသည့် နိုင်ငံတကာမှ သံတမန်များအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် အာကာသနှင့် နက္ခတ်တာရာဆိုင်ရာ Dome Video Clip အားကြည့်ရှုကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် သံတမန်များက အာကာသပြတိုက်(ရန်ကုန်) ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးကြသည်။

အဆိုပါ အာကာသပြတိုက်(ရန်ကုန်)သည် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်တွင် တည်ရှိပြီး ယခင် နက္ခတ်တာရာပြခန်းအား ခေတ်နှင့်အညီ ဖြစ်စေရေးအတွက် အဆင့်မြှင့်တင် ပြန်လည်မွမ်းမံခြင်းလုပ်ငန်းများကို ဆောင်ရွက်၍ အာကာသပြတိုက်(ရန်ကုန်) အဖြစ် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြတိုက်အတွင်း Deep Space Exploration ပြခန်း၊ Space Station ပြခန်းနှင့် အာကာသတွင်း စေလွှတ်ခဲ့သည့် ဒုံးပျံများ၊ အာကာသတွင်လှည့်ပတ်သွားလာလျက်ရှိသည့် ဂြိုဟ်တုများ၊ အာကာသတွင်း စူးစမ်းလေ့လာသည့် အာကာသယာဉ်နှင့် ယာဉ်မှူးများ၊ ဂြိုဟ်များ၊ နက္ခတ်တာရာများ အစရှိသည့် အာကာသဆိုင်ရာများအား ကြည့်ရှုလေ့လာနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

“အာကာသပြတိုက်ကြီးကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သောကြောင့် မျိုးဆက်သစ် လူငယ်များအနေဖြင့် မျက်မှောက်ခေတ် အာကာသနယ်ပယ်၏ စိန်ခေါ်မှုနှင့် အခွင့်အလမ်းအသစ်များတွင် ပါဝင် ယှဉ်ပြိုင်နိုင်ပြီး စိတ်ကူးစိတ်သန်းများ ကို မွေးဖွားကာ အကောင်အထည်ဖော် ဆောင်နိုင်တော့မည်”





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (၁၄) ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (၁၄)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## စက်မှုလက်မှုလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသစီးပွားရေးမြင့်မားလာစေရေးနှင့်လူနေမှုဘဝများမြင့်မားလာစေရေးဝိုင်းဝန်းဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၃၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (၁၄)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ အမျိုးသားကဇာတ်ရုံ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှအဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ တာဝန်ရှိသူများ၊ အမှုဆောင်အဖွဲ့ဝင်များ၊ ညီနောင်အသင်းအဖွဲ့များ၊ နိုင်ငံတကာသံတမန်များ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ အသင်းသူအသင်းသားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### အသိအမှတ်ပြုဂုဏ်ယူ

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် ကုန်သည် စက်မှုအသင်းချုပ်၏(၁၄) ကြိမ်မြောက် နှစ်ပတ်လည်အသင်းသား စုံညီအစည်းအဝေးတွင် အသင်းသားများနှင့်စုံလင်စွာ တွေ့ဆုံခွင့်ရသည့်အတွက် ဝမ်းမြောက်ပါကြောင်းနှင့် ပုဂ္ဂလိကကဏ္ဍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အသင်းချုပ်အနေဖြင့် အစဉ်တစိုက် ဦးတည်ဆောင်ရွက်ခဲ့သည့်အတွက်လည်း အသိအမှတ်ပြုဂုဏ်ယူသည်ကို ပြောကြားလိုကြောင်း။

ကုန်သည်စက်မှုအသင်းချုပ်ကို ၁၉၁၉ ခုနှစ်တွင် တိုင်းရင်းသား မျိုးချစ်ကုန်သည်ကြီးများက “စီးပွားရေးခိုင်ခံ့မှ အမျိုးသားရေးတည်တံ့ခိုင်မြဲနိုင်မည်” ဆိုသည့် ခံယူချက်ဖြင့် “ဗမာကုန်သည်အသင်း (Burmese Chamber of Commerce)” အဖြစ် စတင်ဖွဲ့စည်းခဲ့ပြီး ၁၉၉၉ ခုနှစ်တွင် ကဏ္ဍအသီးသီးကို ကိုယ်စားပြုသည့် ညီနောင်အသင်းများ ပါဝင်စုဖွဲ့မှုဖြင့် “ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်” အဖြစ်

- **နိုင်ငံ့စီးပွားမြှင့်တင်ရေးတွင် ကုန်သွယ်မှုသာမက ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးရေးသည်လည်း အရေးပါသည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပြည်ပသွင်းကုန်အစားထိုးနိုင်ရေး ပြည်တွင်းကုန်ထုတ်လုပ်မှုများ မြှင့်တင်နိုင်ရေးကို အားပေးဆောင်ရွက်လျက်ရှိနေ**
- **ကုန်သည်စက်မှုအသင်းချုပ်ဖြစ်သည့်အားလျော်စွာ ကုန်သွယ်မှုကဏ္ဍကို ကိုယ်စားပြုသည့် လုပ်ငန်းရှင်များသာမက စက်မှုကုန်ထုတ်လုပ်ငန်းရှင်များနှင့်ပါ ပူးပေါင်းပါဝင် ဖွဲ့စည်းထားခြင်းဖြစ်သဖြင့် ကုန်ထုတ်လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအားစိုက်ဆောင်ရွက်**

ပြောင်းလဲဖွဲ့စည်းခဲ့သည်ကို သိရကြောင်း၊ နှစ်ပေါင်း (၁၀၀)ကျော်သက်တမ်းရှိအဖွဲ့အစည်းဖြစ်သည့်အပြင် နိုင်ငံတော်အစိုးရ အဆက်ဆက်က အဓိကမိတ်ဖက်အဖွဲ့အစည်းအဖြစ် အသိအမှတ်ပြုထားခြင်းခံရသည့် ပုဂ္ဂလိကကဏ္ဍ ကိုယ်စားပြု အမျိုးသားအဆင့်အဖွဲ့အစည်းကြီး (National Apex Organization) လည်းဖြစ်ကြောင်း။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက် (၄)ရပ်တွင် “နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေး၌ အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ (Agro–Based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး” ဆိုသည့် ဦးတည်ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်သည့်အခါတွင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အတူ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ကြိုးပမ်းအားထုတ်မှုသည် အရေးကြီးသကဲ့သို့ ကုန်သည်စက်မှုအသင်းချုပ် အပါအဝင် ညီနောင်အသင်းများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည်လည်း အဓိကကျသည့် အခန်းကဏ္ဍမှပါဝင်နေကြောင်း၊ အထူးသဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် ပို့ကုန်တိုးမြှင့်ရေးတွင် အသင်းအဖွဲ့များအနေဖြင့်လည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိနေသည်ကိုလည်း တွေ့မြင်ရကြောင်း။

နိုင်ငံ့စီးပွားမြှင့်တင်ရေးတွင် ကုန်သွယ်မှုသာမက ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးရေးသည်လည်း အရေးပါသည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပြည်ပသွင်းကုန်အစားထိုးနိုင်ရေး ပြည်တွင်းကုန်ထုတ်လုပ်မှုများ မြှင့်တင်နိုင်ရေးကို အားပေးဆောင်ရွက်လျက်ရှိနေကြောင်း၊ ကုန်သည်စက်မှုအသင်းချုပ်ဖြစ်သည့်အားလျော်စွာ ကုန်သွယ်မှုကဏ္ဍကို ကိုယ်စားပြုသည့် လုပ်ငန်းရှင်များသာမက စက်မှုကုန်ထုတ်လုပ်ငန်းရှင်များနှင့်ပါ ပူးပေါင်းပါဝင်ဖွဲ့စည်းထားခြင်းဖြစ်သဖြင့် ကုန်ထုတ်လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအားစိုက်ဆောင်ရွက်ရန်လည်း မှာကြားလိုကြောင်း။

နိုင်ငံတကာ စီးပွားရေးနယ်ပယ်တွင် မိတ်သစ်ဆွေသစ် ကုန်သွယ်ဖက်များ ရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အသင်းကြီး၏ လုပ်ဆောင်မှုများသည် နိုင်ငံ့စီးပွားတိုးတက်ရေး၊ ပုဂ္ဂလိကကဏ္ဍ ရှင်သန်ဖွံ့ဖြိုးရေးအတွက် အရေးပါသကဲ့သို့ နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်မည့် စီးပွားရေးလုပ်ငန်းရှင်များ ပေါ်ထွန်းလာစေပြီး ပုဂ္ဂလိကကဏ္ဍတစ်ရပ်လုံးကို ကမ္ဘာ့အဆင့်မီ မြှင့်တင်ပေးရန် အထောက်အကူပြုခဲ့သည်ကို တွေ့မြင်ရကြောင်း၊ မြန်မာနိုင်ငံနှင့် ပတ်သက်နေသည့် ပထဝီစီးပွားရေး အခွင့်အလမ်းများအပေါ် နိုင်ငံအသီးသီးက စိတ်ဝင်စားလာသည့် ယခုအချိန်တွင် အသင်းချုပ်ကြီးသည် နိုင်ငံတကာမှမိတ်ဖက်အသင်းများ၊ ဒေသတွင်း အသင်းအဖွဲ့များနှင့်ရင်ပေါင်တန်း ဆောင်ရွက်ထားနိုင်ရေးကိုလည်း ကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် စီးပွားရေးဆိုင်ရာမူဝါဒများကို ချမှတ်ဆောင်ရွက်ရာတွင် လက်ရှိဖြစ်ပေါ်ပြောင်းလဲနေသည့် အခြေအနေများပေါ်မူတည်ပြီး လိုက်လျောညီထွေဖြစ်မည့် မူဝါဒများ၊ လမ်းညွှန်မှုများကို လေ့လာသုံးသပ်ပြီးမှ အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ချမှတ်ထားသည့် မူဝါဒလုပ်ငန်းစဉ်များကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သည့်နေရာတွင် ပုဂ္ဂလိကအခန်းကဏ္ဍ၏ နားလည်သဘောပေါက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးသည့် အခန်းကဏ္ဍမှ ရှိနေကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် ချမှတ်ထားသည့် မူဝါဒလုပ်ငန်းစဉ်များကို မြေပြင်တွင်လက်တွေ့ အကောင်အထည်ဖော် လုပ်ကိုင်သည့်အခါ ကြုံတွေ့ရသည့်စိန်ခေါ်မှု၊ အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန် နိုင်ငံတော်အစိုးရအနေဖြင့် အမြဲအသင့်ရှိကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များဘက်မှလည်း အခက်အခဲများ၊ မူဝါဒဆိုင်ရာ အကြံပြုတင်ပြချက်များကို သက်ဆိုင်ရာကဏ္ဍအလိုက် အများကိုကိုယ်စားပြုပြီး အရှိအတိုင်းတင်ပြခြင်းဖြင့် နိုင်ငံတော်ဘက်မှ လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများကို ညှိနှိုင်းဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ကြောင်း။

### တိုးချဲ့ဆောင်ရွက်သွားမည်

နိုင်ငံတော်အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့်ပြည်တွင်းစားရေရိက္ခာ ဖူလုံရေး၊ MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အားပေးမြှင့်တင်ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) အခန်း (၁)၊ ပုဒ်မ ၃၅ ပါ “နိုင်ငံတော်၏ စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်” ဆိုသည့် ပြဋ္ဌာန်းချက်နှင့်အညီ အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုများနှင့် ဈေးကွက်ဖွံ့ဖြိုးရေး၊ ဈေးကွက်သစ်များ ရရှိရေးနှင့် ဈေးကွက်ချဲ့ထွင်ရေးတို့ကို တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အနာဂတ်စီးပွားရေးဝန်းကျင်တွင် ပုဂ္ဂလိကအခန်းကဏ္ဍသည် ပိုမိုများပြား အရေးပါလာမည်ဖြစ်သည့်အတွက် နိုင်ငံ၏အခြေခံအချက်အလက်များအပေါ် မူတည်ပြီး နိုင်ငံ့စီးပွားရေးကို မည်သို့မည်ပုံဆောင်ရွက်သင့်သည်၊ မတူညီသည့် ဒေသအခြေအနေများအပေါ် မူတည်ပြီး ဒေသအလိုက်စီးပွားရေးကို မည်သို့ဆောင်ရွက်သင့်သည်စသည်များကို ဆွေးနွေးအဖြေရှာ ဖော်ထုတ်ပေးကြရန်ကိုလည်း မြန်မာနိုင်ငံ “စီးပွားရေးပညာနှစ်(၁၀၀)” ရာပြည့်အထိမ်းအမှတ် အခမ်းအနားတွင် တိုက်တွန်းပြောကြားခဲ့သကဲ့သို့ အလေးထား ဖော်ထုတ်သွားရန်လည်း မှာကြားလိုကြောင်း။

*စာမျက်နှာ ၆ သို့*

*စာမျက်နှာ ၅ မှ*

ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ၏ အကျိုးကို ကိုယ်စားပြုသည့် အစိုးရမဟုတ်သော အမျိုးသား အဆင့် ဦးဆောင်အဖွဲ့အစည်းကြီးဖြစ်သည့် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်အနေဖြင့် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒပိုင်းဆိုင်ရာများ၊ လုပ်ငန်းစဉ်များ၊ အကြံဉာဏ်များ၊ နည်းပညာများ၊ ကြုံတွေ့နေရသော အခက်အခဲများ၊ ဦးစားပေးဆောင်ရွက်နိုင်ရန် ကိစ္စရပ်များနှင့် ပတ်သက်ပြီး သက်ဆိုင်ရာကဏ္ဍအလိုက် နယ်ပယ်အလိုက် ပုဂ္ဂလိကကဏ္ဍကိုယ်စားပြုပြီး တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ နိုင်ငံတော်က ဖွဲ့စည်းထားသည့် ကော်မရှင်များ၊ ကော်မတီများသည်လည်း အသင်းချုပ်မှ အမှုဆောင်များ ထည့်သွင်းပါဝင်ဖွဲ့စည်းပေးထားသည့် အားလျော်စွာ ပုဂ္ဂလိကကဏ္ဍ လုပ်ငန်းရှင်များ၏ ကောင်းမွန်သည့် အကြံပြုချက်များ၊ တင်ပြချက်များဖြင့် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်သွားကြရန်တိုက်တွန်းပြောကြားလိုကြောင်း၊ ကဏ္ဍအသီးသီး၊ နယ်ပယ်အသီးသီးကို ကိုယ်စားပြုသည့် ညီနောင်အသင်းအဖွဲ့များအနေဖြင့်လည်း ကုန်သည်စက်မှုအသင်းချုပ်၏ ဦးဆောင်မှုအောက်တွင် စုစုစည်းစည်း ညီညီညွတ်ညွတ်ဖြင့် လက်တွဲဆောင်ရွက်ပေးကြရန် ပြောကြားလိုကြောင်း။

အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍသည် တစ်ခုနှင့်တစ်ခု အပြန်အလှန်အမှီသဟဲပြုပြီး နိုင်ငံတော်၏ အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် လက်တွဲအကောင်အထည်ဖော် ဆောင်ရွက်နေကြသူများဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ပုဂ္ဂလိကကဏ္ဍသည် အဓိကမောင်းနှင်အားတစ်ရပ်အနေဖြင့်ပါဝင်နေကြောင်း၊ လက်ရှိအစိုးရနှင့်ပုဂ္ဂလိကကဏ္ဍအကြား ပေါင်းကူးပေးနေသည့် ဆွေးနွေးမှုပုံစံများမှ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများတွင် သိသာမြင်သာရှိသည့် ရလဒ်များ ပေါ်ထွက်သည်အထိ လုပ်ငန်းစဉ်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် အစိုးရနှင့်ပုဂ္ဂလိကအကြားတွင် သဟဇာတ ပိုမိုဖြစ်ထွန်းလာနိုင်မည်ဖြစ်ကြောင်း။

ယနေ့ ကုန်သည်စက်မှုအသင်းချုပ်က ကျင်းပသည့် (၃၄) ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးတွင် နိုင်ငံတော်အစိုးရ၊ နိုင်ငံတကာသံရုံးများနှင့် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ စုံညီစွာတက်ရောက်လာကြသည်ကို တွေ့ရှိရခြင်းသည်လည်း မြန်မာ့ပုဂ္ဂလိကကဏ္ဍ၏ ခိုင်မာမှုနှင့် ယုံကြည်မှုတို့ကို ထင်ဟပ်စေကြောင်း၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး အားလုံးပါဝင်နိုင်သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဖြစ်စေရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် ပြည်တွင်းစီးပွားရေးကဏ္ဍများ ပိုမိုသန်မာလာစေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး၊ နည်းပညာအသစ်များနှင့် နိုင်ငံတကာ စီးပွားရေး အလေ့အကျင့်ကောင်းများကို လက်ဆင့်ကမ်းသင်ယူနိုင်ရေးတို့အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများသည် မရှိမဖြစ်အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ မြန်မာနိုင်ငံတွင် အပြန်အလှန်အကျိုးရှိမည့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်တစ်ရပ် ဖော်ဆောင်ရာတွင် နိုင်ငံတကာမှ မိတ်ဆွေများ၊ မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် ဆက်လက်အရှိန်အဟုန်မြှင့်တင် ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ကြောင်း။

ယနေ့ကျင်းပသည့် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၏ (၃၄) ကြိမ်မြောက် နှစ်ပတ်လည်မှသည် ရွှေရတု၊ စိန်ရတု၊ နှစ်ပေါင်းများစွာတိုင် နိုင်ငံ့စီးပွားတိုးတက်ရေးနှင့် တိုင်းပြည်သာယာဝပြောရေးတို့အတွက် နိုင်ငံတော်နှင့် လက်တွဲပြီး ဆက်လက်ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်၊ ပုဂ္ဂလိကကဏ္ဍ တောင့်တင်းခိုင်မာဖွံ့ဖြိုးပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို ဆတက်ထမ်းပိုး အထောက်အကူပြုဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြခန်းတစ်ခုချင်းစီအလိုက် လိုက်လံကြည့်ရှုအားပေးစဉ်။

**လယ်ယာကဏ္ဍသည် အဓိကကျ**

ဆက်လက်ပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ဖြည့်စွက်ပြောကြားရာတွင် နိုင်ငံတစ်ခု၏ ချမ်းသာကြွယ်ဝမှုကို GDP ဖြင့် တိုင်းတာကြကြောင်း၊ GDP ကို လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများဖြင့် တိုင်းတာခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ GDP မှာ အားနည်းနေသေးကြောင်း၊ မိမိတို့နိုင်ငံတွင် လယ်ယာကဏ္ဍသည်အဓိကကျပြီး လယ်ယာကဏ္ဍမှတစ်ဆင့် စက်မှုလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံလူဦးရေ၏ ၅၀ ရာခိုင်နှုန်းခန့်သည် လယ်ယာကဏ္ဍဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသူများဖြစ်သဖြင့် လယ်ယာကဏ္ဍကို မြှင့်တင်ပေးခြင်းဖြင့် အခြားစီးပွားရေးကဏ္ဍများကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း။

ကုန်သွယ်ရေးနှင့်ပတ်သက်၍ ထုတ်ကုန်ပစ္စည်းများ၊ မြေပေါ်မြေအောက် သယံဇာတပစ္စည်းများ၊ အထည်ချုပ်ဆိုင်ရာ ထုတ်ကုန်များရှိကြောင်း၊ သယံဇာတပစ္စည်းများ ထုတ်ယူသုံးစွဲရာတွင်လည်း ပြန်လည်ဖြည့်တင်းနိုင်သည့် သယံဇာတများဖြစ်သော သစ်နှင့်ဝါးထုတ်လုပ်ရေးလုပ်ငန်းများ၊ ရေထွက်ကုန်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများကို အဓိကထားဆောင်ရွက်သွားရန်လိုကြောင်း၊ ထုတ်ကုန်ပစ္စည်းများရှိမှသာ ပို့ကုန်ပစ္စည်းများ ရရှိမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ချမှတ်ထားသည့် ဆောင်ပုဒ် ၃ ခုတွင် “ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့” ဟုပါဝင်ကြောင်း၊ ထို့ကြောင့် နိုင်ငံ့စီးပွား မြှင့်တင်နိုင်ရေးအတွက် ကုန်ထုတ်လုပ်မှုများ မြှင့်တင်ဆောင်ရွက်သွားကြရန်လိုကြောင်း။

မိမိတို့နိုင်ငံတွင် လယ်ယာစိုက်ပျိုးရေး ကုန်ထုတ်လုပ်မှုနှင့် ပတ်သက်၍ အားနည်းနေသေးကြောင်း၊ ပန်းတိုင်ရည်မှန်းချက်များပြည့်မီအောင် စိုက်ပျိုးနိုင်မည်ဆိုပါက တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၈ ဘီလီယံပိုမိုရရှိနိုင်မည်ဖြစ်ပြီး သီးထပ်များပါ စိုက်ပျိုးနိုင်မည်ဆိုပါက အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံခန့် ပိုမိုရရှိမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ကုန်ထုတ်လုပ်မှုများတိုးမြှင့်ဆောင်ရွက်ပြီး ပြည်ပသို့တင်ပို့နိုင်မည်ဆိုပါက နိုင်ငံအတွက် နိုင်ငံခြားငွေများလုံလောက်စွာရရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုများ တိုးတက်လာစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။

အထည်ချုပ်လုပ်ငန်းများနှင့် ပတ်သက်၍လည်း ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံလူဦးရေ၏ ၄၆ ရာခိုင်နှုန်းသည် ဆင်းရဲမွဲတေမှုစာရင်းတွင် ပါဝင်သည်ကို ကုလသမဂ္ဂ၏ အစီအရင်ခံစာအရသိရှိရကြောင်း၊ အဓိကအားဖြင့် ကျေးလက်နေပြည်သူများ၏ စီးပွားရေးကို တွက်ချက်ထားခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ကျေးလက်နေပြည်သူများ၏ စီးပွားရေးတိုးတက်ရေး လယ်ယာထွက်ကုန်များ ပိုမိုတိုးတက်ထွက်ရှိအောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ စီးပွားရေး ကောင်းမွန်လာပြီး လူနေမှုအဆင့်အတန်းများ မြင့်မားကာ ဝယ်လိုအားနှင့် ရောင်းလိုအားများ ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ စက်မှုလက်မှုလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသစီးပွားရေး မြင့်မားလာစေရေးနှင့် လူနေမှုဘဝများမြင့်မားလာစေရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုကြောင်း။

ကုန်သွယ်မှုအခွန်နှင့်ပတ်သက်၍ အချို့နေရာများတွင် အားနည်းချက်များရှိသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့အနေဖြင့် ကုန်သွယ်ခွန်နှင့်ပတ်သက်၍ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံခြားငွေနှင့်ပတ်သက်၍ မိမိတို့စတင်တာဝန်ယူချိန်မှစတင်၍ စနစ်တကျဆောင်ရွက်ခဲ့ကြောင်း၊ အခွန်ငွေနှင့်ပတ်သက်၍ မကြာမီကာလအတွင်း လျှော့ချဆောင်ရွက်သွားရန်ရှိကြောင်း၊ နိုင်ငံ့စီးပွားရေးနှင့် ပတ်သက်၍ အကောင်းဆုံးဖြစ်အောင် မိမိတို့အနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ဖက်မှလည်း ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းအနေဖြင့် မှန်မှန်ကန်ကန်ဖြင့် လုပ်ငန်းများဆောင်ရွက်ကြစေလိုကြောင်း။

**ပြည်ပဈေးကွက်ရှိပြီးဖြစ်**

စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးတက်မှုရှိစေရေး၊ တစ်ဧကချင်း အထွက်နှုန်းများ တိုးတက်စေရေး၊ တန်ဖိုးကောင်းသည့် ကောက်ပဲသီးနှံများစိုက်ပျိုးနိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပေါ်ဆန်းမွှေးစပါးနှင့် ကော်ဖီသည်လည်း ပြည်ပဈေးကွက်ရှိပြီးဖြစ်ကြောင်း၊ ပြည်ပဈေးကွက်ရရှိနိုင်သည့် ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်သည် တစ်နိုင်ငံလုံးကို ကိုယ်စားပြုပြီး နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ကြသူများဖြစ်ကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုများတိုးတက်စေရေး မဖြစ်မနေဆောင်ရွက်ရန်နှင့် လုပ်ငန်းများ မှန်မှန်ကန်ကန်ဖြစ်စေရေး ဆောင်ရွက်ရန်လိုကြောင်း၊ ထုတ်ကုန်များ ထုတ်လုပ်ရောင်းချရာတွင် ဈေးနှုန်းများ မှန်မှန်ကန်ကန်ရှိစေရေးနှင့် ထုတ်ကုန်များ အရည်အသွေး ပြည့်မီမှုရှိစေရေး ဆောင်ရွက်ပေးကြစေလိုကြောင်း၊ **နိုင်ငံအတွင်း ဆင်းရဲမွဲတေမှုလျှော့ချရေးသည် နိုင်ငံ၏ဂုဏ်သိက္ခာ လိုအပ်ချက်ဖြစ်**ကြောင်း၊ ထို့ကြောင့် **အဆိုပါ ဂုဏ်သိက္ခာကို ဖြည့်ဆည်းပေးနိုင်ရေး နိုင်ငံ့စီးပွား မြှင့်တင်ရေးကို ဝိုင်းဝန်းဆောင်ရွက်ကြရန်လို**ကြောင်း၊ အဓိကအားဖြင့် ပြည်သူများ၏ ဝယ်လိုအား တက်လာစေရေး ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ကုန်ဈေးနှုန်းကြီးမြင့်မှုနှင့်ပတ်သက်၍ ထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ခြင်းဖြင့် ရောင်းလိုအားနှင့် ဝယ်လိုအား မျှတလာမည်ဖြစ်ပြီး ကုန်ဈေးနှုန်းကြီးမြင့်မှုကို ထိန်းသိမ်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ပြည်သူများ၏ စားဝတ်နေရေးအတွက် အဓိကလိုအပ်သည့် ကုန်ပစ္စည်းများအား ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချပေးကြရန်လိုကြောင်း၊ နိုင်ငံ့စီးပွားရေးကောင်းမွန်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မည်ဖြစ်သဖြင့် နိုင်ငံ့စီးပွားရေးကောင်းမွန်အောင် ကုန်ထုတ်လုပ်မှုများတိုးတက်စေရေး အားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ယင်းနောက် ၂၀၂၄-၂၀၂၅ နှစ်ပတ်လည် အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းကို အထွေထွေအတွင်းရေးမှူးက ဖတ်ကြားတင်ပြသည်။

**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် ဧည့်သည်တော်များ၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်အမှုဆောင်အဖွဲ့ဝင်များသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (၃၄)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးတွင် ခင်းကျင်းပြသထားသည့် ပြခန်းများအား ပြခန်းတစ်ခုချင်းစီအလိုက် လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်

၂၇

ရက်

သာ လိုတော့သည်။

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

မဲစာရင်းများကို ၂၁-၁၁-၂၀၂၅ ရက်နေ့မှ ၄-၁၂-၂၀၂၅ ရက်နေ့အထိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် ဒုတိယအကြိမ် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ (၃) ဖြင့် တောင်းဆိုပါ။ အမည်နှင့် အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ (၄) ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ (၄-က) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ ရယူနိုင်ပါသည်။

## ဆေးတက္ကသိုလ်(၁) ရန်ကုန် (၆၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ဂုဏ်ပြုညစာစားပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၃၀**

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးတက္ကသိုလ်(၁) ရန်ကုန် (၆၁)ကြိမ်မြောက်ဘွဲ့နှင်းသဘင် ဂုဏ်ပြု ညစာစားပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၆ နာရီက ဆေးတက္ကသိုလ် (၁) ရန်ကုန် လမ်းမတော် မြက်ခင်းပြင်၌ ကျင်းပသည်။**(အောက်ပုံ)**



အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ မြန်မာနိုင်ငံ ဆေးကောင်စီ၊ နာယက၊ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း ဥက္ကဋ္ဌ၊အထူးဖိတ်ကြားထားသူများနှင့် ဆေးရုံအုပ်ကြီးများ၊ ပညာရေးအဖွဲ့ဝင် ပါမောက္ခ/ဌာနမှူးများနှင့် ဆရာ ဆရာမများ၊ တက္ကသိုလ်ဝန်ထမ်းများ၊ ဘွဲ့ရမောင်မယ်များ စုံစုံညီညီပါဝင်တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းက မိမိတို့နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများ ဖြစ်သည့်အတွက် ကျေးလက်ဒေသက ပြည်သူ့ဆေးရုံများအထိ သွားရောက်၍ စေတနာ၊ မေတ္တာအပြည့်ဖြင့် ကျန်းမာရေး စောင့်ရှောက်မှုပေးကြရန် လိုကြောင်း၊ လူနာများကို ကျန်းမာရေး စောင့်ရှောက်မှုပေးရာတွင် Knowledge နှင့် Skills အပြင် ခံယူချက် Attitude၊ တာဝန်သိစိတ်သည် အရေးကြီးသကဲ့သို့ ကိုယ်ချင်းစာနာစိတ် Empathy၊ သနားကြင်နာစိတ် Sympathyတို့ အပြင် ဆရာဝန်များ လိုက်နာကျင့်သုံးရမည့်ကျင့်ဝတ် Medical Ethics ကို ခါးဝတ်ပုဆိုးလိုမြဲမြံစွာ လိုက်နာ ကျင့်သုံးရန်လည်း တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် ဆေးတက္ကသိုလ် (၁) ရန်ကုန်ပါမောက္ခချုပ်နှင့် ဘွဲ့ရမောင်မယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ဆေးတက္ကသိုလ် (၁) ရန်ကုန် ကျောင်းသား ကျောင်းသူများနှင့် ဘွဲ့ရမောင်မယ်များက အဆိုအကများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ဆေးတက္ကသိုလ်(၁)အနေဖြင့် ဒီပလိုမာဘွဲ့ရရှိသူပေါင်း ၁၈၂၄ဦး၊ ဆေးပညာ မဟာသိပ္ပံဘွဲ့ရရှိသူပေါင်း ၄၂၉၃ ဦး၊ ပါရဂူဘွဲ့ရရှိသူပေါင်း ၇၉၄ဦး၊ ဆေးပညာဘွဲ့ရရှိသူ ၂၀၂၄၂ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီး လက်ရှိတွင်လည်း ဘွဲ့ကြိုသင်တန်းသား သင်တန်းသူ စုစုပေါင်း ၂၂၆၆ ဦးနှင့် ဘွဲ့လွန်ဒီပလိုမာ ကိုးဦး၊ ဆေးပညာမဟာသိပ္ပံဘွဲ့ ၃၆၁ ဦး၊ ပါရဂူဘွဲ့ နှစ်ဦး၊ ဆေးလက်တွေ့ ပါရဂူဘွဲ့ ၁၉၅ ဦး၊ဘွဲ့လွန်သင်တန်းသား စုစုပေါင်း ၅၆၇ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ဆောက်လုပ်ရေး၊ အိမ်ရာနှင့်အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ် (CHID Bank) ၏ (၁၂) ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေး တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၃၀**

ဆောက်လုပ်ရေး၊ အိမ်ရာနှင့်အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဘဏ် (အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်)(CHID Bank) ၏ (၁၂) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိဆောက်လုပ်ရေး၊ အိမ်ရာနှင့်အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်) ၌ ကျင်းပသည်။**(ယာပုံ)**



အခမ်းအနားသို့ CHID Bank နာယက ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ CHID Bank ဥက္ကဋ္ဌ ၊ ဒုတိယဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဘဏ်အစုရှယ်ယာရှင်များ၊ စာရင်းစစ်အဖွဲ့မှ တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဘဏ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဆောက်လုပ်ရေး၊ အိမ်ရာနှင့်အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်နာယက ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တစ်နှစ်တာကာလအတွင်း ဒါရိုက်တာအဖွဲ့ဝင်များ၊ စီမံခန့်ခွဲမှုအဖွဲ့ဝင်များနှင့် ဝန်ထမ်းများ၏ ကြိုးပမ်းအားထုတ်မှုကြောင့် ဘဏ္ဍာရေး စွမ်းဆောင်ရည်တွင် အမြတ်ငွေများကို ယခင်ဘဏ္ဍာရေးနှစ်ထက် ၉၄ ရာခိုင်နှုန်း တိုးတက်ရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပြီး Final Indicators များ ပိုမိုအားကောင်းလာအောင် ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ စီမံခန့်ခွဲမှုအပိုင်းတွင် ISO 9001 : 2015 Quality Management System အသိမှတ်ပြုလက်မှတ်ကို ပထမဦးဆုံးရယူနိုင်ခဲ့သည့် ဘဏ်တစ်ခုအဖြစ် ဂုဏ်ယူဖွယ်ရာ တွေ့မြင်ရပါကြောင်း။

မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး Regulatory Bodies များ၊ အစိုးရအဖွဲ့အစည်းများ၊ ဆောက်လုပ်ရေးကဏ္ဍ၊ အိမ်ရာကဏ္ဍနှင့် အခြေခံအဆောက်အအုံကဏ္ဍဖွံ့ဖြိုးရေးဆောင်ရွက်နေသည့် စီးပွားရေးလုပ်ငန်းရှင်များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့်လည်း ယခုထက်ပိုမို၍ ပူးပေါင်းဆောင်ရွက်သွားရန် လိုပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း CHID ဘဏ်ကြီးတိုးတက်အောင်မြင်ရေးအတွက် မူဝါဒနှင့်အညီ အဘက်ဘက်မှ ပံ့ပိုးကူညီပေးလျက်ရှိပြီး ရှေ့ဆက်လက်၍လည်း ကူညီပေးသွားမည်ဖြစ်ပါကြောင်း။

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ဘဏ်လုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ဘဏ်၏ဒါရိုက်တာအဖွဲ့ဝင်များ၊ Shareholder များ ၊ Customer များနှင့် ဘဏ်ဝန်ထမ်းများအနေဖြင့် CHID ဘဏ်ကြီး ယခုထက်ပိုမိုခိုင်မာအောင်မြင်စွာ ရပ်တည်နိုင်ရေးအတွက် ကြိုးစားဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ဘဏ်အမှုဆောင်အရာရှိချုပ်နှင့် စာရင်းစစ်အဖွဲ့မှ တာဝန်ရှိသူများက ၂၀၂၄ -၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ဘဏ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေ၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဆက်လက်ဆောင်ရွက်မည့် ဘဏ်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

အစီအစဉ်အရ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ဘဏ်၏ပြင်ပစာရင်းစစ် အစီရင်ခံစာကို တင်ပြအတည်ပြုချက်ရယူခြင်း၊ ဘဏ်၏ ဒါရိုက်တာအဖွဲ့ဝင်များ နုတ်ထွက်ခြင်း၊ ဒါရိုက်တာအဖွဲ့ဝင်သစ်များကို အစုရှယ်ယာရှင်များ၏ ဆန္ဒမဲဖြင့်ရွေးချယ်ခန့်အပ်ခြင်းနှင့် အမည်စာရင်း အတည်ပြုကြေညာခြင်း၊ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် ပြင်ပစာရင်းစစ်ခန့်အပ်ခြင်း၊ အခကြေးငွေသတ်မှတ်ခြင်း၊ အစုရှယ်ယာရှင်များမှ ကြိုတင်ပေးပို့ထားသော မေးခွန်းများနှင့် အကြံပြုချက်များ ပြန်လည်ဖြေကြားခြင်း၊ ငွေကြေးအဖွဲ့အစည်းများ ဥပဒေပုဒ်မ(၈၅)အရ စာရင်းစစ်ကော်မတီဝင်များခန့်အပ်ခြင်း၊ အတည်ပြုချက်ရယူခြင်းနှင့် အမည်စာရင်းကြေညာခြင်းတို့ကို အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်ပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အနေဝေးသော်လည်း သွေးချင်းနီးသည့် မိတ်ကောင်း ဆွေကောင်း နိုင်ငံကောင်း

ကိုရင်မောင်

**“ မြန်မာနိုင်ငံတွင် မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့စဉ်က ဘယ်လာရုစ်သမ္မတနိုင်ငံက ငလျင်ဘေးဒဏ်သင့်ဒေသများတွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ဆောင်ရွက်ပေးခဲ့သည်။ နှစ်နိုင်ငံအကြား နိုင်ငံရေး၊ ကုန်သွယ်ရေး၊ စီးပွားရေး၊ စက်မှု၊ စိုက်ပျိုးရေးနှင့် အစားအစာ၊ ကျန်းမာရေး၊ ဆေးဝါး၊ ပညာရေးနှင့် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်ဖြင့် တိုးတက်လျက်ရှိပြီး ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်ယုံကြည်မှုများ တိုးမြင့်လာသည်။ သံတမန်ဆက်ဆံမှုမြင့်တင်နိုင်ရေးအတွက် မင့်စ်မြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးအား သံရုံးအဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်နိုင်ခဲ့သည်။ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးမွေးမြူရေး၊ အားကစား၊ ပညာရေး၊ သိပ္ပံနှင့် နည်းပညာ၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ စွမ်းအင်၊ စက်မှု၊ ခရီးသွားလုပ်ငန်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည့်ကဏ္ဍပေါင်းစုံတို့တွင် ပူးပေါင်းဆောင်ရွက်သွားမည် ”**

မိတ်ကောင်းဆွေကောင်းဆိုသည်မှာ အသွေးမတူ အသားမတူသော်လည်း၊ အနေဝေးသော်လည်း၊ ယခုမှ ခင်မင်ရင်းနှီးရသော်လည်း ကိုယ်နှင့် ထပ်တူ စိတ်တူကိုယ်မျှ အေးအတူ၊ ပူအမျှ တစ်သွေးတည်း တစ်သားတည်းကဲ့သို့ ပေါင်းသင်းနေထိုင် ဆက်ဆံတတ်သော သူမျိုးဖြစ်သည်။ အကျိုးစီးပွားများကို မျှဝေခံစားလိုစိတ်ရှိသော စိတ်ကောင်းစေတနာ ကောင်းရှိသူဟုလည်း ဆိုချင်သည်။ ကျွန်တော်တို့ လူသားများဘဝတွင် ထိုသို့မိတ်ကောင်း၊ဆွေကောင်း များနှင့်လည်း ကြုံဖူးသည်။ နှစ်ပေါင်းရှည်ကြာ ရင်းနှီးခဲ့သည့် မိတ်ကောင်းများလည်း ဆုံဖူးသည်။ အနေနီးသော်လည်း မိတ်ဆွေတု၊ မိတ်ဆွေယောင် များနှင့်လည်း ကြုံဖူးသည်။ တစ်နိုင်ငံနှင့် တစ်နိုင်ငံ အနေဖြင့်လည်း ထိုနည်းလည်းကောင်းပင်ဖြစ်သည်။

ဘယ်လာရုစ်နိုင်ငံသည် ဥရောပအရှေ့ပိုင်းတွင် တည်ရှိပြီး ကုန်းတွင်းပိတ်နိုင်ငံတစ်ခု ဖြစ်သည်။ နိုင်ငံငယ်သော်လည်း စက်မှုနိုင်ငံဖြစ်သည်။ စက်မှု၊ ဆေးဝါး၊ နည်းပညာ၊ ပညာရေး၊ စိုက်ပျိုးရေးတို့တွင် အဆင့်မြင့်ပညာရပ်များ ပိုင်ဆိုင်ထားသည့် နိုင်ငံ ဖြစ်သည်။ မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့သည် မိုင်ပေါင်းထောင်ချီ ဝေးကွာသည်။ အချိန်ကာလ ရှည်ကြာစွာ ဆက်ဆံခဲ့သည့် နိုင်ငံမဟုတ်ပေ။ လွန်ခဲ့သည့် ၂၆ နှစ်၊ ၁၉၉၉ ခုနှစ်မှစတင်၍ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး စတင်ထူထောင်ခဲ့သည်။ အစောပိုင်းကာလက နှစ်နိုင်ငံဆက်ဆံမှုနည်းပါးခဲ့သော်လည်း ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ နိုင်ငံတော်ကို တာဝန်ယူခဲ့သည့် ယခုနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အစိုးရအဖွဲ့ လက်ထက်တွင် နှစ်နိုင်ငံအစိုးရချင်း ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုများ နက်ရှိုင်းလာခဲ့သည်။

**နှလုံးသားချင်းနီး**

မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံသည် တည်နေရာ အနေအထားအရ အလှမ်းဝေးကွာသော်လည်း သံတမန်ဆက်ဆံရေးနှင့် စစ်ဘက်သံတမန် ဆက်ဆံရေး နှစ်မျိုးစလုံးရှိသောနိုင်ငံများဖြစ်သည်။ နှစ်နိုင်ငံ ဆက်ဆံမှု မရှည်ကြာသေးသော်လည်း ချစ်ကြည် ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်ယုံကြည်မှု အပြည့်အဝရှိသည့် မိတ်ကောင်းဆွေကောင်းနိုင်ငံ ဖြစ်သည်။ ၂၀၂၅ ခုနှစ်အတွင်း နှစ်နိုင်ငံခေါင်းဆောင် နှစ်ဦးအနေဖြင့် ၆ ကြိမ်တိုင် တွေ့ဆုံခဲ့ပြီးဖြစ် သည်။ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေဖြင့် ၂၀၂၅ ခုနှစ် မတ်လအတွင်း ဘယ်လာရုစ်နိုင်ငံသို့ နိုင်ငံတော်အဆင့် တရားဝင် ချစ်ကြည်ရေးခရီးစဉ်နှင့် ဇွန်လအတွင်း စတုတ္ထ အကြိမ် ဥရောပ-အာရှစီးပွားရေး ဖိုရမ်သို့ တက်ရောက်ရန် ခရီးစဉ်အတွင်း ဘယ်လာရုစ် သမ္မတကြီး မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို၏ နွေးထွေးပျူငှာ လှိုက်လှဲစွာ လက်ခံတွေ့ဆုံခဲ့မှုမှာ နှလုံးသားချင်းနီးသည့် အမှတ်လက္ခဏာ ပေါ်လွင်နေ သည်။

ယခုတစ်ဖန် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဖိတ်ကြားချက်အရ နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ဘယ်လာရုစ်သမ္မတ နိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ရောက်ရှိလာသည်။ ဘယ်လာရုစ် အထူးလေယာဉ် မြန်မာနိုင်ငံလေပိုင်နက်အတွင်း သို့ စတင်ဖြတ်သန်း ဝင်ရောက်လာချိန်တွင် မြန်မာ့ တပ်မတော်(လေ)မှ စတုတ္ထမျိုးဆက်လွန် Su-30 SME ဘက်စုံသုံး အကြီးစားဂျက်တိုက်လေယာဉ် သုံးစင်းက လိုက်ပါခြံရံ ပျံသန်းကြိုဆိုခဲ့သည်။ နေပြည်တော်လေဆိပ်သို့ ညချမ်းအချိန် ရောက်ရှိ ဆင်းသက်လာရာတွင် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒားလူကာရှန်ကို ဦးဆောင် သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော် ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံ့ခေါင်းဆောင်များအား ကြိုဆို သည့် အစဉ်အလာနှင့်အညီ ကော်ဇောနီလမ်း တစ်လျှောက်ခင်း၍ ကြိုဆိုခဲ့သည်။

**သမိုင်းဝင်ခရီးစဉ်**

မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့၏ သံတမန်ဆက်ဆံမှုမှာ ၂၆ နှစ်တာကာလသို့ ရောက်ရှိ ခဲ့ပြီဖြစ်သည်။ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေဖြင့် ဘယ်လာ ရုစ်သမ္မတနိုင်ငံသမ္မတ၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ ၂၀၂၅ ခုနှစ်အတွင်း နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီး နှစ်ကြိမ် သွားရောက်ခဲ့ပြီးဖြစ်သည်။ ယခုအခါ ဘယ်လာရုစ် သမ္မတနိုင်ငံ သမ္မတကြီး မြန်မာနိုင်ငံသို့ ချစ်ကြည်ရေး ခရီးလာရောက်ခြင်းဖြစ်ရာ ယခုခရီးစဉ်သည် နှစ်နိုင်ငံ သံတမန်ဆက်ဆံမှု ၂၆ နှစ်ကာလအတွင်း ဘယ်လာရုစ်သမ္မတနိုင်ငံမှ သမ္မတတစ်ဦး၏ ပထမဆုံးသမိုင်းဝင် ခရီးစဉ်အဖြစ် မှတ်တမ်းတင် ရမည်ဖြစ်သည်။

ချစ်ကြည်ရေးခရီး ရောက်ရှိစဉ်အတွင်း နိုင်ငံ တော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက “**မိမိတို့ နှစ်နိုင်ငံသည် တည်နေရာအနေအထားအရ အလှမ်း ဝေးကွာသော်လည်း သံတမန်ဆက်ဆံရေးနှင့် စစ်ဘက်သံတမန်ဆက်ဆံရေး နှစ်မျိုးလုံးရှိသော နိုင်ငံများဖြစ်ပြီး ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန် နားလည်ယုံကြည်မှုအပြည့်အဝရှိသည့် မိတ်ဆွေ ကောင်းနိုင်ငံများဖြစ်ကြောင်း၊ မိမိတို့ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးတည်ထောင်မှုသည် ယခုအခါ ၂၆ နှစ်ကျော်ခဲ့ပြီဖြစ်ပြီး အဆိုပါ အခါသမယအတွင်း နှစ်နိုင်ငံဆက်ဆံရေးသည် သိသာထင်ရှားစွာ တိုးတက်လာသည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ အနာဂတ်ကာလတွင်လည်း ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားရန် မိမိအနေဖြင့် သန္နိဋ္ဌာန်ချထား ပါကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေး နှင့်ပတ်သက်၍ ဘယ်လာရုစ်နိုင်ငံအနေဖြင့် မြန်မာ နိုင်ငံအပေါ် နှစ်နိုင်ငံချင်းသော်လည်းကောင်း၊ နိုင်ငံ တကာမျက်နှာစာတွင်လည်းကောင်း အကူအညီများ တစိုက်မတ်မတ် ပေးအပ်ခဲ့သည့်အတွက် ကျေးဇူး တင်ရှိပါကြောင်း**” ပြောကြားခဲ့သည်။

**ဖွံ့ဖြိုးတိုးတက်လာမည်**

ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတက “**မိမိတို့ နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး အမြဲ တံခါးဖွင့်ထားပါကြောင်း၊ မြန်မာနိုင်ငံနှင့် ပူးပေါင်း ဆောင်ရွက်မှုများ ဆောင်ရွက်ချိန်တွင် မည်သည့် ပြင်ပနှောင့်ယှက်စွက်ဖက်မှုများ ရှိနေပါစေ၊ တစိုက်မတ်မတ်ဖြင့် ဆက်လက်ပူးပေါင်းဆောင် ရွက်သွားမည်ကို ပြောကြားလိုပါကြောင်း၊ မိမိတို့ နိုင်ငံမှ တာဝန်ရှိသည့်ဝန်ကြီးများ၊ မြန်မာနိုင်ငံမှ တာဝန်ရှိသည့်ဝန်ကြီးများ ပူးပေါင်း၍ စီးပွားရေး ဖိုရမ်များကျင်းပခဲ့ပြီး တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ် ခဲ့ပါကြောင်း၊ ထိုမှတစ်ဆင့် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှုများ အောင်မြင်စေရေးနှင့် ရလဒ် ကောင်းများ ရရှိစေရေး ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့် ယနေ့တွင် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ လမ်းပြမြေပုံ (၂၀၂၆ -၂၀၂၈) ကို လက်မှတ်ရေးထိုးသွားမည်ဖြစ် ပါကြောင်း၊ အဆိုပါ လမ်းပြမြေပုံ၌ နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်ရေးနှင့် ပတ်သက်သည့် အချက်များစွာ ပါဝင်ကြောင်း၊ အဆိုပါ လမ်းပြမြေပုံအတိုင်း ဆောင်ရွက်သွားမည်ဆိုပါက နှစ်နိုင်ငံ စီးပွားရေး ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအောင်မြင် နိုင်မည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံ စက်မှုလုပ်ငန်း များလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း**” ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် မန္တလေးငလျင်ကြီး လှုပ်ခတ် ခဲ့စဉ်က ဘယ်လာရုစ်သမ္မတနိုင်ငံက ငလျင်ဘေး ဒဏ်သင့်ဒေသများတွင် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများနှင့် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ အကူအညီများ ဆောင်ရွက်ပေးခဲ့သည်။ နှစ်နိုင်ငံအကြား နိုင်ငံရေး၊ ကုန်သွယ်ရေး၊ စီးပွားရေး၊ စက်မှု၊ စိုက်ပျိုးရေးနှင့် အစားအစာ၊ ကျန်းမာရေး၊ ဆေးဝါး၊ ပညာရေးနှင့် ကဏ္ဍပေါင်းစုံ ပူးပေါင်း ဆောင်ရွက်မှုများ အရှိန်အဟုန်ဖြင့် တိုးတက်လျက် ရှိပြီး ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည် ယုံကြည်မှုများ တိုးမြင့်လာသည်။ သံတမန်ဆက်ဆံမှု မြှင့်တင်နိုင်ရေးအတွက် မင့်စ်မြို့ရှိ မြန်မာကောင်စစ် ဝန်ချုပ်ရုံးအား သံရုံးအဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက် လျက်ရှိသည်။ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက် ရေး နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးရေး နှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက် နိုင်ခဲ့သည်။ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့်ရင်းနှီး မြှုပ်နှံမှု၊ စိုက်ပျိုးမွေးမြူရေး၊ အားကစား၊ ပညာရေး၊ သိပ္ပံနှင့် နည်းပညာ၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ စွမ်းအင်၊ စက်မှု၊ ခရီးသွားလုပ်ငန်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး စသည့် ကဏ္ဍပေါင်းစုံတို့တွင် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်သည်။

**ယုံကြည်လက်ခံအားပေး**

မြန်မာနိုင်ငံတွင် မကြာမီကာလအတွင်း လွတ်လပ်၍ ပွင့်လင်းမြင်သာသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ရပ်ကို ကျင်းပပြုလုပ် တော့မည်ဖြစ်သည်။ အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံ နိုင်ငံများနှင့် မိတ်ဆွေနိုင်ငံများအပါအဝင် ပြည်တွင်း၊ ပြည်ပ စောင့်ကြည့်လေ့လာသူများကို ဖိတ်ခေါ်ထားရှိ ပြီးဖြစ်သည်။ ဘယ်လာရုစ်သမ္မတနိုင်ငံအနေဖြင့် လည်း ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့ များ စေလွှတ်ပေးသွားမည်ဖြစ်သည်။ မြန်မာနိုင်ငံ အစိုးရအနေဖြင့် ပြည်တွင်းတည်ငြိမ်အေးချမ်းမှုရ ရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက် ရှိသကဲ့သို့ ကမ္ဘာ့နိုင်ငံများကို နှောင့်ယှက်အန္တရာယ်ပေးလျက်ရှိ သည့် အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကို လည်း အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ

*စာမျက်နှာ ၉ သို့*

**မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ နှစ်နိုင်ငံ၏ သံတမန် ဆက်ဆံရေး ၂၆ နှစ်တာကာလတွင် မြန်မာနိုင်ငံသို့ ပထမဆုံး လာရောက်ခဲ့သည့် ဘယ်လာရုစ်သမ္မတနိုင်ငံမှ နိုင်ငံတော် အကြီးအကဲ၏ တစ်ညတစ်ရက်တာခရီးစဉ်သည် အချိန်အားဖြင့် တိုတောင်းလှသော်လည်း နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အလွန်ကျယ်ပြန့်နက်ရှိုင်းစွာဖြင့် ဆောင်ရွက်နိုင်ခဲ့သည့် ပထမဆုံးသမိုင်းဝင်ခရီးစဉ်အဖြစ် မော်ကွန်းရေးထိုးနိုင်ခဲ့ပြီ**

# အမှောင်ခွင်းမည့် အလင်းများ

◆ လွတ်လပ်ရေးရ၊ ပြီးခါစမှ
ကာလခုတိုင်၊ မငြိမ်းနိုင်ဘဲ
စွဲကိုင်လက်နက်၊ အကြမ်းဖက်၍
ဖျက်ဆီးသတ်ဖြတ်၊ အမိုက်ဇာတ်တို့
တန့်ရပ်ဘယ်ခါ ဆုံးမည်နည်း ...။
◆ ညီနောင်သားရင်း၊ အချင်းချင်းတို့
သွေးခင်းသည့်လမ်း၊ အမှောင်ခြမ်းဝယ်
ကြမ်းတမ်းရက်စက်၊ မိုက်တွင်းနက်စွ
မြို့ပျက်ရွာကြေ၊ သောကပွေလျက်
သေကျေပျက်သုဉ်း၊ မီးဟုန်းဟုန်းလျှင်
မိုးလုံးဟိန်းညံ၊ လက်နက်သံကြား
နိုင်ငံပြည်သူ၊ မီးနယ်ပူ၍
လူမှုဒုက္ခ၊ အဝဝနှင့်
ဘဝထွေထွေ၊ ကျိုးပျက်ကြေကာ
မြေစာပင်များ ယမ်းငွေ့ကြား...။
◆ တိုင်းရင်းသားရေး၊ တန်းတူရေးဟု
ဟစ်ကြွေးဟန်ပြ၊ အော်ပေကြလည်း
အတ္တကိုယ်ကျိုး၊ ဆထက်တိုးလျက်
သူခိုး ဓားပြ၊ သူပုန်ထ၍
ကာလရှည်ကြာ၊ ပြည်မြန်မာကား
အနာလည်းသိ၊ ဆေးလည်းရှိလျက်
သိဉာဏ်မိုက်ဆိုး၊ ဆေးမတိုး ...။
ကမ္ဘာ့အလယ် ဂုဏ်ငယ်ညှိုး ....။
◆ ကိုယ့်ပြည်အတွင်း၊ သွေးသားရင်းတို့
စစ်ခင်းယှဉ်ပြိုင်၊ ဘယ်သူနိုင်အံ့
နိုင်သူလည်းရှုံး၊ ရှုံးသူဆုံး၍
အရှုံးကြီးစွာ၊ ပြည်မြန်မာဝယ်
သေချာပေပြော၊ အဖြေမှားသော
ရှည်လျားလှစွာ၊ ကာလကြာသည့်
ပုစ္ဆာတစ်ပုဒ်၊ နိဂုံးချုပ်၍
အရှုပ်ဖြည်ချိန် တန်လေပြီ ...။
◆ ကောင်း ဆိုး ကျိုး ပြစ်
ဆန်းစစ်ဝေဖန်၊ ပညာဉာဏ်ဖြင့်
နိုင်ငံအကျိုး၊ ပြည်သူ့ကျိုးတို့
တိုးတက်ချမ်းသာ၊ စိမ့်သောငှာလျှင်
စေတနာခင်း၊ မေတ္တာရင်းလျက်
ချစ်ခြင်းခိုင်မာ၊ သွေးရင်းခြာတို့
မြန်မာဟူသည့်၊ ဇွဲ သတ္တိ နှင့်
ဇာတိ ပုညာ၊ ဂုဏ်မာနဖြင့် -
“ ထ လော့ မြန်မာ ”-
*“မြန်မာရှန်းထ၊ ညီညွတ်ကြလော့” ..*
◆ တိုင်းရေးပြည်ရာ၊ အဖြာဖြာတွင်
စေတနာသာ၊ အခရာတည့်
စေတနာ ကံ၊ တော် တည့် မှန်က
ကံ၏ကောင်းကျိုး၊ ဆထက်တိုး၍
ဖွံ့ဖြိုးဝေဆာ၊ ပြည်မြန်မာသည်
သိက္ခာ ဂုဏ်မြင့်၊ အားမာန်ဝင့်လျက်
လန်းစွင့်မြူးပျံ၊ မိုးထက်ယံတွင်
မြန်မာ့အောင်လံ ဝံ့ဝံ့ကြွား ...။
ညီညွတ်ခြင်းရဲ့ ဖွဲမာန်အား ...။
အမှောင်ခွင်းမည့် အလင်းများ ...။

မိုးချမ်းမြေ

*စာမျက်နှာ ၈ မှ*

အင်တိုက်အားတိုက် တိုက်ဖျက်ဆောင်ရွက်လျက်ရှိသည်။ ထိုအခြေအနေနှင့်ပတ်သက်၍ ဘယ်လာရုစ်နိုင်ငံအနေဖြင့် ယုံကြည်လက်ခံအားပေးခဲ့သည်။

မြန်မာနိုင်ငံ၏ အခြေအနေနှင့် ကိုက်ညီသည့် နိုင်ငံရေးစနစ်ကို ကျင့်သုံးရာတွင် ဘယ်လာရုစ်နိုင်ငံအနေဖြင့် ထောက်ခံအားပေး ကူညီမှုများအတွက် ကျေးဇူးတင်ရမည်ဖြစ်သည်။ ရွေးကောက်ပွဲကျင်းပပြီးချိန်၌ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ထားသည်။ ယခုခရီးစဉ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့အကြား နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးခဲ့ရာ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာများ၊ အကောက်အခွန်ဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများ၊ ပို့ကုန်ချေးငွေမူဘောင်သဘောတူညီချက်နှင့် နိုင်ငံတော်အဆင့် စံချိန်စံညွှန်းသတ်မှတ်ခြင်း၊ အရည်အသွေးကိုက်ညီမှုစစ်ဆေးခြင်း၊ တိကျစွာတိုင်းတာခြင်းနှင့် အသိအမှတ်ပြုခြင်းနယ်ပယ်တို့တွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများ၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ လမ်းပြမြေပုံ၊ ကုန်သွယ်ရေး၊ စီးပွားရေး၊ သိပ္ပံ၊ နည်းပညာနှင့် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု စာချွန်လွှာများ၊ တရားမဝင်နှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ကိစ္စရပ်များတွင် ဥပဒေရေးရာအပြန်အလှန်အကူအညီပေးရေး သဘောတူစာချုပ်နှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆိုင်ရာနားလည်မှု စာချွန်လွှာများကို လက်မှတ်များ ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြသည်။

## စာချုပ် ၁၆ စောင်လဲလှယ်

ဘယ်လာရုစ်သမ္မတ မြန်မာနိုင်ငံသို့ မရောက်ရှိမီ နိုဝင်ဘာလ ၂၇ ရက်နေ့ နံနက်ပိုင်းကလည်း မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် နှစ်နိုင်ငံကုန်သည် စက်မှုအသင်းများဖြစ်သည့် UMFCCI နှင့် BelCCI တို့ပူးပေါင်း၍ မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ်ကို ရန်ကုန်မြို့ LOTTEE ဟိုတယ်၌ ကျင်းပခဲ့ရာ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအပါအဝင် စုစုပေါင်း လူဦးရေ ၁၃၀ ခန့် တက်ရောက်ခဲ့သည်။ အခမ်းအနားတွင် မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး၊ နှစ်နိုင်ငံအကြီးအကဲများ၏ မဟာဗျူဟာမြောက် လမ်းညွှန်ချက်နှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ မြန်မာ-ဘယ်လာရုစ် ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ လမ်းပြမြေပုံ (၂၀၂၆-၂၀၂၈) ဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဘောင်များ၊ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် ကဏ္ဍအလိုက် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများနှင့် EAEU ဈေးကွက်သို့ ချိတ်ဆက်နိုင်မည့် အခြေအနေများကို အဓိကဆွေးနွေးခဲ့ကြပြီး မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို သက်ဆိုင်ရာတာဝန်ရှိသူများက သဘောတူလက်မှတ်ရေးထိုးခြင်း အစီအစဉ်ကို ဆောင်ရွက်ခဲ့ပြီး စုစုပေါင်းစာချုပ် ၁၆ စောင် အပြန်အလှန်လဲလှယ်ခဲ့ကြသည်။

## သဘောတူလက်မှတ်ထိုး

ထို့အပြင် မြန်မာ-ဘယ်လာရုစ် ပူးတွဲကော်မတီဥက္ကဋ္ဌများ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် သီးခြားတွေ့ဆုံကာ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ တတိယအကြိမ် ပူးတွဲကော်မတီ ညှိနှိုင်းအစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရေးကိစ္စများအတွက် ဦးတည်ဆွေးနွေးခဲ့ကြသည်။ ဆက်လက်၍ မြန်မာ-ဘယ်လာရုစ် ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ လမ်းပြမြေပုံ (၂၀၂၆-၂၀၂၈)နှင့် မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးဆိုင်ရာ ကိစ္စရပ်များအပေါ် သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။

အလားတူစိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ဘယ်လာရုစ်သမ္မတနိုင်ငံ၊ စိုက်ပျိုးရေးနှင့် အစားအစာ ဝန်ကြီးနှင့်တွေ့ဆုံ၍ စိုက်ပျိုးရေးထုတ်ကုန်များနှင့် စားသောက်ကုန်များ အပြန်အလှန်ကုန်သွယ်မှု တိုးတက်ဆောင်ရွက်နိုင်ရန်အတွက် လည်းကောင်း၊ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း၊ မြန်မာနိုင်ငံမှ ထွက်ရှိသည့် ဆန်၊ ရော်ဘာ၊ အခွံမာသီး၊ သစ်သီးဝလံနှင့် ကော်ဖီတို့ကို တင်ပို့နိုင်ရေးနှင့် ဘယ်လာရုစ်နိုင်ငံမှ ဒိန်ခဲနှင့် ထောပတ် တင်သွင်းနိုင်ရေးကိစ္စရပ်များကို လည်းကောင်း၊ တင်ပို့/တင်သွင်းဆောင်ရွက်နိုင်ရန် နှစ်နိုင်ငံပုဂ္ဂလိက လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များအချင်းချင်း ချိတ်ဆက်ဆောင်ရွက်ပေးရေးနှင့် ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ် ဆောင်ရွက်ရေးကိစ္စရပ်များကို လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

## ဈေးကွက်ရရှိရေး

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ဘယ်လာရုစ်သမ္မတနိုင်ငံ စက်မှုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန် ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရန်အတွက် ပူးတွဲဆောင်ရွက်ရေးဆိုင်ရာ ရည်ရွယ်သည့်စာလွှာ (Memorandum of Intent-MoI)ကို လက်မှတ်ရေးထိုးပြီးဖြစ်ခြင်းကြောင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ အဆိုပါ MoI နှင့် Road map တို့အပေါ် အခြေခံ၍ မြန်မာနိုင်ငံ၏ အလားအလာရှိသည့် စက်မှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို လည်းကောင်း၊ မြန်မာနိုင်ငံတွင် အဓိကလိုအပ်နေသည့် ကင်ဆာရောဂါ ကုသဆေးဝါးများ ထုတ်လုပ်နိုင်ရေးနှင့် ကင်ဆာရောဂါ ကုသဆေးဝါးထုတ်လုပ်မှု နည်းပညာဆိုင်ရာ ကူညီပံ့ပိုးမှုများ၊ လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ သင်ကြားလေ့ကျင့်မှုများ ကိစ္စရပ်များကို လည်းကောင်း၊ မော်တော်ယာဉ် ထုတ်လုပ်ရေးလုပ်ငန်း၊ MSME ဖွံ့ဖြိုးရေးနှင့် နှစ်နိုင်ငံ MSME ထွက်ကုန်များ ဈေးကွက်ရရှိရေး ကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။

ထူးခြားမှုအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ နှစ်နိုင်ငံအကြား သံတမန်ချစ်ကြည်ရင်းနှီးမှု အစွန့်ရှည်တည်တံ့ခိုင်မြဲစေရန် ရည်ရွယ်၍ ဘယ်လာရုစ်သမ္မတနိုင်ငံ၏ မြို့တော် “မင့်စ် မြို့”၏ အမည်အားရာဇသင်္ဂဟလမ်းမကြီးနှင့် ဇမ္ဗူကျက်သရေလမ်းမကြီးကို ဆက်သွယ်ထားသော လမ်း၏အမည်အဖြစ် ဂုဏ်ပြုသတ်မှတ်ပေးခဲ့ခြင်းဖြစ်သည်။ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး၏ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေး ခရီးစဉ်အတွင်း ယခုကဲ့သို့ “မင့်စ်လမ်း”အဖြစ် လမ်းအမည် သတ်မှတ်ခေါ်တွင်စေခဲ့ခြင်းသည် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုအဖြစ်လည်းကောင်း၊ နိုင်ငံအနာဂတ်တွင် ထင်ရှားသည့် နိုင်ငံတကာအထိမ်းအမှတ် လက္ခဏာအဖြစ် လည်းကောင်း ဂုဏ်ယူဖွယ် တွေ့မြင်နိုင်မည်ဖြစ်သည်။

## မိတ်ကောင်းဆွေကောင်း

အချုပ်အားဖြင့်ဆိုပါလျှင် မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ နှစ်နိုင်ငံ၏ သံတမန်ဆက်ဆံရေး ၂၆ နှစ်တာကာလတွင် မြန်မာနိုင်ငံသို့ ပထမဆုံးလာရောက်ခဲ့သည့် ဘယ်လာရုစ်သမ္မတနိုင်ငံမှ နိုင်ငံတော်အကြီးအကဲ၏ တစ်ညတစ်ရက်တာ ခရီးစဉ်သည် အချိန်အားဖြင့် တိုတောင်းလှသော်လည်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အလွန်ကျယ်ပြန့်နက်ရှိုင်းစွာဖြင့် ဆောင်ရွက်နိုင်ခဲ့သည့် ပထမဆုံးသမိုင်းဝင်ခရီးစဉ်အဖြစ် မော်ကွန်းရေးထိုးနိုင်ခဲ့ပြီဖြစ်သည်။ ၂၀၂၅ ခု ယခုနှစ်သည် မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအတွက် အမှတ်တရများစွာရှိခဲ့ပြီး နှစ်နိုင်ငံအကြား သမိုင်းမှတ်တိုင်အသစ်များ စိုက်ထူနိုင်သည့် နှစ်တစ်နှစ်လည်းဖြစ်သည်။ မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုများကို ဘယ်လာရုစ်နိုင်ငံက အသိအမှတ်ပြုသလို ဘယ်လာရုစ်နိုင်ငံက မြန်မာနိုင်ငံအပေါ်ထားရှိသည့် စေတနာများကိုလည်း မြန်မာနိုင်ငံက အသိအမှတ်ပြုကျေးဇူးတင်လျက်ရှိသည်။ မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့သည် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး အချိန်မကြာရှည်သေးသော်လည်း၊ နှစ်နိုင်ငံအနေဝေးသော်လည်း သွေးချင်းနီးသည့် မိတ်ကောင်းဆွေကောင်း နိုင်ငံကောင်းအဖြစ် မြန်မာတို့၏ နှလုံးသားတွင် မှတ်တမ်းတင်ထားမည်ဖြစ်ပါကြောင်း။ ။

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး မုံရွာမြို့ပေါ်တွင် မဲစာရင်းများပြည့်စုံမှန်ကန်စေရေး မြေပြင်ကွင်းဆင်းတိုက်ဆိုင်စစ်ဆေးနေမှု လိုက်လံကြည့်ရှု

**မုံရွာ နိုဝင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် မြို့နယ်



အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မုံရွာမြို့ အောင်ချမ်းသာရပ်ကွက်တွင် မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေးအတွက် မြေပြင်ကွင်းဆင်းတိုက်ဆိုင်စစ်ဆေးနေမှုကို လိုက်လံကြည့်ရှုပြီး ရပ်ကွက်နေပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ ရုံးကြီးရပ်ကွက်တွင် မြေပြင်ကွင်းဆင်း တိုက်ဆိုင်စစ်ဆေးနေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။

ထို့ပြင် ယမန်နေ့ညနေပိုင်းတွင် မုံရွာမြို့ ပြည်သူ့ဥယျာဉ်အတွင်း ကျင်းပပြုလုပ်လျက်ရှိသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းထုတ်ကုန်များ ဈေးရောင်းပွဲတော်သို့ ရောက်ရှိပြီး တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှထွက်ရှိသည့် ဒေသထွက်ကုန်များ၊ အဝတ်အထည်များ၊ လူသုံးကုန်များ၊ စားသောက်ကုန်များ၊ အိမ်သုံးအလှဆင်ပစ္စည်းများ၊ တိုင်းရင်းသားရိုးရာပစ္စည်းများ၊ တိုင်းရင်းဆေးများ၊ မွေးမြူရေးထုတ်ကုန်အရောင်းပြခန်းများနှင့် စားသောက်ဆိုင်ခန်း စုစုပေါင်း ၉၈ ခန်းကျော်ဖြင့် ပြသရောင်းချနေမှုများနှင့် ကလေးကစားကွင်းတို့ကို လိုက်လံကြည့်ရှုပြီး ဈေးရောင်းပွဲတော်သို့လာရောက်ကြသည့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ တက္ကသိုလ်/ဒီဂရီကောလိပ်များမှ ကျောင်းသား ကျောင်းသူများနှင့် မြို့နေပြည်သူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကာ နိုင်ငံကျော်အဆိုတော်များ၏ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုများကို ဈေးရောင်းပွဲတော်သို့လာရောက်ကြသည့် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့်ပြည်သူ တပျော်တပါး အားပေးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ နည်းပညာတက္ကသိုလ်(သန်လျင်)၊ အစိုးရစက်မှုလက်မှုသိပ္ပံ(သန်လျင်)၊ အစိုးရနည်းပညာကောလိပ်(တောင်ဒဂုံ)ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၃၀**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်နှင့်အတူ ယမန်နေ့နံနက်ပိုင်းက နည်းပညာတက္ကသိုလ် (သန်လျင်) သို့ ရောက်ရှိပြီး ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ဌာနမှူးများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် သီလဝါအထူးစီးပွားရေးဇုန်နှင့် ဒေသတွင်း MSME များ ဖွံ့ဖြိုးရေးဆိုင်ရာ နည်းပညာ လိုအပ်ချက်များကို အမှန်တကယ် ပံ့ပိုးပေးနိုင်ရေးအတွက် University-Industry Collaboration မြှင့်တင်ဆောင်ရွက်ရင်း နိုင်ငံ့အကျိုးပြုသုတေသနများဖြင့် ရှင်သန်သက်ဝင်နေစေရေး ကြိုးပမ်းဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။




ယင်းနောက် ဒုတိယဝန်ကြီးသည် ကျောင်းသား ကျောင်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်တပ်တစ်အား အထောက်အကူပြုနိုင်မည့် အင်ဂျင်နီယာအရည်အချင်းများ ပြည့်ဝသည့် လူငယ်ကောင်းများဖြစ်စေရေး ရည်မှန်းဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားကာ သုတ/ရသ စာအုပ်များကို ပေးအပ်ပြီး ရေနံအင်ဂျင်နီယာဌာနတွင် စာသင်ခန်း၊ စာကြည့်တိုက်၊ Seminar ခန်း၊ ကွန်ပျူတာခန်း၊ လက်တွေ့စမ်းသပ်ခန်းများ၊ လက်တွေ့ပစ္စည်းကိရိယာများကို သတ်မှတ် စံနှုန်းများနှင့်အညီ စနစ်တကျ ဖြည့်ဆည်းထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အစိုးရစက်မှုလက်မှုသိပ္ပံ(သန်လျင်)သို့ရောက်ရှိရာ ကျောင်းအုပ်ကြီးက ဒီဇင်ဘာ ၁ ရက်တွင် ဖွင့်လှစ်မည့် ပထမနှစ်သင်တန်းများအတွက် ပြင်ဆင်ထားရှိမှုများ၊ သီလဝါအထူးစီးပွားရေးဇုန်ရှိ လုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ပြင်ပစက်မှုလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်နေမှုများကို အရှိန်အဟုန်မြှင့်တင်ကာ သင်တန်းများကို သတ်မှတ်စံနှုန်းများအတိုင်း စဉ်ဆက်မပြတ် ဖွင့်လှစ်နိုင်ရေး အလေးထားဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားကာ အလုပ်ရုံများသို့သွားရောက်၍ လက်တွေ့ပြိုင်ပွဲများတွင် ကျောင်းသားများ ဆုရရှိသည့် သုတေသနပရောဂျက်များ၊ လက်တွေ့သုံးစက်ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် အစိုးရနည်းပညာကောလိပ်(တောင်ဒဂုံ) သို့ရောက်ရှိပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ကျောင်းအုပ်ကြီးက လက်ရှိဖွင့်လှစ်လျက်ရှိသော လျှပ်စစ်စွမ်းအား၊ မြို့ပြနှင့် စက်မှုအင်ဂျင်နီယာ ဘာသာရပ်များဆိုင်ရာ B.Tech သင်တန်းများ ဖွင့်လှစ်နေမှုအခြေအနေ၊ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် ထပ်မံတိုးချဲ့ဖွင့်လှစ်မည့် သင်တန်းများ၊ ဒေသတွင်း စက်မှုဇုန် ခြောက်ဇုန်တို့မှ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ကနဦး စစ်တမ်းကောက်ယူခြင်းများ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လူငယ်များ၏ အလုပ်အကိုင်အခွင့်အလမ်းကောင်းများကို အမှန်တကယ် ဖော်ဆောင်ပေးနိုင်မည့် ပုံမှန်နှင့် ကာလတိုသင်တန်းများကို ရလဒ်အခြေပြုသင်ကြားရေးစနစ်ဖြင့် ပီပီပြင်ပြင် ဖွင့်လှစ်ဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားပြီး သုတ/ရသ စာအုပ်များကို ပေးအပ်ကာ အလုပ်ရုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အစိုးရနည်းပညာကောလိပ်များတွင် အစိုးရနည်းပညာအထက်တန်းကျောင်း များနှင့် အခြေခံပညာနှင့် စက်မှု-စိုက်ပျိုး-မွေးမြူရေး အထက်တန်းကျောင်းများမှ စက်မှုနည်းပညာဘာသာရပ် ပြီးမြောက်သူများအနက် သတ်မှတ်အဆင့်မီပါက ပထမနှစ်သင်တန်းများသို့ ပေါင်းကူးအနေဖြင့်လည်းကောင်း၊ အစိုးရစက်မှုလက်မှုသိပ္ပံများမှ သင်တန်းပြီးမြောက်သူများအနက် သတ်မှတ်အဆင့်မီပါက တတိယနှစ်သင်တန်းများသို့ ပေါင်းကူးအနေဖြင့်လည်းကောင်း တက်ရောက်ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာနက မန္တလေးတိုင်းဒေသကြီးအတွင်း သန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၃၀**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ မြန်မာနိုင်ငံအလယ်ပိုင်းဒေသ ရေရှားပါးသည့် နေရာများတွင်လည်း စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခဲ့သည့် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် သာယာအေးရပ်ကွက်အတွင်းရှိ ချမ်းမြေ့အောင်စည် ကျောင်းတိုက်နှင့် ရပ်ကွက်နေပြည်သူများ လိုအပ်လျက်ရှိသည့် သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် စက်ရေတွင်း (တွင်းနက်) တူးဖော်ခြင်းနှင့် ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တစ်ခု တည်ဆောက်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။



နယ်စပ်ရေးရာ ဝန်ကြီးဌာန မိတ္ထီလာခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၏ ကြီးကြပ်မှုဖြင့် အဆိုပါ ရေရရှိရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့မှုကြောင့် ချမ်းမြေ့အောင်စည် ကျောင်းတိုက်ရှိ သံဃာတော်များနှင့် ရပ်ကွက်နေပြည်သူလူထုများအနေဖြင့် ယခင်က ပြင်ပမှ သောက်သုံးရေဝယ်ယူအသုံးပြုရသည့် အခက်အခဲများ ဖြစ်ပေါ်ခဲ့ရသော်လည်း ယခုအခါ အချိန်မရွေး သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာ ရရှိအသုံးပြုနိုင်တော့မည်ဖြစ်သည့်အတွက် ဒေသခံပြည်သူများအနေဖြင့် များစွာ ဝမ်းမြောက်ပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## ညအပူချိန်များ အနည်းငယ် လျော့နည်းနေမည်

**နေပြည်တော် နိုဝင်ဘာ ၃၀**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနေမည်။ **မိုး/ဇလ**

# သာယာဝတီခရိုင်အတွက် လက်ဆွဲမျိုးစေ့ချကိရိယာ လွှဲပြောင်းပေးအပ်ပွဲကျင်းပ

ပဲခူး နိုဝင်ဘာ ၃၀

သာယာဝတီခရိုင်အတွက် လက်ဆွဲမျိုးစေ့ချကိရိယာ (Drum Seeder)များ လွှဲပြောင်းပေးအပ်ပွဲကို ယမန်နေ့က သာယာဝတီမြို့ ဆရာစံခန်းမ၌ ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ကျေးလက်နေပြည်သူများသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထားလုပ်ကိုင်နေကြသူများဖြစ်ကြောင်း၊ စိုက်ပျိုးရေးကဏ္ဍဖြင့် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝများ မြင့်တင်ပေးနိုင်ရေးအတွက် စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေးသည် အလွန်အရေးကြီးပြီး လိုအပ်သည့် မျိုး၊ မြေ၊ ရေ၊ နည်း ပြည့်စုံကောင်းမွန်အောင် ဘက်ပေါင်းစုံမှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုအခါ ကျေးလက်ဒေသများတွင် လုပ်သားရှားပါးမှု၊ တစ်ကေစိုက်ပျိုးစရိတ် ကုန်ကျမှုများပြားခြင်းစသည်



တို့ကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန်အတွက် ပဲခူးတိုင်းဒေသကြီးအတွင်းမှ ထုတ်လုပ်သည့် Drum Seeder တစ်လက်လျှင် ငွေကျပ်နှစ်သိန်းနှုန်းဖြင့် ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်းနှင့် စက်မှုလယ်ယာကူးပြောင်းရေးအတွက် နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ထုတ်လုပ်ပေးအပ်ထားသည့် လက်ဆွဲမျိုးစေ့ချကိရိယာများကို လယ်ယာလုပ်ငန်းခွင်တွင် အကျိုးရှိစွာ အသုံးချနိုင်ရေး ကြိုးစားဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌထံ လက်ဆွဲမျိုးစေ့ချကိရိယာ ၁၂၀၀ ကို ပထမအကြိမ်အဖြစ် လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်ပေးမှုအပေါ် ဒေသခံတောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တက်ရောက်လာသည့် တောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောကြားကာ လွှဲပြောင်းပေးအပ်သည့် လက်ဆွဲမျိုးစေ့ချကိရိယာများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

❑ *ကျော်ဖုံးမှ*

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဌာနဆိုင်ရာများမှတာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဘောလုံးအားကစားဝါသနာရှင် ပရိသတ်အင်အားသုံးသောင်းကျော်ကွင်းလုံးပြည့် တစ်ခဲနက်လာရောက်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲတွင် မြန်မာ U–17 အမျိုးသားဘောလုံးအသင်းနှင့် ဆီးရီးယား U–17 အမျိုးသား ဘောလုံးအသင်းတို့သည် ပထမပိုင်း ၄၅ မိနစ်တွင် ဂိုးရရှိရေးအတွက် အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ကြရာ ၉ မိနစ် ၅၂ စက္ကန့်တွင် မြန်မာ U–17 အမျိုးသားဘောလုံးအသင်းမှ ညီညီသန့် ကျောနံပတ်(၁၀) က မြန်မာအသင်းအတွက် ပထမအဖွင့်ဦးဆောင်ဂိုးကို သွင်းယူခဲ့ပြီး ၁၄ မိနစ် ၄၂ စက္ကန့်တွင် ဆီးရီးယား U–17 အမျိုးသားဘောလုံးအသင်းမှ AHMAD ALFARAJ ကျောနံပတ်(၉)က ချေပဂိုးပြန်လည်သွင်းယူခဲ့သည်။ မြန်မာ U–17 အမျိုးသားဘောလုံးအသင်းမှ လင်းရောင် ကျောနံပါတ် (၈) အစား ဝင်းမင်းသန့် ကျောနံပါတ် (၆) အား လူစားလဲလှယ်ကစားခဲ့ပြီး ၃၄ မိနစ် ၀၄ စက္ကန့်တွင် မြန်မာ U–17 အမျိုးသားဘောလုံးအသင်းမှ အန့်ထူးပိုင် ကျောနံပတ်(၇) က ဒုတိယအနိုင်ဂိုးအား ထပ်မံသွင်းယူနိုင်ခဲ့သည်။

ဆက်လက်ပြီး ဒုတိယပိုင်း ၈၅ မိနစ် စက္ကန့် ၄၀ တွင် ဆီးရီးယား U–17 အမျိုးသားဘောလုံးအသင်းမှ ODEY ALFASHTAKI ကျောနံပါတ် (၁၆) က ချေပဂိုးအား ထပ်မံသွင်းယူခဲ့သည်။ မြန်မာ U–17 အမျိုးသားဘောလုံးအသင်းအနေဖြင့် ဂိုးထပ်မံရရှိရေးအတွက် အကြိတ်အနယ် တိုက်စစ်ဆင် ယှဉ်ပြိုင်ကစားခဲ့သော်လည်း ပြိုင်ပွဲပြီးဆုံးချိန်တွင် တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။



၂၀၂၆ ခုနှစ် အာရှဖလားခြေစစ်ပွဲ အောင်မြင်ခဲ့သည့် မြန်မာ U–17 အမျိုးသားဘောလုံးအသင်း အောင်ပွဲခံစဉ်။

အဆိုပါပွဲစဉ်တွင် ပထမပိုင်း၌ ကျောနံပတ် (၃) မြင့်မြတ်ကိုကို၊ ကျောနံပတ်(၄) မျိုးခန့်ကျော်၊ ကျောနံပတ် (၅)အသင်းခေါင်းဆောင် အောင်သီဟ၊ ကျောနံပတ် (၇)အန့်ထူးပိုင်၊ ကျောနံပါတ် (၈) လင်းရောင်၊ ကျောနံပါတ် (၁၀)ညီညီသန့်၊ ကျောနံပါတ် (၁၃)မြတ်မင်းသူ၊ ကျောနံပါတ် (၁၅) ဝင်းဇော်၊ ကျောနံပါတ် (၁၆)ချန်လန်တိန့်၊ ကျောနံပါတ် (၁၈) ထက်ဝေယံ၊ ကျောနံပါတ် (၁၉) ရဲနိုင်အောင် အားကစားသမား ၁၁ ဦးတို့က အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ပြီး ဒုတိယပိုင်း ၄၅ မိနစ်တွင် ကျောနံပတ် (၁၉) ရဲနိုင်အောင်အစား ကျောနံပတ်(၉) ဒီဝေယံက လည်းကောင်း၊ ကျောနံပတ်(၁၆) ချန်လန်တိန့် အစား ကျောနံပတ်(၂) ပိုင်စိုးကျော်က လည်းကောင်း၊ ကျောနံပတ်(၁၀) ညီညီသန့်အစား ကျောနံပတ်(၂၃)ကောင်းခန့်ကလည်းကောင်း လဲလှယ်ယှဉ်ပြိုင်ကစားခဲ့ကြခြင်းဖြစ်သည်။

ယနေ့ပြုလုပ်သည့် ခြေစစ်ပွဲအဆုံးအဖြတ်သည် အာရှဖလားဝင်ခွင့်ဖြင့် ၁၉ နှစ်ကြာ ဝေးကွာခဲ့ရသည့် မြန်မာ U–17 အသင်းအတွက် အာရှဖလားဝင်ခွင့်ကို ပြန်လည်ရယူနိုင်ခဲ့သည့် သမိုင်းဝင်နေ့ရက်တစ်ရက် ဖြစ်ခဲ့သည်။ မြန်မာ U–17 အသင်းသည် အုပ်စုပွဲစဉ်များတွင် အာဖဂန်နစ္စတန်အသင်းကို သုံးဂိုး–တစ်ဂိုး၊ နီပေါအသင်းကို လေးဂိုး – ဂိုးမရှိ၊ အိုမန်အသင်းကို နှစ်ဂိုး– ဂိုးမရှိ၊ ဆီးရီးယားအသင်းကို နှစ်ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်ကာ အုပ်စုတွင်းရမှတ် ၁၀ မှတ်ဖြင့် ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။ ၂၀၂၆ ခုနှစ် အာရှ U–17 ပြိုင်ပွဲကို ၂၀၂၆ ခုနှစ် မေ ၇ ရက်မှ ၂၄ ရက်အထိ ဆော်ဒီအာရေဗျနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



မြန်မာ U–17 အမျိုးသားဘောလုံးအသင်းနှင့် ဆီးရီးယား U–17 အမျိုးသားဘောလုံးအသင်း ယှဉ်ပြိုင်နေမှု ပရိသတ်သုံးသောင်းကျော်ကွင်းလုံးပြည့် တစ်ခဲနက်အားပေးစဉ်။ ဓာတ်ပုံ– စိုးညွန့်သော်

## ပုလောမြို့နယ်၌ မဲစာရင်းမကျန်ရှိစေရေး တစ်အိမ်တက်ဆင်း ကွင်းဆင်းစိစစ်ဆောင်ရွက်

ပုလော နိုဝင်ဘာ ၃၀

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရာ၌ မဲဆန္ဒရှင်ပြည်သူများ မဲစာရင်းကျန်ရှိမှုမရှိစေရေးအတွက် နိုဝင်ဘာ ၂၉ ရက် နံနက်ပိုင်းက ရပ်ကွက်/ကျေးရွာအုပ်စုများ၌ တစ်အိမ်တက်ဆင်း ကွင်းဆင်းစိစစ်ဆောင်ရွက်လျက်ရှိရာ ပုလောမြို့နယ် ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင် အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက နိုဝင်ဘာ ၂၆ ရက်မှ ၃၀ ရက်အထိ ငါးရက်တိုင်တိုင် တစ်အိမ်တက်ဆင်း ကွင်းဆင်းစိစစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ပုလော(ပြန်/ဆက်)**

# EV ဖွံ့ဖြိုးမှုနှင့် အနာဂတ်အလားအလာများ

အောင်ဇေယျဟိန်း

နိုင်ငံတော်တွင် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ရေးအတွက် EV ကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေး ရည်ရွယ်၍ နိုင်ငံတော်က အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီကို ၂၀၂၂ ခုနှစ်မှစတင်၍ ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။ ဆက်လက်၍ ၂၀၂၃ ခုနှစ်၌ EV ကဏ္ဍ ဖွံ့ဖြိုးရေးလမ်းပြမြေပုံကို ၂၀၅၀ ပြည့်နှစ်အထိ စနစ်တကျ ရေးဆွဲချမှတ်ခဲ့ပြီး ဦးဆောင်ကော်မတီ၏မူဝါဒနှင့် လမ်းညွှန်ချက်များအတိုင်း နိုင်ငံတော်တွင် EV ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းကော်မတီငါးခုတို့က ဆက်စပ်ဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ တက်ညီလက်ညီ ပူးပေါင်းကြိုးပမ်း ဆောင်ရွက်လျက်ရှိပါသည်။



### EV တိုးတက်မှု အနာဂတ်အလားအလာများ

ယခုဆောင်းပါး၌ နိုင်ငံတကာရှိ EV ကဏ္ဍ ဖွံ့ဖြိုးရေးမူဝါဒများနှင့် ဆောင်ရွက်မှုအခြေအနေများ၊ ကမ္ဘာ့ EV ဈေးကွက် သိသာစွာတိုးတက်လာမှုကြောင့် လောင်စာဆီသုံး ကားဈေးကွက် ကျဆင်းလာမှုနှင့် အကျိုးဆက်အနေဖြင့် ကမ္ဘာ့စွမ်းအင်ရင်းနှီးမြှုပ်နှံမှုပြောင်းလဲလာမှုများနှင့် EV တိုးတက်မှုအနာဂတ်အလားအလာများကို ရေးသားတင်ပြသွားပါမည်။

### EV ခေတ် ပြန်လည်ရှင်သန်မှု

လျှပ်စစ်သုံးယာဉ် (EV) များ၏ သမိုင်းကြောင်းကို ၁၉ ရာစုအထိ ပြန်လည်ခြေရာကောက်ပါက ၁၈၃၀ ပြည့်နှစ်ဝန်းကျင်တွင် ရိုးရှင်းသော လျှပ်စစ်သုံးလှည်းများ ပေါ်ပေါက်လာခြင်းမှစ၍ ၁၈၈၄ ခုနှစ်တွင် ပထမဆုံးစီးပွားဖြစ် လျှပ်စစ်ကားကို တီထွင်နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ၁၉၀၀ ပြည့်လွန် အစောပိုင်းနှစ်များတွင် EV များသည် ဆူညံသံနည်းပါးခြင်းနှင့် မောင်းနှင်ရလွယ်ကူခြင်းတို့ကြောင့် လူကြိုက်များလာခဲ့သော်လည်း ၁၉၀၈ ခုနှစ်တွင် ဈေးချိုသောဓာတ်ဆီကားများကို အမြောက်အမြား ထုတ်လုပ်လာနိုင်ခြင်း၊ ဓာတ်ဆီဆိုင်များ ကျယ်ပြန့်စွာပေါ်ပေါက်လာခြင်းနှင့် နည်းပညာလိုအပ်ချက်များကြောင့် EV အပေါ် ရေပန်းစားမှု ကျဆင်းသွားခဲ့ရပြန်ပါသည်။ ၁၉၇၀ ပြည့်လွန်၌ ရေနံအကျပ်အတည်းကာလနှင့် ပိုမိုကောင်းမွန်သော EV ဘက်ထရီနည်းပညာများ ဖွံ့ဖြိုးတိုးတက်လာခြင်းတို့ကြောင့် EV သုံးစွဲမှုကို စိတ်ဝင်စားမှု ပြန်လည်မြင့်တက်စေခဲ့ပြီး ၁၉၈၀ ပြည့်လွန်နှင့် ၁၉၉၀ ပြည့်လွန်နှစ်များအတွင်း လီသီယံ-အိုင်းယွန်း ဘက်ထရီများ ပေါ်ပေါက်လာခြင်းနှင့်အတူ နာမည်ကြီး EV ကုမ္ပဏီများဦးဆောင်သည့် EV ခေတ်ကို ပြန်လည်နိုးထရှင်သန်လာစေခဲ့ပါသည်။

ယင်းအပြင် စာရေးသူ၏အမြင်အရ EV ရှင်သန်မှုများကို ပိုမိုအားကောင်းလာစေသည်များမှာ ရာသီဥတုပြောင်းလဲမှုဒဏ်၊ သဘာဝဘေးဒဏ်စသည်တို့ကြောင့် ယိုယွင်းလာသည့် ကမ္ဘာကြီးကို အချိန်မီပြန်လည်ကုစားနိုင်ရေးအတွက် Global Climate Governance ယန္တရားကို အားကောင်းဖွံ့ဖြိုးလာစေရေးနှင့် ကမ္ဘာ့ပန်းတိုင်အဖြစ် ၂၀၅၀ ပြည့်နှစ်တွင် ကာဗွန်ထုတ်လွှတ်မှုကို သုညအထိ ကင်းစင်ရေးတို့ကို နိုင်ငံတကာတွင် တွန်းအားပေး ဆောင်ရွက်လာကြပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍတို့တွင် ကာဗွန်ထုတ်လွှတ်မှုလျှော့ချဖြတ်တောက်နိုင်ရေး လမ်းပြမြေပုံများ၊ မဟာဗျူဟာများနှင့် ကာဗွန်အခွန်စည်းကြပ်မှုများနှင့်အတူ EV သုံးစွဲမှုကို အားပေးပံ့ပိုးသည့်မူဝါဒများနှင့် လုပ်ငန်းစဉ်များ ချမှတ်ကာ ကြိုးပမ်းဆောင်ရွက်လာကြခြင်းများကြောင့် ဖြစ်ပါသည်။

“ကမ္ဘာတစ်ဝန်း EV သုံးစွဲမှုများ သိသာစွာဖွံ့ဖြိုးလာမှုများကြောင့် လျှပ်စစ်စွမ်းအင်များကိုသာ အားပြုသုံးစွဲလာမှုများ မြင့်တက်လာခြင်းသည် လောင်စာဆီသုံးကားများ ခေတ်စားမှု အဆုံးသတ်ခါနီးပြီဖြစ်ပြီး ရုပ်ကြွင်းလောင်စာ ရင်းနှီးမြှုပ်နှံမှုများဆိုင်ရာ အကျိုးအမြတ်များမှာ စိုးရိမ်ဖွယ်ရာအခြေအနေနှင့် ရင်ဆိုင်နေရ”

### EV ဖွံ့ဖြိုးရေး မူဝါဒများ

အချို့သောနိုင်ငံများတွင် ချမှတ်ဆောင်ရွက်လျက်ရှိသော EV မူဝါဒများကို အကျဉ်းမျှ တင်ပြပါမည်။ အရှေ့တောင်အာရှဒေသသည် EV ထုတ်လုပ်မှုဗဟိုချက်မ ဖြစ်လာလိမ့်မည်ဟု ပညာရှင်အချို့၏ ခန့်မှန်းချက်များလည်းရှိနေရာ အာဆီယံနိုင်ငံများ၏ EV မူဝါဒများကို ဦးစွာတင်ပြပါမည်။ အိမ်နီးချင်း ထိုင်းနိုင်ငံ၌ EV 3.5 မူဝါဒနှင့် ၂၀၃၀ ပြည့်နှစ်တွင် Zero Emission Vehicles (ZEV) ၃၀ ရာခိုင်နှုန်း ထုတ်လုပ်ရေးရည်မှန်းချက်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး အရှေ့တောင်အာရှ၏ EV ကူးပြောင်းရေးကို ဦးဆောင်လျက်ရှိပါသည်။ အလားတူ ဘရူနိုင်းနိုင်ငံတွင်လည်း အမျိုးသားရာသီဥတု ပြောင်းလဲမှုလျှော့ချရေးမူဝါဒအရ ၂၀၃၅ ခုနှစ်တွင် ယာဉ်များအားလုံး ရောင်းရမှု၏ ၆၅ ရာခိုင်နှုန်းကို EV များသာ ဖြစ်စေရေးအတွက် ဈေးနှုန်းထိန်းချုပ်ကွပ်ကဲမှုနှင့် အားသွင်းရုံများ တိုးချဲ့မှုတို့အပြင် အခြားမက်လုံးပေးသည့် အားပေးပံ့ပိုးမှုဆိုင်ရာမူဝါဒများ ချမှတ်ကာ ဆောင်ရွက်လျက် ရှိပါသည်။

ထို့အတူ အင်ဒိုနီးရှားနိုင်ငံတွင် ၂၀၃၀ ပြည့်နှစ်၌ EV နှစ်သန်းအထိရှိလာရေး ဆောင်ရွက်နေပြီး ၂၀၄၀ ပြည့်နှစ်တွင် EV သည် ယာဉ်များအားလုံး ထုတ်လုပ်မှု၏ ၂၀ ရာခိုင်နှုန်း ဖြစ်စေရေးမှသည် ၂၀၆၀ ပြည့်နှစ်တွင် ကာဗွန်ထုတ်လုပ်မှု သုညအဆင့်ရောက်ရှိရန် ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ အရှေ့တောင်အာရှဒေသ၏ ပထမဆုံးနှင့် အကြီးဆုံး EV ဘက်ထရီစက်ရုံကို အနောက်ဂျားဗားပြည်နယ် ကာယာဝမ်မြို့တွင် ၂၀၂၄ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့က ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရှိရပါသည်။ အလားတူ ဖိလစ်ပိုင်နိုင်ငံတွင်လည်း သန့်ရှင်းစွမ်းအင်စီမံကိန်းအရ ၂၀၄၀ ပြည့်နှစ်တွင် EV သုံးစွဲမှု ၁၀ ရာခိုင်နှုန်းသို့ရောက်ရှိရေး ရည်မှန်းချက် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း လေ့လာသိရှိရပါသည်။

ဆက်လက်၍ အာရှနိုင်ငံများရှိ EV ဖွံ့ဖြိုးမှုများကို လေ့လာကြည့်ပါမည်။ တရုတ်နိုင်ငံသည် ၂၀၄၀ ပြည့်နှစ်တွင် ယာဉ်များမှ ကာဗွန် ၆၀ ရာခိုင်နှုန်းကျော် လျှော့ချနိုင်ရေးလမ်းပြမြေပုံအရ ကားလုပ်ငန်းတွင် EV ၈၀ ရာခိုင်နှုန်းကျော် ချဲ့ထွင်ရန်နှင့် Level 4 (အဆင့်မြင့်အလိုအလျောက်စနစ်) မောင်းသူမဲ့ကား စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်လျက်ရှိပြီး တရုတ်မော်တော်ကားလုပ်ငန်း အင်ဂျင်နီယာအသင်း (CASE) သည် ယခုနှစ် အောက်တိုဘာလ ၂၂ ရက်နေ့တွင် စွမ်းအင်ချွေတာရေးနှင့် စွမ်းအင်အသစ် မော်တော်ကား နည်းပညာလမ်းပြမြေပုံ ၃.၀ (Energy–Saving and New Energy Vehicle Technology Roadmap 3.0) ကို ထုတ်ပြန်ကြေညာကာ ယင်းနှင့်အတူ နိုင်ငံ၏ မော်တော်ကားလုပ်ငန်းကို ရည်မှန်းချက်ကြီးမားသော အနာဂတ်ခရီးပန်းတိုင်သို့ ခေါ်ဆောင်သွားရန် ဦးတည်လျက်ရှိပါသည်။

ထို့အပြင် ဆော်ဒီအာရေဗျနိုင်ငံတွင် ရေနံ (လောင်စာဆီ) ပေါ်ကြွယ်ဝသော်လည်း EV များ ရေပန်းစားလာပြီး ၂၀၂၅ ခုနှစ်မှစတင်၍ နှစ်စဉ် EV အစီးရေ သုံးသိန်းခန့်ကို ထုတ်လုပ်ရန် ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၃၀ ပြည့်နှစ်ခန့်တွင် EV အားသွင်းရုံ (Charging Station) ၅၀၀၀ ခန့်ကို တစ်နိုင်ငံလုံး၌ တည်ဆောက်ရန် ကြိုးပမ်းလျက်ရှိပါသည်။ အလားတူ ပါကစ္စတန်နိုင်ငံတွင်လည်း ၂၀၃၀ ပြည့်နှစ်အရောက်တွင် နိုင်ငံအတွင်း ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို ၅၀ ရာခိုင်နှုန်းအထိ လျှော့ချရန် မူဝါဒချမှတ် ဆောင်ရွက်လျက်ရှိရာ ယင်းနှစ်အရောက်တွင် နိုင်ငံအတွင်း လက်ရှိသုံးစွဲနေသည့် ရုပ်ကြွင်းလောင်စာသုံးယာဉ်များ၏ ၃၀ ရာခိုင်နှုန်းကို EV များအဖြစ် ပြောင်းလဲသုံးစွဲနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း လေ့လာသိရှိရပါသည်။

ထို့အတူ ဗြိတိန်နိုင်ငံတွင်လည်း ၂၀၃၀ ပြည့်နှစ်၌ ကားအသစ် ၈၀ ရာခိုင်နှုန်းနှင့် Van အသစ် ၇၀ ရာခိုင်နှုန်းတို့ကို မီးခိုးထုတ်လွှတ်မှုကင်းမဲ့သော ယာဉ်များဖြစ်စေရန် ဥပဒေပြဋ္ဌာန်းထားပြီး ၂၀၃၅ ခုနှစ်အရောက်တွင် ၁၀၀ ရာခိုင်နှုန်းပြည့်မီရန် သတ်မှတ်ထားကြောင်း သိရှိရပါသည်။ ထို့အပြင် ဩစတြေးလျနိုင်ငံရှိ စုစုပေါင်း မီးခိုးထုတ်လွှတ်မှု၏ ၂၂ ရာခိုင်နှုန်းမှာ သယ်ယူပို့ဆောင်ရေးကဏ္ဍမှဖြစ်ရာ ပန်းတိုင်သစ်အရ ၂၀၃၅ ခုနှစ်တွင် ယာဉ်များမှ မီးခိုးထုတ်လွှတ်မှုကို ၆၂ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းပမာဏအထိ လျှော့ချရန်အတွက် လောင်စာဆီသုံးယာဉ်များမှ EV များသို့ အမြန်အသွင် ကူးပြောင်းရန်လိုအပ်ရာ EV ကောင်စီသည် ၂၀၃၅ ခုနှစ်တွင် ဓာတ်ဆီနှင့် ဒီဇယ်ကားအသစ်များ ရောင်းချခြင်းကို အဆုံးသတ်ရန် ၂၀၂၅ ခုနှစ် စတုတ္ထပတ်အတွင်းကပင် တောင်းဆိုခဲ့ကြောင်း သိရပါသည်။


### ကမ္ဘာ့ EV ဈေးကွက်တိုးတက်လာမှုအရွေ့များ

အထက်ဖော်ပြပါ EV ဖွံ့ဖြိုးရေးမူဝါဒများကို ချမှတ်ဆောင်ရွက်မှုများအပြင် ကမ္ဘာ့ရုပ်ကြွင်းလောင်စာများ လျော့နည်းရှားပါးလာမှု၊ စက်သုံးဆီဈေးနှုန်းများ မြင့်တက်လာမှု၊ EV သုံးစွဲမှုမှ ရရှိသည့် အကျိုးကျေးဇူးများကို ကမ္ဘာ့လူထုက သိရှိလာမှုများကြောင့် ခေတ်ပြောင်းလဲမှု အစပျိုးကာလတွင် တွေ့ကြုံလေ့ရှိသော အခက်အခဲများ၊ နည်းပညာနှင့် ဘဏ္ဍာရေးဆိုင်ရာ ယှဉ်ပြိုင်မှုဖိအားများ ပြင်းထန်စွာ ဖြစ်ပေါ်နေသည့်ကြားမှ EV သုံးစွဲမှုများသည် တစ်ရှိန်ထိုးမြင့်တက်လာသည်ကို အရိပ်အယောင်သဘောမျှမဟုတ်ဘဲ EV ကုမ္ပဏီကြီးများ၏ ထင်ရှားသောသတင်းများ၊ ကြီးမားသော ကိန်းဂဏန်းများနှင့် သိသာသော အချက်အလက်များဖြင့် တွေ့ရှိလာရပြီး ကမ္ဘာ့ကားဈေးကွက်သည် ၂၁ ရာစုနှစ်အတွင်း အလျင်မြန်ဆုံးပြောင်းလဲမှုကို ကြုံတွေ့နေရပါသည်။

ယခင်က လောင်စာဆီသုံးကားများသာ လုံးဝဥဿုံကြီးစိုးခဲ့သည့် ကမ္ဘာ့ကားဈေးကွက်ချိန်ခွင်လျှာသည် ယခုအခါ EV များ ဘက်သို့ လျင်မြန်စွာ ယိမ်းညွတ်လျက်ရှိပါသည်။ ၂၀၂၄ ခုနှစ်အတွင်း ကမ္ဘာ့ကားဈေးကွက်တွင် EV ၁၇ ဒသမ ၁ သန်းအထိ စံချိန်တင်ရောင်းချနိုင်ခဲ့ပြီး တရုတ်တစ်နိုင်ငံတည်းမှ ကားအစီးရေ ၁၁ သန်းအထိ ရောင်းချနိုင်ခဲ့ပါသည်။

၂၀၂၄ ခုနှစ်အတွင်း ကမ္ဘာ့ကားလောကရှိ နာမည်ကြီးလောင်စာဆီသုံးကား ထုတ်လုပ်သည့် ကုမ္ပဏီများသည်လည်း အချိန်ကာလတစ်ခုအထိ လောင်စာဆီသုံးကား ထုတ်လုပ်ရေးကိုသာ တစိုက်မတ်မတ် ဖက်တွယ်လျက် အင်ဂျင်စွမ်းရည်မြှင့်တင်နိုင်ရေးနှင့် စာမျက်နှာ ၁၃ သို့

၂၀၁၉ ခုနှစ်နှင့် ၂၀၂၅ ခုနှစ် (ပထမသုံးလပတ်) အတွင်း ကမ္ဘာ့ကားဈေးကွက် နှိုင်းယှဉ်မှု။




ပုံ ၁၊ ကမ္ဘာ့ကားဈေးကွက်အတွင်း EV ရောင်းချရမှုတိုးတက်လာပုံ။

*စာမျက်နှာ ၁၂ မှ*

ဆူညံသံနှင့်တုန်ခါမှုလျှော့ချနိုင်ရေး ဆန်းသစ်တီထွင်မှုများအပေါ် အားပြုလျက် ရပ်တည်နိုင်ခဲ့ကြသော်လည်း နောက်ပိုင်းတွင် EV ထုတ်လုပ်မှုများကိုပါ တွဲဖက်ဆောင်ရွက်လာကြပြီဖြစ်သည်။

ကမ္ဘာတစ်ဝန်းရှိ ကားသုံးစွဲသူများသည် EV သုံးစွဲမှုအရွေ့များဆီသို့ မည်မျှ မြန်မြန်ဆန်ဆန် ပြောင်းလဲလျက်ရှိကြောင်းကို ပုံ ၁ တွင် သိသာစွာ တွေ့မြင်နိုင်ပါသည်။ ၂၀၁၉ ခုနှစ်၌ ကမ္ဘာ့ကားဈေးကွက်တွင် EV ရောင်းချရမှုမှာ ၉ ရာခိုင်နှုန်းသာ ရှိခဲ့သော်လည်း ၂၀၂၅ ခုနှစ် ပထမသုံးလပတ်၌ EV များ (ဘက်ထရီလျှပ်စစ်ကား BEV၊ ပလပ်ထိုးအားသွင်းနိုင်ပြီး လောင်စာဆီနှင့် လျှပ်စစ်တွဲဖက်သုံးဟိုက်ဘရစ်ကားဖြစ်သော Plug-in Hybrid Electric Vehicle - PHEV နှင့် ရိုးရိုးဟိုက်ဘရစ် HEV)စုစုပေါင်းရောင်းချမှုသည် ကမ္ဘာ့ကားဈေးကွက်အတွင်း ၄၃ ရာခိုင်နှုန်းအထိ ရောက်ရှိလာခဲ့ပါသည်။

## လောင်စာဆီသုံး ကားခေတ်ကုန်တော့မလား

ပုံ ၁ တွင် တွေ့မြင်ရသည့်အတိုင်း ၂၀၁၉ ခုနှစ်၌ လောင်စာဆီသုံးကားများသည် ကမ္ဘာ့ကားအသစ်ရောင်းချမှုဈေးကွက်ရှယ်ယာ၏ ၉၀ ရာခိုင်နှုန်းကျော်ကို ကိုယ်စားပြုခဲ့သော်လည်း ၂၀၂၅ ခုနှစ်၌ ယင်းရှယ်ယာမှ ၅၆ ဒသမ ၇ ရာခိုင်နှုန်းသို့ ထိုးဆင်းသွားခဲ့ရသည်။ ဤမျှပြင်းထန်သော လောင်စာဆီသုံးကားများ၏ ရှယ်ယာကျဆင်းရခြင်းသည် ကားသုံးစွဲသူများအကြား နည်းပညာမြင့် EV များ သုံးစွဲရန် စိတ်ဝင်စားလာပြီး EV သုံးစွဲသည့်အလေ့အထ ရေပန်းစားလာမှုများ၊ ကားအိပ်ဇောများမှ ထုတ်လွှတ်သည့် ကာဗွန်များကို လျှော့ချနိုင်ရေးအတွက် စည်းကမ်းချက်များ တင်းကျပ်လာခြင်း၊ သက်ဆိုင်ရာ နိုင်ငံအလိုက် EV လမ်းပြမြေပုံများအတိုင်း လောင်စာဆီသုံးကားများသုံးစွဲမှုကို မဟာဗျူဟာကျကျ လျှော့ချနိုင်ရေးအတွက် မူဝါဒ၊ ညွှန်ကြားချက်များ၊ လုပ်ငန်းစဉ်များဖြင့် တွန်းအားပေးလျက် လိုက်နာဆောင်ရွက်စေခြင်းနှင့် ကမ္ဘာ့အနာဂတ်ကောင်းများကို ဖန်တီးနိုင်ရေးအတွက် ရုပ်ကြွင်းလောင်စာများအစား ပိုမိုသန့်ရှင်းသော လောင်စာများကို နှစ်ခြိုက်စွာ အစားထိုးရွေးချယ်လာမှုများကို သိသာစွာ ရောင်ပြန်ဟပ်နေသည်။


## HEV များ၏ ကြားခံ အလယ်အလတ် အခန်းကဏ္ဍ

စာရေးသူတွေ့ရှိရသလောက် တင်ပြရပါလျှင် လက်ရှိကမ္ဘာ့ EV ခေါင်းကြီးပိုင်းသတင်းများတွင် လျှပ်စစ်စွမ်းအင်ကို ရာနှုန်းပြည့်အသုံးပြုသည့် ဘက်ထရီလျှပ်စစ်ကား BEV များက အဓိကနေရာယူထားသော်လည်း HEV များသည် လောင်စာဆီသုံးယာဉ် (Internal Combustion Engine - ICE) ခေတ်မှ EV ခေတ်သို့ ကူးပြောင်းမှု အခင်းအကျင်းတွင် ကဏ္ဍတစ်ခုအနေဖြင့် ပါဝင်နေကြောင်း တွေ့ရှိရသည်။ ၂၀၁၉ ခုနှစ်က ကမ္ဘာတစ်ဝန်း ကားရောင်းချရမှု၏ ၆ ရာခိုင်နှုန်းသာရှိခဲ့သော HEV များသည် ၂၀၂၅ ခုနှစ်တွင် ၂၁ ရာခိုင်နှုန်းသို့ သိသိသာသာ မြင့်တက်လာကြောင်း ပုံ ၁ ရှိ အချက်အလက်များအရ တွက်ချက်တွေ့ရှိရပါသည်။ ခရီးဝေးများကို သွားလာသူများအတွက် လျှပ်စစ်အားသွင်းရန် အခက်အခဲရှိပါက HEV များသည် စွမ်းအင်ကုန်ခန်းမှုကို ပူပန်စရာမလိုသည့်အတွက် အလယ်အလတ် ရွေးချယ်မှုတစ်ခုဖြစ်စေကာ ရင်းနှီးကျွမ်းဝင်ပြီးဖြစ်သော လောင်စာဆီသုံးမောင်းနှင်နိုင်သည့် အကွာအဝေးနှင့် တစ်စိတ်တစ်ပိုင်း လျှပ်စစ်စွမ်းအင်သုံးစွဲမှုမှ ရရှိသည့်အကျိုးကျေးဇူးများကို ပေါင်းစပ်သုံးစွဲနိုင်ပါသည်။

## ရုပ်ကြွင်းလောင်စာများအပေါ် ရင်းနှီးမြှုပ်နှံမှု လျော့ကျလာခြင်း

ကမ္ဘာ့ကားဈေးကွက်တွင် EV ရောင်းချရမှု ရာခိုင်နှုန်းတစ်ရှိန်ထိုး မြင့်တက်လာမှုသည် ကမ္ဘာ့စွမ်းအင်ရင်းနှီးမြှုပ်နှံမှုကိုပါ ပြောင်းလဲသက်ရောက်စေပြီး အဆိုပါရင်းနှီးမြှုပ်နှံမှုများသည် လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း ကြီးမားစွာ ပြောင်းလဲခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ ကမ္ဘာ့ရေရှည်ဖွံ့ဖြိုးမှုများအတွက် နိုင်ငံတကာတွင် ပိုမိုသန့်ရှင်းသောစွမ်းအင်သစ်များကို သုံးစွဲမှုခေတ်ဆီ ကူးပြောင်းနေချိန်၌ စွမ်းအင်ရင်းနှီးမြှုပ်နှံမှု ရေစီးကြောင်းများသည် မကုန်ခန်းနိုင်ဘဲ သဘာဝအလျောက် စဉ်ဆက်မပြတ် ပြန်လည်ပြည့်ဖြိုးမြဲဖြစ်သော စွမ်းအင်ရင်းမြစ်များမှ လျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲခြင်း၊ လျှပ်စစ်စွမ်းအင်ဆိုင်ရာစွမ်းရည်များ မြှင့်တင်ခြင်းနှင့် ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်းတို့ကို ပံ့ပိုးပေးနိုင်သည့် နည်းပညာသစ်များဆီသို့ ကူးပြောင်းစီးဆင်းလျက်ရှိသည်။ ဤအလေ့အထကို နေရောင်ခြည်သုံးစွမ်းအင်နှင့် လေစွမ်းအင်ဆိုင်ရာနည်းပညာများအတွက် စီမံကိန်းကုန်ကျစရိတ်များ အရှိန်အဟုန်ဖြင့် ကျဆင်းလာမှုက ပိုမိုအားဖြည့်ပေးလျက်ရှိနေကြောင်း လေ့လာတွေ့ရှိရပါသည်။

ဖော်ပြပါ ပုံ ၂ တွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်၊ ရေနံနှင့် နျူကလီးယားစသော စွမ်းအင်အမျိုးအစားအလိုက် ၂၀၁၅ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တို့အတွက် ရင်းနှီးမြှုပ်နှံမှုပမာဏများ ၁၀ နှစ်တာအတွင်း ပြောင်းလဲလာပုံကို နှိုင်းယှဉ်တင်ပြထားပါသည်။ (မှတ်ချက်။ ငွေကြေးပမာဏများကို ၂၀၂၄ ခုနှစ် အမေရိကန်ဒေါ်လာဖြင့် ထည့်သွင်းတွက်ချက်ထားခြင်းဖြစ်ပါသည်။)




**ပုံ ၂၊ ၁၀ နှစ်တာအတွင်း စွမ်းအင်ရင်းနှီးမြှုပ်နှံမှုများ ပြောင်းလဲလာပုံ။**

၂၀၁၅ ခုနှစ်က ရေနံသည် ကမ္ဘာ့စွမ်းအင်ရင်းနှီးမြှုပ်နှံမှုတွင် ဒေါ်လာ ၈၁၈ ဘီလီယံရှိကာ ပုံ ၂ တွင် အမြင့်ဆုံးအဖြစ် တွေ့မြင်ရမည်ဖြစ်ပါသည်။ သို့သော် ၂၀၂၅ ခုနှစ်တွင် ထိုပမာဏမှ ဒေါ်လာ ၅၄၃ ဘီလီယံသို့ သိသာစွာကျဆင်းသွားရပြီး ကျန်စွမ်းအင်များနှင့် မတိမ်းမယိမ်းအနေအထားသို့ ရောက်ရှိသွားပါသည်။ ထိုသို့ ၁၀ နှစ်အတွင်း ရေနံကဏ္ဍ ရင်းနှီးမြှုပ်နှံမှု ၂၇၅ ဘီလီယံ ကျဆင်းနေသည့်အချိန်အတွင်း ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သည် ဒေါ်လာ ၃၇၄ ဘီလီယံမှ ဒေါ်လာ ၇၈၀ ဘီလီယံသို့ ခုန်ပျံမြင့်တက်လာကာ ၄၀၆ ဘီလီယံဖြင့် ပြောင်းလဲမှု ၁၀၉ ရာခိုင်နှုန်းဖြင့် ၂၀၂၅ ခုနှစ်တွင် ရင်းနှီးမြှုပ်နှံမှုအများဆုံးစွမ်းအင် ဖြစ်လာပါသည်။ ယင်းမြင့်တက်မှုသည် ရုပ်ကြွင်းလောင်စာများမှ စဉ်ဆက်မပြတ် ပြန်လည်ပြည့်ဖြိုးမြဲဖြစ်သော စွမ်းအင်များဆီသို့ ကမ္ဘာ့နိုင်ငံများ၏ ကူးပြောင်းသုံးစွဲလာမှု အရှိန်မြင့်တက်လာခြင်းကို ထင်ဟပ်ပြလျက်ရှိသည်။ ဆန့်ကျင်ဘက်အနေဖြင့် ရုပ်ကြွင်းလောင်စာများဖြစ်ကြသည့် ရေနံနှင့်သဘာဝဓာတ်ငွေ့တို့သည် သိသိသာသာကျဆင်းမှုများ ကြုံတွေ့နေရပြီး ဆယ်စုနှစ်အတွင်း ၃၄ ရာခိုင်နှုန်းနှင့် ၁၉ ရာခိုင်နှုန်း အသီးသီး ကျဆင်းခဲ့ရသည်။ သို့ရာတွင် ကျောက်မီးသွေးစွမ်းအင်ရင်းနှီးမြှုပ်နှံမှုသည် ၁၃ ရာခိုင်နှုန်း မြင့်တက်လာပါသည်။ အလားတူပင် နျူကလီးယား ရင်းနှီးမြှုပ်နှံမှုသည် ၆၄ ရာခိုင်နှုန်း မြင့်တက်လာသည်ကို တွေ့မြင်ရပါသည်။ အဆိုပါ မြင့်တက်လာမှုများမှာ စဉ်ဆက်မပြတ်တည်ငြိမ်သော လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုလိုအပ်ချက် မြင့်မားလာမှုများကို ထင်ဟပ်ဖော်ညွှန်းနေပြီး AI သုံး ဒေတာစင်တာများနှင့် EV များအတွက် လျှပ်စစ်ဓာတ်အား သွယ်တန်းစနစ်များ ၂၀၂၅ ခုနှစ်တွင် ဒေါ်လာ ၃၄၄ ဘီလီယံအထိ ၁၃၁ ရာခိုင်နှုန်း သိသာစွာ မြင့်တက်လာမှုနှင့်လည်း သက်ဆိုင်နေပါသည်။

ကာဗွန်ထုတ်လွှတ်မှုနည်းသော လောင်စာဆီသုံးကားများ၏ ရင်းနှီးမြှုပ်နှံမှု ခုန်တက်မှုသည်လည်း ထင်ရှားကာ ၂၀၁၅ ခုနှစ်က ဒေါ်လာ ၆ ဘီလီယံမှ ၂၀၂၅ ခုနှစ်တွင် ဒေါ်လာ ၂၈ ဘီလီယံသို့ ရောက်ရှိလာပါသည်။ ဤအမျိုးအစားများသည် ပမာဏအားဖြင့် သေးငယ်သော်လည်း ကမ္ဘာ့အနာဂတ်စွမ်းအင်စနစ်များ၏ ကာဗွန်လျှော့ချရေး ဦးတည်ရာလားရာကို ဖော်ညွှန်းနေပါသည်။

လောင်စာဆီသုံးကားရောင်းအားနှင့် လောင်စာဆီဝယ်လိုအားတို့သည် ၎င်းတို့၏ အထွတ်အထိပ်သို့ လွန်ခဲ့သောနှစ်များအတွင်း ရောက်ရှိခဲ့ပြီးဖြစ်ကာ ၂၀၃၀ ပြည့်နှစ်မတိုင်မီကာလ၌ လွန်စွာကျဆင်းသွားနိုင်မည်ဟု ခန့်မှန်းတွက်ချက်မှုများအရ လေ့လာသိရှိရပါသည်။ ကမ္ဘာတစ်ဝန်း EV သုံးစွဲမှုများ သိသာစွာ ဖွံ့ဖြိုးလာမှုများကြောင့် လျှပ်စစ်စွမ်းအင်များကိုသာ အားပြုသုံးစွဲလာမှုများ မြင့်တက်လာခြင်းသည် လောင်စာဆီသုံးကားများ ခေတ်စားမှု အဆုံးသတ်ခါနီးပြီဖြစ်ပြီး ရုပ်ကြွင်းလောင်စာ ရင်းနှီးမြှုပ်နှံမှုများဆိုင်ရာ အကျိုးအမြတ်များမှာ စိုးရိမ်ဖွယ်ရာအခြေအနေနှင့် ရင်ဆိုင်နေရကြောင်း သုံးသပ်တွေ့ရှိရပါသည်။ ။

*(ဆက်လက်ဖော်ပြပါမည်)*

# သမဝါယမအသင်းစုပိုင် ဘက်စုံစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၃၀**

နေပြည်တော် ပျဉ်းမနားမြို့နယ် သူဌေးကုန်းကျေးရွာ၌ ဆောင်ရွက်လျက်ရှိသည့် သမဝါယမအသင်းစုပိုင် ဘက်စုံစိုက်ပျိုး မွေးမြူရေးခြံသို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ပြည့်စိုးနှင့် တာဝန်ရှိသူများသည် ဘက်စုံခြံအတွင်း အစာတောင့်စက်ရုံ တည်ဆောက်နေမှု အခြေအနေများနှင့် ရာသီသီးနှံများ စိုက်ပျိုးရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ယနေ့ ကြည့်ရှုစစ်ဆေးကြသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရာတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်က သတ်မှတ်စံချိန်၊ စံညွှန်းနှင့်အညီ အမြန်ဆုံးဆောင်ရွက်ပြီးစီးရေး အလေးထားဆောင်ရွက်သွားရန်နှင့် ဆောင်းသီးနှံ မတ်ပဲ ၁၈ ဧက၊ ရွှေမျှင်ပြောင်း ငါးဧက၊ ပန်းဂေါ်ဖီ တစ်ဧကတို့အား ရာသီအချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်၊ အသားတိုးကြက် အကောင် ၄၀၀၀ ဆံ့ ခြံအသစ် ပြန်လည်တည်ဆောက်နေမှုတွင် အစာခွက်၊ ရေခွက်များ ပြင်ဆင်ထားမှုများကို ကြည့်ရှုစစ်ဆေးပြီး ကြက်ပေါက်များ အမြန်ဆုံး ထည့်သွင်းမွေးမြူနိုင်ရေး သက်ဆိုင်ရာ ကုမ္ပဏီနှင့်ချိတ်ဆက်၍ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ညောင်ရွှေမြို့နယ်၌ မဲဆန္ဒရှင်အမည်စာရင်း ပြည့်စုံမှန်ကန်စေရေး တစ်အိမ်တက်ဆင်း ကွင်းဆင်းဆောင်ရွက်

**ညောင်ရွှေ နိုဝင်ဘာ ၃၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်အမည်စာရင်းများ ဒုတိယအကြိမ် ကပ်ထားကြေညာပေးလျက်ရှိရာ ပြည်သူများ လာရောက်ကြည့်ရှုမှုအပြင် မဲစာရင်းပါရှိမှု ရှိ မရှိ သိရှိနိုင်ရန်အတွက် ရပ်ကွက်နှင့်ကျေးရွာအုပ်စုများတွင် တစ်အိမ်တက်ဆင်း ကွင်းဆင်းကောက်ယူရေး အဖွဲ့များက တိုက်ဆိုင်စစ်ဆေး ကောက်ယူဆောင်ရွက်လျက်ရှိသည်။



ညောင်ရွှေမြို့နယ်၌ မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေးအတွက် အိမ်တိုင်ရာရောက် စစ်ဆေးဆောင်ရွက်လျက်ရှိရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စွာလင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဖွဲ့ဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများ ပါဝင်သော ကွင်းဆင်းကောက်ယူရေးအဖွဲ့ ၂၆ ဖွဲ့ဖြင့် ရပ်ကွက် ၁၂ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၄ အုပ်စုအတွင်း နေထိုင်သည့် အိမ်ထောင်စုအလိုက် မဲစာရင်း ပါ မပါ တိုက်ဆိုင်စစ်ဆေးခြင်း၊ မဲစာရင်း၌ အမည်မပါဝင်ပါက ထည့်သွင်းခြင်း၊ မဲစာရင်းပါ အချက်အလက် ပြင်ဆင်ရန်ရှိပါက ပြင်ဆင်ခြင်းတို့ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## လယ်ဝေးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ၌ မဲစာရင်းများမှန်ကန်စေရေးအတွက် မြေပြင်ကွင်းဆင်းစစ်ဆေး

**လယ်ဝေး နိုဝင်ဘာ ၃၀**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ်၌ အထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တစ်အိမ်တက်ဆင်း မဲစာရင်းတိုက်ဆိုင်စစ်ဆေးခြင်းများကို နိုဝင်ဘာ ၂၆ ရက်မှ စတင်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၃၀ ရက်တွင် အမှတ်(၁)၊အမှတ်(၂)၊အမှတ်(၃) ရပ်ကွက်တို့၌ ဆောင်ရွက်နေမှုများကို



နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သူရနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။ (ဝဲပုံ)

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မဲစာရင်းများ မှန်ကန်စေရေး၊ မဲစာရင်း၌ပါဝင်သင့်သူများ မကျန်ရှိစေရေး၊ အချက်အလက်များ ပြည့်စုံမှန်ကန်စေရေးအတွက် ရပ်ကွက်၊ ကျေးရွာများတွင် တစ်အိမ်တက်ဆင်း မဲစာရင်းတိုက်ဆိုင်စစ်ဆေးခြင်းကို ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲဝင်များ၊ မြေပြင်ကွင်းဆင်းကောက်ယူရေးအဖွဲ့များက ဆောင်ရွက်လျက်ရှိပြီး နေပြည်တော်ကောင်စီဝင်က လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

မြို့နယ်(ပြန်/ဆက်)



အောင်မြေသာစံမြို့နယ်၌ မီးလောင်မီးလန့်မှုများ မဖြစ်ပွားစေရေးအတွက် ခရိုင်မီးသတ်ဦးစီးမှူး ဦးမင်းမင်းစိုး၊ မန္တလေးမြို့ပေါ်ရှိ မြို့နယ်မီးသတ်ဦးစီးမှူးများနှင့် မီးသတ်တပ်ဖွဲ့ဝင်များက နိုဝင်ဘာ ၂၉ ရက်က သီရိမာလာအရှေ့ရပ်ကွက်အတွင်းရှိ နေအိမ်များအား တစ်အိမ်တက်ဆင်းစစ်ဆေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေနေမှုတို့ကို တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းက လိုက်လံကြည့်ရှုစစ်ဆေးစဉ်။ ၂၂၁

## တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ငရုတ်ကောင်းမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၄၇၅ ဦးအား ဆေးဝါးကုသမှုများ ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၃၀**

တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်) ဖြင့် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့သို့ ရောက်ရှိနေသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ငပုတောမြို့နယ် ငရုတ်ကောင်းမြို့သို့ ရောက်ရှိရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့သည် ငရုတ်ကောင်းမြို့ တိုက်နယ်ပြည်သူ့ဆေးရုံ၌ အခြေပြု၍ ငရုတ်ကောင်းမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး



ကြသည်။



ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၂၁ ဦး၊ ခွဲစိတ်ရောဂါ ၅၆ ဦး၊ သားဖွားမီးယပ်ရောဂါ ၂၂ဦး၊ ကလေးရောဂါ ၁၉ ဦး၊ အရိုးရောဂါ ၉၃ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၁ ဦး၊ မျက်စိရောဂါ ၈၀နှင့် သွားနှင့်ခံတွင်းရောဂါ ၅၃ ဦး၊ စုစုပေါင်း ၄၇၅ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ လေးဦး၊ မျက်စိခွဲစိတ်လူနာ ၁၁ ဦး၊ဓာတ်မှန်ရိုက်လူနာ လေးဦး၊ Ultrasound စက်ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၆၄ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၅၄ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၃၅ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံလွှဲပြောင်းကုသရန်လိုအပ်သည့် ဒေသခံပြည်သူတစ်ဦးအား ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံသို့ လွှဲပြောင်းကုသပေးသည်။ ထိုသို့ ဆေးဝါးကုသမှုလာရောက်ခံယူကြသည့် ဒေသခံပြည်သူများအား တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ တပ်မတော်နယ်လှည့် အထူးကု ဆေးကုအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာများနှင့်ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ဖြင့် ရောက်ရှိနေခြင်းဖြစ်သည်။

ထိုသို့ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

အဘိုးက ခါးတွေကိုက်တယ်၊ ကိုယ်တွေလက်တွေ ကိုက်တယ်၊ မစားချင်မသောက်ချင် ဖြစ်နေလို့ လာပြတာပါ။ တစ်နှစ်လောက်တော့ရှိပြီ။ အဲဒီလိုမျိုး ဖြစ်နေတာပဲ၊ ပေါင်တွေ ကိုက်တယ်၊ ခါးတွေကိုက်တယ်၊ သိပ်သွားလာလို့မရဘူး၊ ခြေထောက်က ညောင်းပြီးတော့သွားလို့မရဘူး၊အဲဒါကြောင့် လာပြတာပါ။ ဆရာဝန်နဲ့တော့ မတွေ့ရသေးဘူး၊ အခုမှ စာရင်းလာပေးတာပါ။ အခုလို လာပြီးတော့ ကိုယ့်နေရာ ကိုယ့်ဒေသမှာ လာပြီး ကုတယ်ဆိုတော့ အထူးဝမ်းသာပီတိဖြစ်ရပါတယ်။

သတင်းစဉ်

## တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) မှ နယ်လှည့်ဆေးကုသရေးအဖွဲ့ လပွတ္တာမြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်

**နေပြည်တော် နိုဝင်ဘာ ၃၀**

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု) တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများ ပါဝင်သော နယ်လှည့်အထူးကု ဆေးအဖွဲ့သည် ယနေ့တွင် လပွတ္တာမြို့နယ် ထွန်းတံတားဆိပ်ခံ၌ အခြေပြု၍ အဆိုပါမြို့နယ်နှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာ ဆေးကုသမှုဆိုင်ရာရောဂါ ၃၅၁ ဦး၊ ခွဲစိတ်ရောဂါ ၃၆ ဦး၊ သားဖွား/မီးယပ်ရောဂါ ၅၁ ဦး၊ ကလေးရောဂါ ၄၂ ဦး၊ အရိုးရောဂါ ၁၁၉ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၄၁ ဦး၊ မျက်စိရောဂါ ၈၀ နှင့် သွားနှင့်ခံတွင်းရောဂါ ၄၆ ဦး၊ စုစုပေါင်းဒေသခံပြည်သူ ၇၆၆ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ခြောက်ဦး၊ မျက်စိခွဲစိတ်လူနာ ငါးဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၈ ဦး၊ Ultrasound စက်ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၃၉ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၄ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၅၃ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။





ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုကဲ့သို့ ကြားသိရပါသည် -

၁။ မျက်စိရောဂါ ခံစားနေရတာ တစ်နှစ်ကျော်လောက်ရှိပါပြီ။ အခု ဆရာဝန်ကြီးတွေနဲ့ ကုသပေးတာ ကျေးဇူးတင်ပါတယ်။ လူနာတွေကိုလည်း အထူးဂရုစိုက်



ပါတယ်၊ အလွန့်အလွန်ကောင်းပါတယ်။ကျန်တဲ့သူတွေလည်း ကုသမှုခံယူကြတယ်။ ကိုယ်တွေလည်း ကုသမှုခံယူရတယ်။ ဒီလိုမျိုး နောက်နှစ်လည်း လာရောက်ပြီးတော့ ကုသပေးစေချင်ပါသေးတယ်။ ကျန်တဲ့လူနာတွေလည်း ဒီလိုပဲ အဆင်ပြေပြေကုသနိုင်အောင် ဆရာဝန်တွေကို အထူးပဲ ဖိတ်ခေါ်ပါတယ်၊ ကြိုဆိုပါတယ်။ ကုသပေးတဲ့ဆရာဝန်ကြီးတွေလည်း ဒီထက်မက တိုးတက်ချမ်းသာပါစေ၊ ဒီထက်မက ကုသနိုင်ပါစေလို့ မေတ္တာပို့သလိုက်ပါတယ်။

၂။ ကျွန်မ နာမည်ကတော့ ခေါ်ခင်မာဦးလို့ ခေါ်ပါတယ်။ ဆီးချိုသွေးချိုနဲ့ အကြောကို လာပြီးတော့ ပြသတာပါ။ အကုန်လုံး လုပ်ထားကိုင်ထားတာတွေက အစ စီစဉ်ထားတာတွေ အားလုံး ကောင်းပါတယ်။ အလွန်ကို ကျေးဇူးတင်တယ်၊ အားရတယ်။ တပ်မတော်က လာရောက်ကုသတဲ့ ဆရာဝန်တွေရော အကုန်လုံးကို ကျေးဇူးအများကြီး တင်ပါတယ်။

သတင်းစဉ်

# မြို့နယ်များရှိ ရပ်ကွက်၊ ကျေးရွာများ၌ မဲစာရင်းများမှန်ကန်စေရေးအတွက် မြေပြင်ကွင်းဆင်းစစ်ဆေး



**ကော့သောင်း**

ကော့သောင်းမြို့နယ်၌ မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေးအတွက် နိုဝင်ဘာ ၃၀ ရက်တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများ၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက တစ်အိမ်တက်ဆင်း တိုက်ဆိုင်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



**မော်လမြိုင်**

မော်လမြိုင်မြို့နယ်၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲစာရင်းပြည့်စုံမှန်ကန်ရန်အတွက် ရပ်ကွက်/ကျေးရွာများသို့ တစ်အိမ်တက်ဆင်းမဲစာရင်းတိုက်ဆိုင် စစ်ဆေးခြင်းလုပ်ငန်းများကို နိုဝင်ဘာ ၃၀ ရက်တွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းဝေ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဝင်းနိုင်နှင့်အဖွဲ့ဝင် များ၊ စာရင်း တိုက်ဆိုင်စစ်ဆေးရေးအဖွဲ့များက ရွေးကောက်ပွဲတွင် မဲစာရင်းရလဒ် မှန်ကန်စေရေးအတွက် ဖွဲ့စည်းထားရှိသည့် ကြီးကြပ်မှုကော်မတီဝင်များဖြင့် မော်လမြိုင်မြို့ပေါ်ရပ်ကွက်များ၌ စာရင်းကောက်ယူခဲ့ကြသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**



**ရွှေတောင်**

ရွှေတောင်မြို့နယ်၌ မဲစာရင်းမှန်ကန်ရေး မြေပြင်ကွင်းဆင်းကြီးကြပ်ရေး လုပ်ငန်းအဖွဲ့များဖွဲ့စည်း၍ နိုဝင်ဘာ ၃၀ ရက်တွင် မြို့နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာအလိုက် တစ်အိမ်တက်ဆင်းစနစ်ဖြင့် မြေပြင် ကွင်းဆင်းကောက်ယူရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးဟံဝင်းအောင်နှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှု စစ်ဆေး၍ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ကိုကိုမင်း (ပြန်/ဆက်)**

**ရွှေဘို**

ရွှေဘိုမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ မှန်ကန်မှုရှိရေးအတွက် မဲစာရင်းများအား နိုဝင်ဘာ ၃၀ ရက်တွင် မြို့ပေါ်ရပ်ကွက်များသို့ တစ်အိမ်တက်ဆင်းကွင်းဆင်းကောက်ယူလျက်ရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသောင်းတင်ထွေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်နိုင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်/မြို့နယ် ဦးစီးမှူးများ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအရာရှိနှင့် တာဝန်ရှိသူများ၊ ခရိုင်/ မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

**မော်လမြိုင်ကျွန်း**

မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာအုပ်စုများတွင် မဲပေးခွင့်ရှိသူများ မဲစာရင်းတွင် မကျန်ရှိစေရေးအတွက် တစ်အိမ်တက် ဆင်း မြေပြင်ကွင်းဆင်းစိစစ်ခြင်းလုပ်ငန်းများကို နိုဝင်ဘာ ၃၀ ရက်တွင် ဌာနဆိုင်ရာတာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်နေမှုများကို မြို့နယ် စီမံခန့်ခွဲ ရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦးက ကြည့်ရှု ခဲ့ပြီး လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့သည်။ **ရဲကိုမောင်(ပြန်/ဆက်)**



**စလင်း**

စလင်းမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများတွင် မဲစာရင်းမှန်ကန် စေရေး တစ်အိမ်တက်ဆင်း မဲစာရင်းများ တိုက်ဆိုင်စိစစ်ခြင်းလုပ်ငန်း ကို နိုဝင်ဘာ ၃၀ ရက်မှ စတင်ဆောင်ရွက်လျက်ရှိရာ မြို့နယ်စီမံခန့်ခွဲ ရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းသီဟဇော်နှင့် အဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန စလင်းမြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ရပ်/ကျေးကော်မရှင်အဖွဲ့ဝင် များက တစ်အိမ်တက်ဆင်း မဲစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်း ကို ဆောင်ရွက်လျက်ရှိသည်။ **မောင်လွင်(စလင်း)**



**တမူး**

တမူးမြို့နယ်အတွင်း မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ လူဝင်မှု ကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ဝင်များ၊ သက်ဆိုင် ရာဌာနများ ပါဝင်သော ပူးပေါင်းအဖွဲ့များဖြင့် မြေပြင်ကွင်းဆင်း၍ တစ်အိမ်တက်ဆင်းစနစ်ဖြင့် ကွင်းဆင်းတိုက်ဆိုင်စစ်ဆေးခြင်းကို နိုဝင်ဘာ ၃၀ ရက်က ရပ်ကွက်များအတွင်းသို့ ကွင်းဆင်းဆောင်ရွက်ခဲ့ ကြောင်း သိရသည်။ **ကျော်သူရ**



**ဝန်းသို**

ဝန်းသိုမြို့နယ်၌ မဲစာရင်းပြည့်စုံမှန်ကန်စေရေး တစ်အိမ်တက်ဆင်း မြေပြင်ကွင်းဆင်း စာရင်းကောက်ယူ တိုက်ဆိုင်စစ်ဆေးခြင်းကို ကောလင်းခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်၊ ဒုတိယ ဗိုလ်မှူးကြီး သိန်းဇော်လင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ ဒုတိယရဲမှူးကြီး အောင်မျိုးသူ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစည်သူကျော်နှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဝင်များ ပူးပေါင်း၍ နိုဝင်ဘာ ၃၀ ရက်တွင် စော်ဘွားကြီးရပ်ကွက်ရှိ မြို့မ(၁) ရပ်၊ မြို့မ (၂)ရပ်နှင့် နန္ဒာဝန်ရပ်တို့ကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**



**ဥတ္တရသီရိ**

နေပြည်တော် ဥတ္တရသီရိမြို့နယ်၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက် ပွဲကျင်းပနိုင်ရေးအတွက် ဒုတိယအကြိမ် မဲစာရင်းများ ကပ်ထားကြေညာ လျက်ရှိရာ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးပိုင်ခွင့် ဆုံးရှုံးမှုမရှိစေရေး၊ မဲစာရင်းကျန်ရှိမှုမရှိစေရေးနှင့် မဲစာရင်း ပြည့်စုံမှန်ကန်စေရေးအတွက် နိုဝင်ဘာ ၃၀ ရက်တွင် ရက်ကွက်/ကျေးရွာ အုပ်စုများ၌ တစ်အိမ် တက်ဆင်း စိစစ်ဆောင်ရွက်ခဲ့သည်။ **အောင်မျိုးဝင်း(ဥတ္တရ)**



**ရေဖြူ**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်နေ့တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဒုတိယအကြိမ် ကပ်ထားကြေညာလျက် ရှိသည့် မဲစာရင်းများအပေါ် မြေပြင်ကွင်းဆင်း တိုက်ဆိုင်စစ်ဆေးခြင်း များကို ရေဖြူမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများ၌ နိုဝင်ဘာ ၂၆ ရက် နံနက်ပိုင်းမှစတင်ကာ နိုဝင်ဘာ ၃၀ ရက်အထိ ဆောင်ရွက်ပေး လျက်ရှိကြောင်း သိရသည်။ **ခတ္တာ**



**တပ်ကုန်း**

နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း မဲစာရင်းမှန်ကန်မှုရှိစေရေး မြေပြင်တစ်အိမ်တက်ဆင်း စာရင်းကောက်ယူရေးလုပ်ငန်းများကို နိုဝင်ဘာ ၃၀ ရက်တွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်သူက ကြီးကြပ်ပြီး ဌာနဆိုင်ရာများ အဖွဲ့ခေါင်းဆောင်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများက မြို့နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာအုပ်စု ၅၅ အုပ်စုတွင် မြေပြင်တစ်အိမ်တက်ဆင်း စနစ်ဖြင့် ကွင်းဆင်း၍ စာရင်းကောက်ယူရေးလုပ်ငန်း ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။ **တင်စိုးလွင်**

**မောက်မယ်**

မောက်မယ်မြို့နယ်၌ မဲဆန္ဒရှင်စာရင်းများမှန်ကန်စေရေး မြေပြင် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့များဖြင့် နိုဝင်ဘာ ၃၀ ရက်မှစ၍ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် မြေပြင် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့များဖွဲ့စည်းကာ ယနေ့တွင် အဖွဲ့ခုနစ်ဖွဲ့ခွဲ၍ မြို့ပေါ် (၇)ရပ်ကွက်အတွင်း မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့များက တစ်အိမ်တက်ဆင်း လှည့်လည်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စိုင်းမျိုးသန့်(မောက်မယ်)**



# မြို့နယ်များရှိ ရပ်ကွက်၊ကျေးရွာများ၌ မဲစာရင်းများမှန်ကန်စေရေးအတွက် မြေပြင်ကွင်းဆင်းစစ်ဆေး



## ဆင်ပေါင်ဝဲ

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အသက် ၁၈ နှစ်နှင့်အထက် မဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသားတိုင်း ဆန္ဒမဲပေးနိုင်ရန်အတွက် ဒုတိယအကြိမ် ကပ်ထားကြေညာသည့်မဲစာရင်းများအပေါ် မြေပြင်ကွင်းဆင်း တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းများကို ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများ၌ နိုဝင်ဘာ ၂၆ ရက်က စတင်ဆောင်ရွက်ခဲ့ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက တစ်အိမ်တက်ဆင်းလိုက်လံ၍ တိုက်ဆိုင်စစ်ဆေးပြီး သတ်မှတ်ပုံစံများဖြင့် တောင်းဆို၊ ကန့်ကွက်ပြင်ဆင်မှုများ ဆောင်ရွက်ကြသည်။ အဆိုပါ မြေပြင်ကွင်းဆင်း တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းများကို နိုဝင်ဘာ ၂၆ ရက်မှ ၃၀ ရက်အထိ ပူးပေါင်းဆောင်ရွက်ပေးပြီးဖြစ်ကြောင်း သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**



## ကျောက်တံတား

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်၌ နိုဝင်ဘာ ၂၉ ရက်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားရှိသည့် မဲစာရင်းများအား ဒုတိယအကြိမ် ကြေညာကပ်ထားဆောင်ရွက်လျက်ရှိရာ မြို့နယ်အတွင်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ဆန္ဒမဲပေးပိုင်ခွင့်မဆုံးရှုံးစေရေးနှင့်မဲစာရင်းတွင် မပါဝင်သင့်သူများ ပါဝင်မှုမရှိစေရေးအတွက် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များ၊ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ ပါဝင်သောမြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့က အိမ်တိုင်ရာရောက်စနစ်ဖြင့် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမိုးထွေးဦးနှင့် အဖွဲ့ဝင်များက ကွင်းဆင်းဆောင်ရွက်နေမှုများကို ကြီးကြပ်စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

**မြို့နယ်(ပြန်/ဆက်)**

## မရမ်းကုန်း

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းပါရှိစေရေးနှင့် မပါဝင်သင့်သူများ မပါဝင်စေရေးအတွက် အိမ်တိုင်ရာရောက်စနစ်ဖြင့် မြေပြင်ကွင်းဆင်းဆောင်ရွက်ခြင်းကို နိုဝင်ဘာ ၂၉ ရက်က ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်အတွင်းရှိ ရပ်ကွက်နေပြည်သူများထံအရောက် အိမ်တိုင်ရာရောက်စနစ်ဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့များ၊ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့်အဖွဲ့များ၊ လဝကတိုက်နယ်မှူးများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ရာ/ဆယ်အိမ်မှူးများက ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ မရမ်းကုန်းခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သက်ခိုင်၊ ခရိုင်လဝကဦးစီးမှူး ဦးရန်နိုင်၊ ခရိုင်ဥပဒေအရာရှိ ဒေါ်စပယ်၊ ခရိုင်ကျန်းမာရေးဦးစီးမှူး ဒေါက်တာအေးသီတာဝင်း၊ မရမ်းကုန်းမြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ထွဋ်အောင်၊ အဖွဲ့ဝင်များပါဝင်သောအဖွဲ့က ကွင်းဆင်းစစ်ဆေး၍ လုပ်ငန်းဆောင်ရွက်ရာတွင် အချိန်မီပြီးစီးရေးနှင့်မှန်ကန်မှုရှိစေရေးတို့အတွက် လိုအပ်သည်များ မှာကြားသည်။

**မြို့နယ်(ပြန်/ဆက်)**



## တောင်ကြီး

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် တစ်အိမ်တက်ဆင်းစနစ်ဖြင့် မဲစာရင်းတိုက်ဆိုင်စစ်ဆေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းက မြို့ပေါ်ရပ်ကွက်များသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင့်လှိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရန်နိုင်ထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

တောင်ကြီးမြို့နယ်အနေဖြင့် မဲဆန္ဒရှင်စာရင်းများ မှန်ကန်စေရေးနှင့် ကျန်ရှိမှုမရှိစေရေး တိုက်ဆိုင်စစ်ဆေးခြင်းကို နိုဝင်ဘာ ၂၈ ရက်မှ ဒီဇင်ဘာ ၉ ရက်အထိ ရပ်ကွက်ကျေးရွာအုပ်စု ၇၅ အုပ်စု၌ ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**





## မန္တလေး

ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပြည်သူများ မဲစာရင်းမှန်ကန်စေရေးနှင့် မကျန်ရှိစေရေး အမရပူရမြို့နယ်၌ မြေပြင်ကွင်းဆင်း မဲစာရင်းလိုက်လံစစ်ဆေးခြင်းလုပ်ငန်းကို နိုဝင်ဘာ ၃၀ ရက်က ဒေါင်းရွေးကျေးရွာအုပ်စုနှင့် ဆင်ဘိုးကျေးရွာအုပ်စုတို့တွင် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ စစ်ဆေးရာတွင် အမရပူရမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန အမရပူရမြို့နယ် ဦးစီးမှူးရုံး ဦးစီးအရာရှိ ဦးတင်ကိုကိုဝင်းနှင့်ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ပူးပေါင်းကာ လမ်းအလိုက် တစ်အိမ်တက်ဆင်း လိုက်လံစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဇော်ဘီ**



## မိုင်းရယ်

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ်၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးရန် မဲစာရင်းတွင် ပါဝင်နိုင်ရေး၊ မဲဆန္ဒရှင် အချက်အလက်များ မှန်ကန်စေရေးတို့အတွက် တာဝန်ရှိသူများက နိုဝင်ဘာ ၃၀ ရက်မှစ၍ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် တစ်အိမ်တက်ဆင်း ကွင်းဆင်းဆောင်ရွက်ရာ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲနှင့် ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ဝင်များက မြေပြင်တစ်အိမ်တက်ဆင်းအဖွဲ့ငယ်များဖွဲ့စည်းကာ မဲစာရင်းပြည့်စုံမှန်ကန်စေရေးအတွက် ရပ်ကွက်နှင့် ကျေးရွာများတွင် နေထိုင်ကြသည့် အိမ်ထောင်စုအလိုက် မဲစာရင်းတွင် ပါ မပါ တိုက်ဆိုင်စစ်ဆေးစာရင်းကောက်ယူခဲ့ကြသည်။

**မိုင်းရယ်(ပြန်/ဆက်)**

# ရွှေသောင်ယံမြို့၌ ကမ်းခြေလမ်းမကြီးပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်

**ရွှေသောင်ယံ နိုဝင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ရွှေသောင်ယံမြို့သည် တည်ငြိမ်အေးချမ်းသောမြို့တစ်မြို့ဖြစ်သည်နှင့်အညီ မြို့တွင်းမြို့ပြင်ကမ်းခြေလမ်းမကြီး သာယာလှပကောင်းမွန်ရေးအတွက် လမ်းပြုပြင်ခြင်းလုပ်ငန်းများကို



နိုဝင်ဘာ ၁၉ ရက်မှစတင်၍ ဆောင်ရွက်လျက်ရှိရာ ရွှေသောင်ယံမြို့ အမှတ်(၃)ရပ်ကွက် Sea&Lake အပန်းဖြေဥယျာဉ်အနီးမှစတင်ပြီး အမှတ်(၁၊ ၂၊ ၃)ရပ်ကွက်များရှိ ကမ်းခြေလမ်းမကြီးတစ်လျှောက်တွင်လည်းကောင်း၊ သဲကုန်းကျေးရွာအုပ်စု၊ သဘော့ကန်ကျေးရွာအုပ်စုများသို့ ဆက်သွယ်ထားသော ကမ်းခြေလမ်းမကြီးတစ်လျှောက်တွင်လည်းကောင်း ကျောက်ရောမြေများခင်းခြင်း၊ လမ်းညှိပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရွှေသောင်ယံမြို့ရှိ စီးပွားရေးလုပ်ငန်းရှင်များ၊ ဟိုတယ်လုပ်ငန်းရှင်များ၏ စက်ယန္တရားများ၊ ငွေကြေးများ အကူအညီဖြင့် လမ်းအရှည် လေးမိုင်ရှိသောလမ်းမကြီးကို ဒေသခံပြည်သူများ၏ အကျိုးစီးပွားအတွက် ဒီဇင်ဘာလပထမပတ်အပြီး တာဝန်ယူလုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ရွှေသောင်ယံ(ပြန်/ဆက်)**

❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့် နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။



# ဟုမ္မလင်းမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

**နေပြည်တော် နိုဝင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယမန်နေ့က အနောက်မြောက်တိုင်း စစ်ဌာနချုပ်မှ တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်သူရနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုကြသည်။

ဦးစွာ တိုင်းမှူးနှင့်တာဝန်ရှိသူများက ဆေးရုံတက်လူနာတစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညွှန်ကြားဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

◆ *ကျော်ဖုံးမှ*

မြန်မာ့လက်ရွေးစင်ဘောလုံးကစားသမားဟောင်း ဦးစိုးမြတ်မင်းအား တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်–

**ဦးစိုးမြတ်မင်း**

**(U–22 အမျိုးသားလက်ရွေးစင် ဘောလုံးအသင်းအုပ်ချုပ်သူ)**

ထိုင်းနိုင်ငံမှာ ကျင်းပမယ့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ ဆီးဂိမ်းပြိုင်ပွဲကြီးမှာ U–22 အမျိုးသားလက်ရွေးစင် ဘောလုံးအသင်းရဲ့ အုပ်ချုပ်သူအဖြစ် ဆောင်ရွက်သွားမှာပါ။ ဆီးဂိမ်းပြိုင်ပွဲအတွက် အခုနှစ်မတ်လကတည်းကစပြီး အသင်းကို စုဖွဲ့ပြီး ခြေစမ်းပွဲတွေ တောက်လျှောက်ကစားခဲ့ပြီးတော့ ပြိုင်ပွဲတွေလည်း ယှဉ်ပြိုင်ခဲ့ပါတယ်။ အသင်းနည်းပြချုပ်ဖြစ်တဲ့ မစ္စတာကုရုရဲ့ လေ့ကျင့်မှုနဲ့ အကောင်းဆုံးပြင်ဆင်ထားပါတယ်။

နည်းပြချုပ်အနေနဲ့ လက်ရှိမှာ MNA One ဖြစ်တဲ့ National League One ပြိုင်ပွဲတွေကို ကြည့်ရှုပြီး ပြိုင်ပွဲထဲကမှ စိတ်ကြိုက်အကောင်းဆုံးဘောလုံးသမား ၂၃ ဦးကို ရွေးချယ်ခဲ့ပြီး ပြိုင်ပွဲဝင်တာဖြစ်ပါတယ်။ မြန်မာ U–22 အသင်းအနေနဲ့ ဖိလစ်ပိုင်အသင်းနဲ့ ဒီဇင်ဘာ ၅ ရက်မှာ ယှဉ်ပြိုင်ရမှာဖြစ်တာကြောင့် ကြိုတင်လေ့ကျင့်ပြင်ဆင်ချိန်ရအောင် ဒီနေ့ပဲ ထွက်ခွာတာဖြစ်ပါတယ်။ ချင်းမိုင်မြို့က အယ်လ်ပိုင်း Camp မှာ သုံးရက်လေ့ကျင့်သွားဖို့ရှိပါတယ်။

ဘောလုံးပြိုင်ပွဲမှာ အုပ်စုသုံးစုရှိပြီး မြန်မာ U–22 အသင်းဟာ အုပ်စု–စီမှာ ပါဝင်ပါတယ်။ အုပ်စု–စီမှာ မြန်မာ–ဖိလစ်ပိုင်နဲ့ အင်ဒိုနီးရှား အသင်းတို့ပါဝင်ပါတယ်။ မြန်မာအသင်းအနေနဲ့ ဒီဇင်ဘာ ၅ ရက်မှ ဖိလစ်ပိုင်အသင်းနဲ့ ပထမဆုံးယှဉ်ပြိုင်ပြီး ဒီဇင်ဘာ ၁၂ ရက်မှာ အုပ်စုနောက်ဆုံးပွဲစဉ်ဖြစ်တဲ့ အင်ဒိုနီးရှားအသင်းနဲ့ ယှဉ်ပြိုင်သွားမှာပါ။ ပွဲစဉ်တိုင်းကို မြန်မာအသင်းအနေနဲ့ အင်တိုက်အားတိုက်နဲ့ စွမ်းအားပြည့် အကောင်းဆုံးယှဉ်ပြိုင်သွားမှာပါ။

U–22 အသင်းမှာအသင်းသား ၂၃ ဦး၊ နည်းပြနဲ့အုပ်ချုပ်သူ ၁၃ ဦး ပါဝင်ပါတယ်။ လူငယ်တွေရဲ့ လေ့ကျင့်မှုကို တွေ့မြင်ခဲ့ရတာ အားရကျေနပ်မှုရှိပါတယ်။ နည်းပြချုပ်အနေနဲ့ လေ့ကျင့်မှုပိုင်းကို အကောင်းဆုံးပုံဖော်ထားတာကြောင့် ပြိုင်ပွဲမှာ အသင်းရဲ့ခြေစွမ်းတွေကို တွေ့မြင်ရမှာပါ။ အရင်က ဆီးဂိမ်းဘောလုံးပြိုင်ပွဲမှာ အုပ်စုနှစ်စုသာရှိပေမယ့် အခုတော့ အုပ်စုသုံးစုခွဲပြီး ကစားရတာကြောင့် ဘယ်လိုပဲဖြစ်နေဖြစ်နေ ထိပ်ဆုံးအသင်းမှာ ရပ်တည်နိုင်ဖို့ ဘယ်အသင်းကိုမှ လျှော့ပြီးကစားလို့မရတဲ့အတွက်အကောင်းဆုံးစွမ်းဆောင်ရည်နဲ့ကြိုးစားသွားဖို့ ပြင်ဆင်ထားပါတယ်။

အသင်းအနေနဲ့ နိုင်ငံ့ဂုဏ်ဆောင်ရည်မှန်းချက်နဲ့အညီ အနိုင်ရဗိုလ်စွဲဖို့ အားလုံးရင်ထဲမှာ ရှိနေကြပါတယ်။ အသင်းအုပ်ချုပ်သူထက် ကိုယ်တိုင်ကစားကြမယ့် ညီငယ်လေးတွေရဲ့ ရင်ထဲမှာ ကျောက်စိုင်ကျောက်ခဲလို ပိုပြီးခိုင်မာနေကြတာပါ။ သတိထားရမှာက တစ်ဆင့်ချင်းအောင်မြင်မှုကို တက်လှမ်းသွားဖို့ လိုပါတယ်။ ဆီမီးဖိုင်နယ်ကိုတက်လှမ်းတဲ့ အသင်းလေးသင်းမှာ ပါဝင်အောင် အစွမ်းကုန်ပြင်ဆင်ကြိုးစားထားပြီးသားပါ။ ဆီးဂိမ်းပြိုင်ပွဲမှာ မြန်မာဘောလုံးအသင်းအနေနဲ့ ရလဒ်ကောင်းတစ်ခုကိုရရှိဖို့ ပရိသတ်များရဲ့ ခွန်အားပြည့်အားပေးမှုများကို အသင်းအနေနဲ့ မျှော်လင့်ထားကြပါတယ်။ အကောင်းဆုံး ကြိုးစားသွားမယ်လို့လည်း အသင်းကိုယ်စား ပြောကြားလိုပါတယ်။

(၃၃)ကြိမ်မြောက် ဆီးဂိမ်းဘောလုံးပြိုင်ပွဲကြီးတွင် U–22 အမျိုးသားဘောလုံးပြိုင်ပွဲအား အုပ်စုသုံးစုဖြင့် ဖွဲ့စည်းထားပြီး အုပ်စုအေ၌ ထိုင်း၊ စင်ကာပူ၊ တီမော၊ အုပ်စုဘီ၌ ဗီယက်နမ်၊ မလေးရှား၊ လာအိုနှင့် အုပ်စုစီ၌ မြန်မာ၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ရာ ဒီဇင်ဘာ ၅ ရက်တွင် မြန်မာအသင်း၏ အဖွင့်ပွဲစဉ်အဖြစ် ဖိလစ်ပိုင်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်၍ ဘောလုံးအားကစားကို ချစ်မြတ်နိုးကြသည့်၊ မြန်မာဘောလုံးအသင်းကို တက်တက်ကြွကြွ အစဉ်အားပေးနေကြသည့် မြန်မာပြည်သူများအနေဖြင့် နိုင်ငံ့ဂုဏ်ဆောင်ဆုတံဆိပ်များကို ပွေ့ပိုက်ယူဆောင်လာကြမည့် မြန်မာဘောလုံးအသင်းအားတစ်ခဲနက် သောင်းသောင်းဖြဖြ အားပေးကြပါစို့ဟု ရေးသားလိုက်ရပါသည်။ **တွေ့ဆုံမေးမြန်း –သစ္စာ(MNA)**

**ဓာတ်ပုံ – ဇွဲမာန်**



U–22 အမျိုးသားလက်ရွေးစင်ဘောလုံးအသင်း။

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ တရားမဝင် ကုန်ပစ္စည်းတင် မော်တော်ယာဉ်များနှင့်ရေယာဉ် ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၃၀**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၂၄ ရက်တွင် မိုးညှင်းမြို့နယ် သီတာရပ်ကွက်၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မိုးညှင်းမြို့နယ် နန့်စီးအောင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီဂါလန် ၁၅၉၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၈၀၀၀၀၀)ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၈၀၀၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၂၄ ရက်တွင် တကောင်းရပ်ကွက် ရတနာပုံတံတား၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၂၀ ရက်တွင် ကော့သောင်းမြို့နယ် မွေတော်ကျွန်းအနီး၌ တရားမဝင် ကုန်ပစ္စည်းတင် ရေယာဉ်တစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၂၇ ရက်တွင် ဖြူးမြို့နယ်အတွင်း၌ တရားမဝင် သစ်မာ ၁ ဒသမ ၉၀၃ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၂၆၈၈၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၂၇ ရက်တွင် ရတနာပုံတံတားစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ် ကိုးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်း ၁၇ မျိုး၊ လူသုံးကုန်ပစ္စည်း ၁၂ မျိုး၊ စားသောက်ကုန်ပစ္စည်း ၁၀ မျိုး၊ လုပ်ငန်းသုံးပစ္စည်း ရှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၉၉၀၀၄၉၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Htila M3 Truck တစ်စီး၊ Nissan Condor Truck တစ်စီး၊ Toyota Ipsum နှစ်စီး၊ Foton Toano Mini Bus တစ်စီး၊ Foton Mini Bus တစ်စီး၊ Ankai Bus တစ်စီး၊ SMPV Micro Bus တစ်စီး၊ Zay Yar Thar Light Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၂၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၁၉၀၀၄၉၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

ယင်းအပြင် မွန်ပြည်နယ်တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၂၄ ရက်တွင် ကျိုက်ထိုမြို့နယ် မလော့ချောင်ကျေးရွာ၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၃၂၀၀၀၀၀) ကိုလည်းကောင်း၊ နိုဝင်ဘာ ၂၇ ရက်တွင် မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် တစ်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၈၂၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

နိုဝင်ဘာ ၂၀ ရက်၊ ၂၄ ရက်နှင့် ၂၇ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၉ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၆၂၇၃၇၀)ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင် တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအားကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမိုတားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင်အသုံးပြုသည့် အဆောက်အအုံ ၂၇၆ လုံး ဖြိုချဖျက်ဆီးပြီးစီး၊ ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ ၁၁၉ လုံး ချိပ်ပိတ်သိမ်းဆည်းပြီးဖြစ်

**နေပြည်တော် နိုဝင်ဘာ ၃၀**


မြန်မာနိုင်ငံ အစိုးရအနေဖြင့် အွန်လိုင်း လိမ်လည်မှုများနှင့် အွန်လိုင်း လောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် တရားမဝင် အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင် အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။



အွန်လိုင်းလိမ်လည်မှုများ ဆောင်ရွက်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံများကို ချိပ်ပိတ်သိမ်းဆည်းမှု မှတ်တမ်းပုံ။



တရားမဝင်နိုင်ငံခြားသားများ ထားရှိနိုင်သည့် သုံးထပ်တိုက်အဆောက်အအုံကို ဝင်ရောက်ရှင်းလင်းစဉ်။



တရားမဝင်နိုင်ငံခြားသားများ ထားရှိနိုင်သည့် ကိုးထပ်တိုက်အဆောက်အအုံကို ဝင်ရောက်ရှင်းလင်းစဉ်။




ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ KK Park အား ဖောက်ခွဲဖျက်ဆီးနေမှု အပိုင်း(၃)။




KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် နှစ်ထပ်နိုက်ကလပ်အဆောက်အအုံ။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park) အပိုင်း (၃) နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများဖြစ်သော နှစ်ထပ်အဆောက်အအုံ သုံးလုံး၊ လေးထပ်အဆောက်အအုံ သုံးလုံး စုစုပေါင်း တရားမဝင် အဆောက်အအုံ ခြောက်လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် အပိုင်း(၃)နယ်မြေအတွင်းရှိအဆောက်အအုံ ၄၂၅ လုံးအနက် ယနေ့အထိ ၁၂၈ လုံး ဖြိုချဖျက်ဆီးခဲ့ကြောင်းနှင့် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံး အနက် ၂၇၆ လုံးကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌လည်း ရှင်းလင်းဖော်ထုတ်မှုများကို နိုဝင်ဘာ ၁၈ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင်လည်း ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိလူနေအဆောက်အအုံများ၊ ဂိုဒေါင်များ၊ အားကစားရုံများ၊ မီးစက်ရုံများ၊ ဈေးဆိုင်ခန်းများ၊ စတိုခန်းများနှင့် အလုပ်သမားတန်းလျားများ ဖြစ်သော တစ်ထပ်အဆောက်အအုံ လေးလုံး၊ နှစ်ထပ်အဆောက်အအုံ ၆၃ လုံး၊ သုံးထပ်အဆောက်အအုံ ၁၇ လုံး၊ လေးထပ်အဆောက်အအုံ သုံးလုံး၊ ငါးထပ်အဆောက်အအုံ လေးလုံး၊ ခြောက်ထပ် အဆောက်အအုံ တစ်လုံး၊ ခုနစ်ထပ်အဆောက်အအုံ နှစ်လုံး၊ ကိုးထပ်အဆောက်အအုံ နှစ်လုံး၊ ၁၆ ထပ် အဆောက်အအုံ တစ်လုံးနှင့် ၁၉ ထပ်အဆောက်အအုံတစ်လုံး စုစုပေါင်းတရားမဝင် အဆောက်အအုံ ၉၈ လုံးတို့ကို ထပ်မံစစ်ဆေးခဲ့ရာ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှု လုပ်ငန်းများ လုပ်ကိုင်နေသူများကို တွေ့ရှိရခြင်းမရှိဘဲ လုပ်ငန်းလုပ်ဆောင်ရာတွင်အသုံးပြုသည့် ပစ္စည်းများကိုလည်း တစ်ပါတည်း ဖြုတ်သိမ်း ယူဆောင်သွားခဲ့ကြောင်း သိရှိရသည်။

ထို့ပြင် ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်မှုများ လုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံများအား နိုဝင်ဘာ ၁၈ ရက်မှ စတင်စစ်ဆေးခဲ့ရာ ယနေ့အထိ တရားမဝင် အဆောက်အအုံ အလုံး ၁၄၀ ကို စစ်ဆေးတွေ့ရှိရပြီး အဆိုပါ အဆောက်အအုံများကို ပြန်လည်အသုံးပြုမှုမရှိစေရေး အတွက် သိမ်းဆည်း ချိပ်ပိတ်ခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် တရားမဝင် အဆောက်အအုံ ၁၈ လုံးကို ထပ်မံ ချိပ်ပိတ် သိမ်းဆည်းနိုင်ခဲ့ပြီး တရားမဝင်အဆောက်အအုံ စုစုပေါင်း ၁၁၉ လုံး ချိပ်ပိတ်သိမ်းဆည်းပြီးဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ် နယ်မြေအတွင်း စုစုပေါင်း ဖော်ထုတ်ရှင်းလင်းမှုများအရ ယနေ့အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်သည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၉၅၄ ဦးနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာ ၃၃၁၀၊ မိုဘိုင်းဖုန်း ၂၁၈၇၀၊ Starlink ဗန်း ၁၀၂ လုံး၊ Router ၂၂ လုံးနှင့် လုပ်ငန်းသုံးပစ္စည်းအများအပြားကို စိစစ်တွေ့ရှိဖမ်းဆီးရမိခဲ့ပြီး သိမ်းဆည်းရမိပစ္စည်းများအား စနစ်တကျ ဖျက်ဆီးရှင်းလင်းခဲ့ကြောင်းနှင့် ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရှိရသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ နိုဝင်ဘာ ၃၀ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၂၉၄၅ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ကြောင်း၊ ၎င်းတို့အနက်မှ ၁၀၀၂၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၉၁၆ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝ အခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## စပါးက ဖူလ်ဟမ်အသင်းကို ရှုံးနိမ့်၊ ပြိုင်ပွဲစုံ နိုင်ပွဲပျောက်ဆုံးမှု လေးပွဲဆက်



ဖူလ်ဟမ်ကစားသမား ရာအူးလ် ဂျီမီနက်ဇ် ဂိုးသွင်းယူရန် ကြိုးပမ်းစဉ်။

နိုဝင်ဘာ ၃၀ ရက် နံနက် ၂ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် ပရီမီယာလိဂ် ပွဲစဉ် (၁၃) တွင် ဖူလ်ဟမ်က စပါးအသင်းကို အကြိတ်အနယ်ကစားပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အဆိုပါပွဲစဉ်ကို စပါးအသင်းအိမ်ကွင်း၌ လက်ခံယှဉ်ပြိုင်ကစားခဲ့ပြီး ပရိသတ် ၆၀၀၀၀ ကျော် လာရောက်ကြည့်ရှုခဲ့သည်။


ဖူလ်ဟမ်အသင်းသည် စပါးအသင်းကို ပွဲစတင်သည်နှင့်တစ်ပြိုင်နက် ဖိအားပေးတိုက်စစ်ဆင်ကစားနိုင်ခဲ့ပြီး ပွဲကစားချိန် ၆ မိနစ်အတွင်း နှစ်ဂိုးပြတ် ဦးဆောင်နိုင်ခဲ့သည်။ စပါးအသင်းသည် ဖူလ်ဟမ်အသင်းထက် သာလွန်သည့် ခြေစွမ်းပြသနိုင်ခဲ့သော်လည်း အသင်းကစားသမားများ၏ စွမ်းဆောင်ရည်ပိုင်း လိုအပ်ချက်ရှိနေသည့်အတွက် ရှုံးပွဲကြုံတွေ့ခဲ့ရသည်။

စပါးအသင်းသည် ယခုပွဲစဉ်မတိုင်မီ ယှဉ်ပြိုင်ကစားခဲ့သည့် ပြိုင်ပွဲစုံ သုံးပွဲတွင်လည်း နိုင်ပွဲရရှိထားခြင်းမရှိဘဲ တစ်ပွဲသရေနှင့် နှစ်ပွဲရှုံး ရလဒ်ရရှိထားသည်။ ပြိုင်ဘက်ဖူလ်ဟမ်အသင်းက ယခုအနိုင်ပွဲကြောင့် နှစ်ပွဲဆက် နိုင်ပွဲရရှိခဲ့သည်။ ထို့အပြင် ဖူလ်ဟမ်အသင်းသည် ယခုပွဲစဉ်နိုင်ပွဲရရှိမှုမှာ ယခုနှစ်ရာသီတွင် ပထမဆုံးအကြိမ် ပရီမီယာလိဂ် အဝေးကွင်းနိုင်ပွဲရရှိခဲ့ခြင်းလည်း ဖြစ်သည်။

ဖူလ်ဟမ်အသင်းအတွက် သွင်းဂိုးများကို တီတီနှင့် ဝီလ်ဆင်တို့က သွင်းယူပေးပြီး စပါးအသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို ကူဒုစ်က သွင်းယူပေးခဲ့သည်။ လာမည့်ပွဲစဉ်အဖြစ် ဒီဇင်ဘာ ၃ ရက်တွင် စပါးက နယူးကာဆယ်နှင့်လည်းကောင်း၊ ဖူလ်ဟမ်က အသင်းကြီး မန်စီးတီးအသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

အခြားပွဲစဉ်ရလဒ်များတွင် ဘရန့်ဖို့ဒ်က ဘန်လေကို သုံးဂိုး-တစ်ဂိုး၊ မန်စီးတီးက လိဒ်စ်ကို အကြိတ်အနယ်ကစားပြီး သုံးဂိုး-နှစ်ဂိုး၊ ဆန်းဒါးလန်းက တစ်ယောက်လျော့ ဘုန်းမောက်ကို သုံးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သလို နယူးကာဆယ်ကလည်း တိုက်စစ်ခြေစွမ်းပြကာ အဲဗာတန်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

**အောင်ဇော်**



# ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ



စာဖတ်ပရိသတ်အပေါင်း မင်္ဂလာပါ။ ဒီတစ်ပတ်မှာတော့ အင်္ဂလိပ်စာလေ့လာရာမှာ အခြေခံအကျဆုံးဖြစ်တဲ့ The Eight Parts of Speech (ဝါစင်္ဂရှစ်မျိုး) အကြောင်း အကျယ်တဝင့် ရှင်းလင်းဖော်ပြတဲ့နေရာမှာ Noun (နာမ်) များအကြောင်း အသေးစိတ်ဆက်လက် ဖော်ပြပေးသွားမှာဖြစ်ပါတယ်။ ဒါ့အပြင် စကားပြောခန်းမှာလည်း How to talk about days of the week, months and dates in English (သီတင်းပတ်တွေ၊ လတွေ၊ ရက်တွေနဲ့ပတ်သက်ပြီး အင်္ဂလိပ်လို ဘယ်လိုပြောမလဲ) ဆိုတာကို ထင်းကနဲ လင်းကနဲနဲ့ မှတ်မိလွယ်အောင် ရှင်းလင်းချက်များ၊ နမူနာဝါကျများ၊ စကားပြောများနဲ့ ဝေဝေဆာဆာဖော်ပြပေးသွားမှာဖြစ်ပါတယ်။ Vocabulary Enrichment Programme (ဝေါဟာရပဒေသာအစီအစဉ်) အပိုင်းမှာလည်း နေ့စဉ်သုံး အီဒီယမ်တွေကို အဓိပ္ပာယ်ရှင်းလင်းချက်များနဲ့သာမက နမူနာဝါကျများနဲ့ပါ ဖော်ပြပေးထားပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာ ဗဟုသုတများတိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ ဒီကဏ္ဍကနေ တိုက်တွန်းလိုက်ပါတယ်။

## GRAMMAR

### Basic to Intermediate

**ယခင်အပတ်လေ့ကျင့်ခန်းမှ အဖြေများ**

Exercise (1) မှအဖြေများ

1. July is often the hottest month in summer.
2. One day Ali Baba saw the forty thieves hiding in a cave.
3. Shawn and Ashley are going to the beach for a swim.
4. Mr. Lee is reading a book.
5. "I am your fairy godmother," said the old woman to Cinderella.
6. Uncle Mike is a lawyer.
7. Next Tuesday is a public holiday.
8. Many children enjoyed the movie Lion King.

**Exercise (2) မှအဖြေများ**

1. There's a little bird in the garden.
2. Who is your teacher?
3. Don't eat that rotten apple.
4. Kate has a lovely doll.
5. I like reading stories.
6. My father is a doctor.
7. Every child has a dictionary.
8. Rudy hates bananas.
9. The phone is ringing.
10. Here's a book for you.

**Exercise (3) မှအဖြေများ**

| People | Animals | Places | Things | swimmer |
|---|---|---|---|---|
| camel | hotel | fire | engine | barber |
| snail | river | flag | granny | parrot |
| mountain | taxi | clown | fox | gardener |

**Exercise (4) မှအဖြေများ**

| Common Nouns | Proper Nouns |
|---|---|
| Doctor | Lisa |
| Beach | January |
| Bank | President Hotel |
| Month | White Sand Beach |
| Hotel | Dr. Wang |
| Girl | United Bank |

**Exercise (5) မှအဖြေများ C or P**

1. ........... P.............. the White House
2. ........... C.............. the green dress
3. ........... C.............. the tall building
4. ........... P.............. the Empire State Building
5. ........... P.............. the Yellow River
6. ........... C.............. the muddy river
7. ........... C.............. the governor
8. ........... P.............. Governor Parker
9. ........... P.............. the Oregon Trail
10. ........... C.............. the winding trail

**Exercise (6) မှအဖြေများ**

1. Robert louis Stevenson wrote treasure island.
2. The Capital of illinois is Springfield.
3. My Friends and I prefer Glittergums toothpaste.
4. Their Family visited Yellowstone national Park.
5. Juan and maria attend kennedy Middle school.
6. We had a Surprise party for aunt Helen.
7. Spring and Fall are my favourite Seasons.
8. The Manager scolded his lazy Employees.

**3. Compound Noun (ပေါင်းစပ်နာမ်) ယခင်အပတ်မှအဆက်**

**Compound Noun in the sentences**

- Can we use the ***swimming pool***?
  ကျွန်တော်တို့ ရေကူးကန်အသုံးပြုနိုင်မလား။
- They stop work at ***sunset***.
  သူတို့နေဝင်ချိန်မှာ အလုပ်သိမ်းခဲ့သည်။
- Don't forget that ***check–out*** is at 12 noon.
  ဟိုတယ်မှထွက်ခွာမယ့်အချိန်ဟာ နေ့လယ် ၁၂ ဆိုတာမမေ့ပါနဲ့။
- Pass me the ***chopstick***.
  တူလေးကမ်းပေးပါဦး။
- Can you meet me today in the ***marketplace***?
  ကျွန်တော်ကို ဒီနေ့ လေဟာပြင်ဈေးမှာ တွေ့နိုင်မလား။

Exercise (1) Choose the correct compound noun in the box and fill in the gaps.

| | | |
|---|---|---|
| aircraft | bathroom | chopstick |
| yourself | greenhouse | heartbeats |

e.g. Suddenly, an aircraft fell on the highway in front of my car.

1. Pass me that .................................
2. Earth is also called the .................................
3. He slipped into a .................................
4. Have you done your homework by .................................?
5. The doctor is checking the ................................. of the patient.

## Vocabulary Enrichment Programme

1. take French leave = ခွင့်ပြုချက်မရှိဘဲ၊ မကြေညာဘဲ လစ်ထွက်သွားသည်။
   I'm so bored—I think I might take French leave this afternoon to meet Kate.
   (ကျွန်တော်အရမ်းငြီးငွေ့တယ်။ ကိတ်နဲ့တွေ့ရအောင် ဒီနေ့လယ်ခင်း ခွင့်ပြုချက်မရဘဲ လစ်ထွက်သွားရင်ကောင်းမလားလို့ ငါထင်တယ်။)
2. stand on one's own leg = အမှီခိုကင်းကင်းဖြင့် ရပ်တည်သည်။ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်သည်။
   I've been standing on my own leg since I was sixteen years old.
   (ကျွန်တော်အသက် ၁၆ နှစ်ကတည်းက ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ခဲ့တယ်။)
3. see the light = သိမြင်နားလည်သဘောပေါက်သည်။ အလင်းရောင်တွေ့သည်။
   For some to see the light, many must live in darkness.
   (တချို့က အလင်းရောင်တွေ့ချိန်မှာ အများစုက အမှောင်ထဲမှာပဲ နေနေရတယ်။)

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ်မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



How to talk about days of the week, months and dates in English (သီတင်းပတ်တွေ၊ လတွေ၊ ရက်တွေနဲ့ ပတ်သက်ပြီး အင်္ဂလိပ်လိုဘယ်လို ပြောမလဲ)

What's the date?

ဘယ်ရက်ရှိပြီလဲ။ ဘယ်နှရက်နေ့လဲ။

FEBRUARY

| SUN | MON | TUE | WED | THURS | FRI | SAT |
|---|---|---|---|---|---|---|
| 1 | 2 | 3 | 4 | 5 | 6 | 7 |
| 8 | 9 | 10 | 11 | 12 | 13 | 14 |
| 15 | 16 | 17 | 18 | 19 | 20 | 21 |
| 22 | 23 | 24 | 25 | 26 | 27 | 28 |

| | |
|---|---|
| 1st = first | 2nd = second |
| 3rd = third | 4th = fourth |
| 5th = fifth | 6th = sixth |
| 7th = seventh | 8th = eighth |
| 9th = ninth | 10th = tenth |
| 11th = eleventh | 12th = twelfth |
| 13th = thirteenth | 14th = fourteenth |
| 15th = fifteenth | 16th = sixteenth |
| 17th = seventeeth | 18th = eighteenth |
| 19th = nineteenth | 20th = twentieth |
| 21st = twenty–first | 22nd =twenty–second |
| 23rd = twenty–third | 24th = twenty–fourth |
| 25th = twenty–fifth | 26th = twenty–sixth |
| 27th = twenty–seventh | 28th = twenty–eighth |
| 29th = twenty–ninth | 30th = thirtieth |
| 31st = thirty–first | |

**Days of the week**

**(သီတင်းပတ်တစ်ပတ်ရဲ့ နေ့များ)**

| Sunday (တနင်္ဂနွေ) | Monday (တနင်္လာ) | Tuesday (အင်္ဂါ) | Wednesday (ဗုဒ္ဓဟူး) | Thursday (ကြာသပတေး) | Friday (သောကြာ) | Saturday (စနေ) |
|---|---|---|---|---|---|---|

- What date is it? (ဘယ်နှစ်ရက်နေ့လဲ)
  It's the twenty–first.
- What date is it today? (ဒီနေ့ဘာနေ့လဲ)
  It's the second.
- What's the date? (ဘယ်နှစ်ရက်နေ့လဲ)
  It's the thirteenth of July.
- What's the date? (ဘယ်နှစ်ရက်နေ့လဲ)
  It's Tuesday, the sixth of August.
- What's today's date? (ဒီနေ့ဘာနေ့လဲ)
  It's Friday the twenty–first of December.
- What day of the week is it? (သီတင်းပတ်တစ်ပတ်ရဲ့ ဘယ်နှစ်ရက်နေ့လဲ)
  It's Saturday.
- What date is it? (ဘယ်နှစ်ရက်နေ့လဲ)
  It's November the ninth today.
- What date's this month's meeting on? (ဒီလအစည်းအဝေးဘယ်နှစ်ရက်နေ့လဲ)
  It's on the seventh.

**Language Focus**

**(ဘာသာစကားရှုထောင့်)**

ရက်တွေကိုပြောဆိုတဲ့နေရာမှာ ပုံစံအမျိုးမျိုးနဲ့ ပြောနိုင်ပါတယ်။ ပထမပုံစံတစ်မျိုးကတော့ –

- ရက်သီးသန့်ပြော
- ရက်ရှေ့ လနောက်တွဲပြော
- လရှေ့ရက်နောက်တွဲပြော
- နေ့ ရက် လ တွဲပြော

ဥပမာ – on the fourteenth

- the twenty–seventh of May
- September the ninth
- Tuesday, the thirty–first of March

Confusion over dates

Jill: *What date is it today?* Mum?

Mum: *It's the fourth today.* I know because tomorrow is Uncle Tom's birthday. *That's the fifth*. What are you doing?

Jill: I'm writing my English essay and we have to put the date on our essays.

Alice: Morning, Mum. *What day of the week is it?* When I'm on holiday I never pay any attention to time.

Mum: *It's Tuesday*. Shouldn't you be going back to work today?

Alice: Yes, I should. I thought it was Monday today. Time certainly flies when I'm on holiday. I'd better go and get ready or I'll be late.

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉–၄၂၈၉၅၄၄၆၂ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

ဒီဇင်ဘာ ၃ ရက် နံနက်ပိုင်းမှာ ပရီမီယာလိဂ်ပွဲစဉ် (၁၄) မှ ပွဲစဉ်သုံးပွဲကို ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ သုံးပွဲဆက် ရှုံးပွဲကြုံတွေ့ထားတဲ့ စပါးက ခြေစွမ်းထက်မြက်လာတဲ့ နယူးကာဆယ်၊ လေးပွဲဆက် နိုင်ပွဲပျောက်ဆုံးထားတဲ့ ဘုန်းမောက်က ကစားရခက်တဲ့ အဲဗာတန်အသင်းတို့ ဆုံတွေ့တဲ့ ပွဲစဉ်တွေ ပါဝင်နေတာကြောင့် လက်မလွှတ်တမ်း စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

# ရှုံးပွဲဆက်မှု ချေဖျက်ဖို့ ကြိုးစားလာမယ့် စပါးတိုက်စစ်ကို ကာဆယ်ရဲ့ခံစစ် ပွဲချိန်ပြည့် ဟန့်တားဖို့မလွယ်ဘူး



## ဘုန်းမောက် VS အဲဗာတန် နံနက် ၂း၀၀

နောက်ဆုံးအကြိမ်တွေ့ဆုံမှု အဲဗာတန် ၀ -၃ ဘုန်းမောက်

ဘုန်းမောက်က နောက်ဆုံးကစားခဲ့တဲ့ လေးပွဲမှာ နိုင်ပွဲမရရှိဘဲ တစ်ပွဲသရေနဲ့ သုံးပွဲအထိ ရှုံးနိမ့်ထားတယ်။ ဒါပေမယ့် လိဂ်အိမ်ကွင်း ခြောက်ပွဲမှာ လေးပွဲအထိ နိုင်ပွဲရရှိထားတယ်။ အဝေးကွင်း စွမ်းဆောင်ရည်ပိုင်း အားနည်းတဲ့ အဲဗာတန်က နောက်ဆုံးကစားခဲ့တဲ့ ကာဆယ်နဲ့ပွဲမှာ ဂိုးပြတ်ရှုံးပွဲ ကြုံတွေ့ထားတယ်။ ဘုန်းမောက်နိုင်ဖွယ်ရာရှိတယ်။




| ■ စောင့်ကြည့်ရမယ့်ကစားသမား | ဘုန်းမောက်အသင်း နောက်ဆုံးသုံးပွဲရလဒ် | အဲဗာတန်အသင်း နောက်ဆုံးသုံးပွဲရလဒ် | ■ စောင့်ကြည့်ရမယ့်ကစားသမား |
|---|---|---|---|
| ဆီမန်ညို | ဗီလာ ၄-၀ ဘုန်းမောက် | အဲဗာတန် ၂-၀ ဖူလ်ဟမ် | အင်ဒီယေး |
| ဘုန်းမောက် (တိုက်စစ်) | ဘုန်းမောက် ၂-၂ ဝက်စ်ဟမ်း | မန်ယူ ၀-၁ အဲဗာတန် | အဲဗာတန် (ကွင်းလယ်) |
| သွင်းဂိုး + ဂိုးဖန်တီးမှု = ၉ | ဆန်းဒါးလန်း ၃-၂ ဘုန်းမောက် | အဲဗာတန် ၁-၄ ကာဆယ် | သွင်းဂိုး + ဂိုးဖန်တီးမှု = ၅ |




## ဖူလ်ဟမ် VS မန်စီးတီး နံနက် ၂း၀၀

နောက်ဆုံးအကြိမ်တွေ့ဆုံမှု ဖူလ်ဟမ် ၀ -၂ မန်စီးတီး

ဖူလ်ဟမ်က စပါးအပါအဝင် နောက်ဆုံးနှစ်ပွဲမှာ နှစ်ပွဲစလုံး နိုင်ပွဲရရှိထားတယ်။ မန်စီးတီးက တိုက်စစ်အကောင်းဆုံးအသင်းအဖြစ် ရပ်တည်နေပေမယ့် အဝေးကွင်း ခြောက်ပွဲမှာ သုံးပွဲအထိ ရှုံးနိမ့်ထားတယ်။ အိမ်ကွင်းအားသာတဲ့ ဖူလ်ဟမ်ရဲ့ရုန်းအားကြောင့် မန်စီးတီးအခက်တွေ့နိုင်ပေမယ့် ရမှတ်အပြည့် ရယူသွားဖွယ်ရှိတယ်။



| ■ စောင့်ကြည့်ရမယ့်ကစားသမား | ဖူလ်ဟမ်အသင်း နောက်ဆုံးသုံးပွဲရလဒ် | မန်စီးတီးအသင်း နောက်ဆုံးသုံးပွဲရလဒ် | ■ စောင့်ကြည့်ရမယ့်ကစားသမား |
|---|---|---|---|
| ရာအူးလ် ဂျီမီနက်ဇ် | အဲဗာတန် ၂-၀ ဖူလ်ဟမ် | ကာဆယ် ၂-၁ မန်စီးတီး | ဟာလန်း |
| ဖူလ်ဟမ် (တိုက်စစ်) | ဖူလ်ဟမ် ၁-၀ ဆန်းဒါးလန်း | မန်စီးတီး ၀-၂ လေဗာကူဆင် | မန်စီးတီး (တိုက်စစ်) |
| သွင်းဂိုး + ဂိုးဖန်တီးမှု = ၃ | စပါး ၁-၂ ဖူလ်ဟမ် | မန်စီးတီး ၃-၂ လိဒ်စ် | သွင်းဂိုး + ဂိုးဖန်တီးမှု ၁၅ |



## ကာဆယ် VS စပါး နံနက် ၂း၄၅

နောက်ဆုံးအကြိမ်တွေ့ဆုံမှု ကာဆယ် ၂ -၀ စပါး

ဒီရာသီ ကာဆယ်ရဲ့ အိမ်ကွင်းစွမ်းဆောင်ရည် အတော်လေးကောင်းတယ်။ ပြိုင်ဘက်စပါးက အိမ်ကွင်းထက် အဝေးကွင်းစွမ်းဆောင်ရည်ကောင်းတယ်။ စပါးက နောက်ဆုံးသုံးပွဲဆက် ရှုံးနိမ့်ထားတယ်။ ဒါကြောင့် ကာဆယ်ထက် ရှုံးပွဲဆက်မှုကို ချေဖျက်ဖို့ ကြိုးစားလာမယ့် စပါးအသင်း နိုင်ဖွယ်ရာရှိတယ်။



| ■ စောင့်ကြည့်ရမယ့်ကစားသမား | ကာဆယ်အသင်း နောက်ဆုံးသုံးပွဲရလဒ် | စပါးအသင်း နောက်ဆုံးသုံးပွဲရလဒ် | ■ စောင့်ကြည့်ရမယ့်ကစားသမား |
|---|---|---|---|
| ဂူမာရက်စ် | ကာဆယ် ၂-၁ မန်စီးတီး | အာဆင်နယ် ၄-၁ စပါး | ရစ်ချတ်လီဆန် |
| ကာဆယ် (ကွင်းလယ်) | မာဆေးလ် ၂-၁ ကာဆယ် | ပီအက်စ်ဂျီ ၅-၃ စပါး | စပါး (တိုက်စစ်) |
| သွင်းဂိုး + ဂိုးဖန်တီးမှု = ၅ | အဲဗာတန် ၁-၄ ကာဆယ် | စပါး ၁-၂ ဖူလ်ဟမ် | သွင်းဂိုး + ဂိုးဖန်တီးမှု ၇ |

## ကင်မရွန်းဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် ဆမ်မြူရယ်အီတူး ပြန်လည်ရွေးကောက်တင်မြှောက်ခံရ



အာဖရိကတစ်နှစ်တာအကောင်းဆုံးဆုကို လေးကြိမ်ဆွတ်ခူးထားနိုင်သည့် ဆမ်မြူရယ်အီတူးသည် ကင်မရွန်း ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် ပြန်လည်ရွေးကောက်တင်မြှောက်ခံရကြောင်း သိရသည်။

ကင်မရွန်းဂန္ထဝင်ကစားသမား အီတူးသည် နိုဝင်ဘာ ၂၉ ရက်က ပြုလုပ်ခဲ့သော ကင်မရွန်းဘောလုံးအဖွဲ့ချုပ် အထွေထွေညီလာခံအဖွဲ့ဝင်များ၏ ဆန္ဒမဲ ၈၇ မဲအနက် ၈၅ မဲ ထောက်ခံရရှိခဲ့ကြောင်း သိရသည်။ ၂၀၂၁ ခုနှစ်က ပထမအကြိမ် ကင်မရွန်းဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခံရသော အီတူး သည် ယခုအခါ ၂၀၂၉ ခုနှစ်အထိ နောက်ထပ် လေးနှစ်သက်တမ်းကို ထမ်းဆောင်သွားတော့မည် ဖြစ်သည်။

အီတူးသည် ဘာစီလိုနာ၊ အင်တာမီလန်နှင့် ချယ်ဆီးကဲ့သို့သော နာမည်ကြီး အသင်းများတွင် ကစားခဲ့ဖူးပြီး အောင်မြင်မှုမှတ်တိုင်များ စိုက်ထူနိုင်ခဲ့သည်။ ထို့အပြင် ၎င်းသည် ကင်မရွန်းအသင်းကို အာဖရိကနိုင်ငံများဖလား နှစ်ကြိမ်နှင့် အိုလံပစ် ရွှေတံဆိပ်ရရှိအောင် စွမ်းဆောင်ပေးထားနိုင်သည်။ ၎င်းသည် ကစားသမားဘဝတွင် ပွဲပေါင်း ၅၈၇ ပွဲ ပါဝင်ကစားထားကာ ၂၉၃ ဂိုး သွင်းယူပေးထားနိုင်သည်။ ■



■ ခရစ္စတယ်ပဲလေ့စ်အသင်းဘက်သို့ အနိုင်ဂိုးသွင်းယူပြီးနောက် မေဆင်မောင့်နှင့် အသင်းဖော် ဖာနန်ဒက်စ်တို့ အောင်ပွဲခံစဉ်။

## ဖာနန်ဒက်စ်ခြေစွမ်းပြမှုနှင့်အတူ မန်ယူက ခရစ္စတယ်ပဲလေ့စ်ကို အနိုင်ရ

နိုဝင်ဘာ ၃၀ ရက် ညနေ ၆ နာရီခွဲက ဆဲလ်ဟတ်စ်ပတ်ခ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် ခရစ္စတယ်ပဲလေ့စ်နှင့် မန်ယူအသင်းပွဲစဉ်တွင် မန်ယူအသင်းက အကြိတ်အနယ်ကစားကာ နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

ပွဲကစားချိန် ၃၆ မိနစ်တွင် တိုက်စစ်ကစားသမား မာတီတာက ခရစ္စတယ်ပဲလေ့စ်အသင်းအတွက် ပယ်နယ်တီမှတစ်ဆင့် ဦးဆောင်ဂိုးသွင်းယူပေးခဲ့သည်။ မန်ယူအသင်းသည် ပထမပိုင်းတွင် ဂိုးရရှိနိုင်သည့် အခွင့်အရေးအချို့ ဖန်တီးနိုင်ခဲ့သော်လည်း ဂိုးအဖြစ်ပြောင်းလဲနိုင်ခြင်းမရှိခဲ့ပေ။

သို့သော်လည်း မန်ယူအသင်းသည် ဒုတိယပိုင်းတွင် အသင်းခေါင်းဆောင် ဖာနန်ဒက်စ် ခြေစွမ်းပြမှုနှင့်အတူ ချေပဂိုးနှင့် အနိုင်ဂိုး သွင်းယူပြီး သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးမှုကို ရပ်တန့်နိုင်ခဲ့သည်။ ချေပဂိုးသွင်းပေးခဲ့သည့် တိုက်စစ်ကစားသမား ဇီဇီးသည် ၁၂ လအတွင်း ပထမလိဂ်ဂိုးကို သွင်းယူနိုင်ခဲ့ခြင်း ဖြစ်သည်။

အခြားပွဲစဉ်ရလဒ်များတွင် အက်စ်တွန်ဗီလာက ဝုဒ်ကို တစ်ဂိုး- ဂိုးမရှိ၊ ဘရိုက်တန်က နော်တင်ဟမ်ဖောရက်စ်ကို နှစ်ဂိုးပြတ်၊ လီဗာပူးက ဝက်စ်ဟမ်းကို နှစ်ဂိုးပြတ်ဖြင့် နိုင်ပွဲအသီးသီးရရှိခဲ့သည်။

## ယူရိုလိဂ်ဘတ်စကက်ဘောပွဲစဉ်များ အစ္စရေးနိုင်ငံ၌ ပြန်လည်လက်ခံကျင်းပမည်

အစ္စရေးယူရိုလိဂ်အသင်းများဖြစ်သည့် ဟာပိုယယ်တဲအဗစ်နှင့် မက္ကာဘီ တဲလ်အဗစ်တို့သည် နှစ်နှစ်ကျော်ကြာပြီးနောက် အစ္စရေးနိုင်ငံတွင် ဘတ်စကက်ဘောပွဲစဉ်များ ပြန်လည်ကျင်းပခွင့် ရရှိပြီဖြစ်ကြောင်း ယူရိုလိဂ်၏ ဆုံးဖြတ်ချက်ကို ကိုးကားပြီး အဆိုပါ နှစ်သင်းက နိုဝင်ဘာ ၂၇ ရက်တွင် ထုတ်ပြန်ထားသည်။

၂၀၂၃ ခုနှစ်က အစ္စရေး-ပါလက်စတိုင်း ပဋိပက္ခစတင်ဖြစ်ပွားပြီးနောက် လုံခြုံရေးအကြောင်းပြချက်များဖြင့် အစ္စရေးနိုင်ငံတွင် အဆိုပါ နှစ်သင်းအား နိုင်ငံတကာပွဲစဉ်များကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ကို ပိတ်ပင်ထားသည်။

ဆုံးဖြတ်ချက်အသစ်အရ ယူရိုလိဂ်သည် ဒီဇင်ဘာ ၁၁ ရက်တွင် အစ္စရေးနိုင်ငံ၌ ကျင်းပသွားရန် စီစဉ်ထားပြီး ယင်းနေ့တွင် မက္ကာဘီ တဲလ်အဗစ်နှင့် ပြင်သစ်အခြေစိုက် လိုင်ယွန်-ဗီလာဘန်းအသင်းတို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ ဟာပိုယယ်တဲအဗစ်က ဒီဇင်ဘာ ၁၆ ရက်တွင် ရက်စတားဘဲလ်ဂရိတ်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

## နောက်ဆုံးရ အားကစားသတင်းတိုများ

- ဝက်စ်ဟမ်းဂန္ထဝင်ကစားသမား ဘီလီဘွန်းစ် အသက် ၇၉ နှစ်အရွယ်တွင် ကွယ်လွန်သွားပြီ ဖြစ်သည်။ ၎င်းသည် ဝက်စ်ဟမ်းအသင်းအတွက် ပွဲပေါင်း ၇၉၉ ပွဲ ပါဝင်ကစားထားသည်။
- နိုဝင်ဘာ ၃၀ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် စီးရီးအေပွဲစဉ် (၁၃) တွင် အင်တာမီလန်က တန်းဆင်းဇုန်မှ ပီဆာကို နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့သည်။

■ မိုးဇက်-စုစည်းရေးသားသည်

## လောင်းလုံးမြို့နယ်၌ ဒုတိယအကြိမ် မဲစာရင်းများ မြေပြင်ကွင်းဆင်းစစ်ဆေး

**လောင်းလုံး နိုဝင်ဘာ ၃၀**

တနင်္သာရီ တိုင်းဒေသကြီး လောင်းလုံးမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် အသက် ၁၈ နှစ်နှင့်အထက် မဲပေးခွင့်ရှိသူတိုင်း ဆန္ဒမဲပေးနိုင်ရေးအတွက် ဒုတိယ အကြိမ်မဲစာရင်းများ ကပ်ထား ကြေညာခြင်းအပေါ် မြေပြင် ကွင်းဆင်း တိုက်ဆိုင်စစ်ဆေးခြင်း ကို လောင်းလုံးမြို့ပေါ်ရပ်ကွက် များနှင့် ကျေးရွာများတွင် နိုဝင်ဘာ ၂၆ ရက် နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ လူဦးရေစာရင်းများ တိုက်ဆိုင် စစ်ဆေးရာတွင် လောင်းလုံးမြို့နယ် စီမံခန့်ခွဲရေး နှင့် အုပ်ချုပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအောင်မြတ်ထိုက်၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်



ပြည်သူ့အင်အား ဝန်ကြီးဌာန လောင်းလုံးမြို့နယ် ဦးစီးမှူးရုံးမှ တာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူ များ၊ ရပ်ကွက်ကျေးရွာ အုပ်ချုပ် ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန် ရှိသူများက အဖွဲ့ငယ်များဖြင့် တိုက်ဆိုင်စစ်ဆေးပြီး ပုံစံ-၃၊ ပုံစံ-၄၊ ပုံစံ-၄(က) များ တောင်းဆိုခြင်း၊ ကန့်ကွက်ခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းများ ဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

သိန်းသိန်း(လောင်းလုံး)

## သီပေါမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စေရေးအတွက် ကွင်းဆင်းဆောင်ရွက်

**သီပေါ နိုဝင်ဘာ ၃၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမို



ကရေစီ အထွေထွေရွေးကောက်ပွဲတွင် မြို့နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာများမှပြည်သူများ ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရေး၊ မဲစာရင်း တွင်အမည်ပါရှိစေရေး၊ အချက်အလက်များ ပြည့်စုံမှန်ကန်စေရေး အတွက် တိုက်ဆိုင်စစ်ဆေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်စီမံ ခန့်ခွဲရေးနှင့် ကြီးကြပ်မှုကော်မတီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဦးစီးဌာန၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ ခွဲ၊ ရပ်/ကျေးအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ ဖြင့် အဖွဲ့ငယ်များဖွဲ့၍ ရပ်ကွက်/ကျေးရွာများရှိ နေအိမ်များသို့ ကွင်းဆင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## နောင်ချိုမြို့နယ်အတွင်း မဲစာရင်းတွင် အမည်ပါရှိစေရေး ကွင်းဆင်းဆောင်ရွက်

**နောင်ချို နိုဝင်ဘာ ၃၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ်အတွင်း ရပ်ကွက်/ ကျေးရွာအုပ်စုများရှိ ဒေသခံ ပြည်သူများ ဆန္ဒမဲပေးခွင့် မဆုံးရှုံး စေရေး၊ မဲစာရင်းတွင် အမည်ပါရှိ စေရေး စသည့် လုပ်ငန်းစဉ်များကို မြေပြင်ကွင်းဆင်း တိုက်ဆိုင် စစ်ဆေးဆောင်ရွက်မှုကို ယမန် နေ့ နံနက်ပိုင်းက ကွင်းဆင်း စစ်ဆေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ် ရေးကော်မတီဥက္ကဋ္ဌ ဦးစည်သူ လင်းနှင့်အဖွဲ့ဝင်များ၏ ကြီးကြပ် မှုဖြင့် စာရင်းတိုက်ဆိုင်စစ်ဆေး ရေးအဖွဲ့များ၊ ရပ်ကျေးအုပ်ချုပ် ရေးအဖွဲ့တို့က မြေပြင်ရှိအိမ်များ သို့ နေ့စဉ် ကွင်းဆင်းစစ်ဆေးပြီး ကျန်ရှိသူများရှိပါက ပုံစံ-၃၊ ပြင်ဆင်ပယ်ဖျက်ခြင်းများ ရှိပါက ပုံစံ-၄ များဖြင့် စီစဉ်ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)



## ငပုတောမြို့နယ်အတွင်း မဲစာရင်း၌ အမည်ပါရှိစေရေး တိုက်ဆိုင်စစ်ဆေး

**ငပုတော နိုဝင်ဘာ ၃၀**

ငပုတောမြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာအုပ်စုများရှိ ဒေသခံ



ပြည်သူများ ဆန္ဒမဲပေးခွင့်မဆုံးရှုံးစေရေး၊ မဲစာရင်းတွင် အမည်ပါရှိ စေရေး စသည့် လုပ်ငန်းစဉ်များကို မြေပြင်တိုက်ဆိုင်စစ်ဆေးမှုကို ယမန်နေ့က ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်ဝင်းသိန်း၊ ခရိုင်ဦးစီးမှူး ဦးအောင်စိုး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဆန်းဦးတို့၏ ကြီးကြပ်မှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကျေးအုပ်ချုပ်ရေးအဖွဲ့တို့က မြေပြင်ရှိ အိမ်များသို့ နေ့စဉ်ကွင်းဆင်းစစ်ဆေးပြီး ကျန်ရှိသူများရှိပါက ပုံစံ ၃၊ ပြင်ဆင်ပယ်ဖျက်ခြင်းများရှိပါက ပုံစံ ၄ များဖြင့် စီစဉ်ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

အောင်သူ(ပြန်/ဆက်)

## စစ်ကိုင်းမြို့၌ မဲစာရင်းများမှန်ကန်စေရေး မြေပြင်ကွင်းဆင်းကောက်ယူမှုကြည့်ရှု

**စစ်ကိုင်း နိုဝင်ဘာ ၃၀**

စစ်ကိုင်းမြို့၌ ဒီဇင်ဘာ ၂၈ ရက် တွင် ကျင်းပမည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင် ခွင့်ရှိသည့် မဲဆန္ဒရှင်စာရင်းများ မှန်ကန်စေရေး သက်ဆိုင်ရာဌာန များ၊ ရပ်ကွက်၊ ကျေးရွာကော်မရှင် အဖွဲ့ခွဲဝင်များဖြင့် မြေပြင် ကွင်းဆင်း၍ စာရင်းကောက်ယူ လျက်ရှိသည်။



ထိုသို့ မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရာတွင် မြို့နယ် မဲစာရင်းမှန်ကန်စေရေး ကြီးကြပ် လုပ်ငန်းအဖွဲ့ ခြောက်ဖွဲ့မှ တာဝန် ရှိသူများက ကြီးကြပ်ဆောင်ရွက် လျက်ရှိရာ စစ်ကိုင်းခရိုင် စီမံခန့်ခွဲ ရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်စွာမောင် စိုးနှင့် တာဝန်ရှိသူများက ကြည့်ရှု စစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ သည်။

နေလင်းအောင်(ပြန်/ဆက်)



## ဖြူးမြို့နယ်၌ ကျန်းမာရေးမကောင်းသူများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်

**ဖြူး နိုဝင်ဘာ ၃၀**

ဖြူးမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အတွက် ယာယီနေရပ်စွန့်ခွာပြည်သူများ ကြိုတင်ဆန္ဒမဲပေးလျက်ရှိရာ ကျန်းမာရေးမကောင်းသူများနှင့် သက်ကြီးရွယ်အိုများ ကြိုတင်ဆန္ဒ မဲပေးနိုင်ရေး နိုဝင်ဘာ ၂၉ ရက်တွင် ရပ်ကွက်များအတွင်း မဲပေးနိုင်ရေး ဆောင်ရွက်ခဲ့သည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် ထန်းတပင်မြို့နယ်၊ ကျောက်ကြီး မြို့နယ်နှင့် အုတ်တွင်းမြို့နယ်များမှ ဖြူးမြို့နယ်အတွင်း ယာယီနေရပ် စွန့်ခွာရောက်ရှိနေကြသည့် ဆန္ဒမဲပေးခွင့်ရှိသူပြည်သူများမှ ကျန်းမာ ရေးမကောင်းသူများနှင့် သက်ကြီးရွယ်အိုများ ကြိုတင်မဲပေးနိုင်ရေး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကျေးစာရေးများ၊ ရာအိမ်မှူးများစုပေါင်း၍ ကွင်းဆင်းဆောင်ရွက် ခဲ့ကြောင်း သိရသည်။

နေမျိုးလွင်(ပြန်/ဆက်)



## တိုက်ကြီးမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ မှန်ကန်စေရေးနှင့် ကျန်ရှိမှုမရှိစေရေး ကွင်းဆင်းဆောင်ရွက်

**တိုက်ကြီး နိုဝင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ မြေပြင် တွင် မဲစာရင်းမှန်ကန်စေရေးနှင့် ကျန်ရှိမှုမရှိစေရေး မဲဆန္ဒရှင်ပြည်သူ များ၏ နေအိမ်များသို့ ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများကို တိုက်ကြီးမြို့နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာအုပ်စု ၉၅ အုပ်စုအား နိုဝင်ဘာ ၂၇ ရက်မှ ဒီဇင်ဘာ ၃ ရက် အထိ ကွင်းဆင်းစိစစ်ရန် ဖွဲ့စည်းတာဝန်ပေးအပ်ထားရှိသည့် ဌာန ဆိုင်ရာများနှင့် အဖွဲ့အစည်း ၄၄ ဖွဲ့မှ တာဝန်ရှိသူများက ကွင်းဆင်း စိစစ်ခဲ့ရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသူအောင် နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်စိုးနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့သည်။

ဝတ်ရည်(ပြန်/ဆက်)



ညောင်ဦးခရိုင် မီးသတ်ဦးစီးမှူး ဦးမင်းသိမ်းထွန်း၊ မြို့နယ်မီးသတ် ဦးစီးမှူး ဦးကျော်မင်းသူတို့ ဦးဆောင်သော ခရိုင်နှင့် မြို့နယ်မီးသတ် တပ်ဖွဲ့ဝင်များ နိုဝင်ဘာ ၂၉ ရက်က ညောင်ဦးမြို့ အမှတ်(၁၊ ၂) ရပ်ကွက်အတွင်း မီးဘေးလုံခြုံရေးစစ်ဆေးခြင်းများ ဆောင်ရွက်စဉ်။

## တမူးမြို့နယ်၌ မဲရုံများအား တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေး

**တမူး နိုဝင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရပ်ကွက်/



ကျေးရွာအုပ်စုမဲရုံများကို နိုဝင်ဘာ ၂၉ ရက်က ရပ်ကွက်လေးရပ်ကွက်နှင့် ကျေးရွာအုပ်စု တစ်အုပ်စုတွင် မဲရုံစုစုပေါင်း ၂၆ ရုံကို ကွင်းဆင်း စစ်ဆေးခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် တမူးမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက ရပ်ကွက်နှင့် ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ မဲရုံမှူး၊ ဒုတိယ မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး မြို့နယ်အတွင်းရှိ မဲရုံများ ပြင်ဆင် ဆောင်ရွက်ထားရှိမှု၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ထားမှု၊ လုံခြုံရေး ဆောင်ရွက်ထားမှုအခြေအနေနှင့် ဒုတိယအကြိမ် မဲဆန္ဒရှင်အမည်စာရင်းများ ထုတ်ပြန်ကြေညာထားမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

## မိုးနဲမြို့နယ်၌ အီလက်ထရောနစ်မဲပေးစက် လက်တွေ့သရုပ်ပြ

**မိုးနဲ နိုဝင်ဘာ ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်တွင် ဌာနဆိုင်ရာဝန်ထမ်းများအား အီလက်ထရောနစ်မဲပေးစက်အသုံးပြုခြင်း အသိပညာပေး ရှင်းလင်းခြင်းနှင့် မဲပေးစက် လက်တွေ့သရုပ်ပြ မဲပေးခြင်းကို သက်ဆိုင်ရာ တာဝန်ရှိသူများက နိုဝင်ဘာ ၂၈ ရက် နံနက်ပိုင်းတွင် မြို့နယ်ကမ္ဘောဇခန်းမ၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်က အမှာစကား ပြောကြားပြီး တက်ရောက်လာကြသည့် ဌာနဆိုင်ရာများအား အီလက်ထရောနစ် မဲပေးစက် အသုံးပြု၍ လက်တွေ့စမ်းသပ်မဲပေးခြင်း၊ မဲပေးစက်မှ ထုတ်ပေးသည့် မဲရလဒ်စာရွက်နှင့် မဲပုံးအတွင်းရှိ မဲလက်မှတ်များကို တိုက်ဆိုင်စစ်ဆေး၍ မဲရလဒ်မှန်၊ မမှန် စိစစ်ခြင်း စသည့် မဲပေးပုံ အဆင့်အဆင့်ကို လက်တွေ့ သရုပ်ပြ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

## မြစ်သားမြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေး

**မြစ်သား နိုဝင်ဘာ ၃၀**

မြစ်သားမြို့နယ် သစ်တောဦးစီးဌာနမှ သစ်တောပြုစုထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာ



ပေးဟောပြောပွဲကို နိုဝင်ဘာ ၂၆ ရက်က ကျီတော်ကုန်းအခြေခံပညာ မူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးအောင်မိုးလွင်က သစ်တောသစ်ပင်များမှရရှိသည့် အကျိုးကျေးဇူးနှင့် အသုံးဝင်ပုံများ၊ သစ်တောများ ပြုန်းတီးရခြင်းကြောင့် ခံစားရမည့် ဆိုးကျိုးများ၊ သစ်တောသစ်ပင်များ ထိန်းသိမ်းရေးနှင့် သစ်တောများ မီးလောင်မှုမရှိအောင်ကာကွယ်ရန်နှင့် မီးရှို့ခြင်းများ မပြုလုပ်ကြစေရန် ဆောင်ရွက်ရမည့်အချက်များ၊ မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာဗဟုသုတများနှင့် ကျောင်းဝင်းအတွင်း မိမိပတ်ဝန်းကျင်နေရာများကို သစ်ပင်များ စိုက်ပျိုးပြုစုထိန်းသိမ်းခြင်းများ ပူးပေါင်းဆောင်ရွက်သွားရန် ရှင်းလင်းဟောပြောသည်။

**ဝါဝါမြင့် (မြစ်သား)**

## တုံတာမြို့၌ မဲဆန္ဒရှင်စာရင်းများ မှန်ကန်မှုရှိစေရေး ကွင်းဆင်းဆောင်ရွက်

**တုံတာ နိုဝင်ဘာ ၃၀**

တုံတာမြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ရပ်ကွက်နှင့် ကျေးရွာများအလိုက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်စာရင်းများ မှန်ကန်မှုရှိစေရန်အတွက် နိုဝင်ဘာ ၂၉ ရက်က မြို့ပေါ်ရပ်ကွက် လေးရပ်ကွက်တွင် မြေပြင်ကွင်းဆင်း စိစစ်ဆောင်ရွက်သည်။

တုံတာမြို့အတွင်း မဲဆန္ဒရှင်စာရင်းများ မြေပြင်ကွင်းဆင်းဆောင်ရွက်ရာသို့ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ တုံတာမြို့အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ မြို့အုပ်ချုပ်ရေးမှူး ဦးခင်မောင်လတ်၊ မိုင်းပျဉ်းမြို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်ကျော်လွင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ရပ်ကွက်စာရေးများ၊ သက်ဆိုင်ရာရပ်ကွက်၊ အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက မြို့ပေါ်ရပ်ကွက်လေးခု၌ ဆန္ဒမဲပေးနိုင်မည့် မဲဆန္ဒရှင်စာရင်းများ မှန်ကန်မှုရှိစေရေး စိစစ်ဆောင်ရွက်ခြင်းများကို ကွင်းဆင်းဆောင်ရွက်သည်။

**မြတ်မွန်(ပြန်/ဆက်)**





## ဖယ်ခုံမြို့၌ မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေး မြေပြင်ကွင်းဆင်းဆောင်ရွက်

**ဖယ်ခုံ နိုဝင်ဘာ ၃၀**

ဖယ်ခုံမြို့၌ မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေးနှင့် မဲပေးပိုင်ခွင့်ရှိသူများအားလုံး ပါဝင်နိုင်ရေးအတွက် နိုဝင်ဘာ ၂၉ ရက် က ဖယ်ခုံမြို့ပေါ်ရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများတွင် သက်ဆိုင်ရာ တာဝန်ရှိသူများက မြေပြင်ကွင်းဆင်းစစ်ဆေး မဲစာရင်းကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ မဲဆန္ဒရှင်စာရင်းလုပ်ငန်းဆောင်ရွက်ရာတွင် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲတို့က ဟိန်မွေရပ်ကွက်၊ ညောင်ကုန်းရပ်ကွက်၊ မြို့ကုန်းရပ်ကွက်နှင့် ကုန်ဆုံကျေးရွာအုပ်စုတို့တွင် အပိုင်းလိုက်ခွဲ၍ မဲစာရင်းပြည့်စုံမှန်ကန်စေရေးနှင့် မဲပေးပိုင်ခွင့်ရှိသူအားလုံး ပါဝင်နိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်သည်။

**မြို့နယ်(ပြန်/ဆက်)**



## တာလေမြို့၌ ပြည်သူများ မဲစာရင်း ကျန်ရှိမှုမရှိစေရေး ကွင်းဆင်းဆောင်ရွက်

**တာလေ နိုဝင်ဘာ ၃၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာလေမြို့၌ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးရန် သတ်မှတ်ချက်ပုံစံနှင့် ကိုက်ညီသော မဲဆန္ဒရှင်ပြည်သူများ မဲစာရင်းတွင် ပါဝင်နိုင်ရေးနှင့် အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိစေရေးတို့အတွက် နိုဝင်ဘာ ၂၈ ရက်က မြို့ပေါ် ရပ်ကွက်လေးရပ်ကွက်အတွင်း သက်ဆိုင်ရာ တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့အတွင်း မြေပြင်ကွင်းဆင်း ကောက်ယူရေးကော်မတီအဖွဲ့များနှင့် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲ၊ အဖွဲ့ဝင်များပူးပေါင်း၍ အိမ်ထောင်စုလူဦးရေစာရင်းတွင် ပါဝင်သည့် အမည်စာရင်းနှင့် မဲစာရင်းတွင်ပါဝင်သည့် အမည်စာရင်း မှန် မမှန်၊ မဲစာရင်း၌ မိမိအမည်မပါဝင်ပါက ပုံစံ (၃)ဖြင့် လည်းကောင်း၊ မဲစာရင်းတွင် မိမိအမည်စာရင်းမပါဝင်သင့်ဘဲ ပါဝင်နေပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ခြင်း၊ မဲစာရင်းပါအချက်အလက်များ မှားယွင်းနေပါက ပုံစံ(၄/က)ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်းများကို လိုက်လံကွင်းဆင်းစစ်ဆေး ဆောင်ရွက်ပေးလျက်ရှိသည်။

**ရဲထက်ဦး(ပြန်/ဆက်)**



## ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းလမ်းညွှန်သင်တန်းဖွင့်

**ကျောက်ဆည် နိုဝင်ဘာ ၃၀**

ကျောက်ဆည်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ကြီးမှူး၍ ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းလမ်းညွှန်သင်တန်းကို နိုဝင်ဘာ ၂၉ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် ဦးတင်မြင့်က ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး လွတ်လပ်၍ တရားမျှတပြီး အောင်မြင်စေရန်အတွက် စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် ရှင်းလင်းပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် ဦးမြင့်ဦးက မဲပေးစက်နှင့်ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းပြောကြားရာ ရပ်ကွက်/ကျေးရွာ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက သိရှိလိုသည်များကို ပြန်လည်မေးမြန်းခဲ့ကြောင်း သိရသည်။

**သက်မောင် (ကျောက်ဆည်)**

## ရှမ်းပြည်နယ်(တောင်ပိုင်း) ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**တောင်ကြီး နိုဝင်ဘာ ၃၀**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်၊ ရှမ်းပြည်နယ် (တောင်ပိုင်း) တာဝန်ခံ ဦးခင်မောင်ဦးသည် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်မင်းဝင်း၊ တောင်ကြီးခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အတွင်းရေးမှူးတို့နှင့်အတူ နိုဝင်ဘာ ၂၈ ရက်က ဆီဆိုင်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမနှင့် ဟိုပုံးမြို့ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမတို့၌ မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အထက(၁)ဆီဆိုင် ယုဇနခန်းမ၌ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ဝင် ၃၈ ဦးဖြင့် ဖွင့်လှစ်လျက်ရှိသည့် ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသင်တန်းကို ကြည့်ရှုအားပေးပြီး ဆီဆိုင်မြို့ သီရိရပ်ကွက်၊ မင်္ဂလာရပ်ကွက်နှင့် ဆိုက်ခေါင်ကျေးရွာအုပ်စုတို့တွင် ဒုတိယအကြိမ် မဲစာရင်းကပ်ထား ကြေညာမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဟိုပုံးမြို့နယ် အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင် ၅၆ ဦးဖြင့် သင်တန်းဖွင့်လှစ်နေမှုနှင့် ဟိုပုံးမြို့နယ် နမ့်ခုတ်ကျေးရွာအုပ်စု အနောက်ရပ်ကွက်နှင့် တုံခမ်းရပ်ကွက်တို့တွင် ဒုတိယအကြိမ် မဲစာရင်း ကပ်ထားကြေညာမှုကို လည်းကောင်း၊ တောင်ကြီးမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ဖွင့်လှစ်လျက်ရှိသည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ သင်တန်းပို့ချနေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

## ပူတာအိုမြို့၌ ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းဖွင့်

**ပူတာအို နိုဝင်ဘာ ၃၀**

ပူတာအိုမြို့နယ်၌ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ၊ မဲရုံအဖွဲ့ဝင်များအား



ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းကို နိုဝင်ဘာ ၂၈ ရက်က ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးထွန်းက အမှာစကားပြောကြားပြီး ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ခရိုင်ရွေးကောက်ပွဲအရာရှိ ဒေါ်ဘေလားခူရ်ဘူဆားရ်က ရပ်ကွက်/ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ အခန်းကဏ္ဍများကို ရှင်းလင်းပြောကြားကာ ပူတာအိုမြို့နယ်အတွင်းရှိ မဲရုံများတွင် တာဝန်ထမ်းဆောင်ကြမည့် ရပ်ကွက်/ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့်အဖွဲ့ဝင်များ ပါဝင်သည့် သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၅၀ ခန့်အား နှစ်ရက်ကြာ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**ဖုန်ကန်(ပူတာအို)**

## ဘားအံမြို့နယ်၌ မဲစာရင်းများပြည့်စုံမှန်ကန်စေရေးအတွက် ကွင်းဆင်းဆောင်ရွက်



**ဘားအံ နိုဝင်ဘာ ၃၀**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းများ ဒုတိယအကြိမ် ကပ်ထားကြေညာလျက်ရှိရာ ပြည်သူများ လာရောက်ကြည့်ရှုမှုအပြင် မဲစာရင်းများ ပြည့်စုံ မှန်ကန်စေရေးအတွက် ရပ်ကွက်/ကျေးရွာ အုပ်စုများတွင် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးအဖွဲ့များက နိုဝင်ဘာ ၂၇ ရက်မှ စတင်၍ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်း၊ နေ့စဉ် စာရင်း တိုက်ဆိုင်စစ်ဆေးခြင်းများ ဆောင်ရွက်ကြသည်။

မြို့နယ် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များက ဘားအံမြို့နယ်အတွင်းရှိ တိုက်နယ် ကိုးခုတို့တွင် ဒုတိယအကြိမ် မဲစာရင်းများ ကပ်ထားကြေညာမှုကို ပြည်သူများ လာရောက်ကြည့်ရှုမှုအပြင် အိမ်တိုင်ရာရောက်မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေးအတွက် မိမိရပ်ကွက်အတွင်း နေထိုင်သည့် အိမ်ထောင်စုအလိုက် မဲစာရင်းပါမပါ တိုက်ဆိုင်စစ်ဆေး စာရင်းကောက်ယူလျက်ရှိသည်။ အဆိုပါ မြေပြင်ကွင်းဆင်း စာရင်း ကောက်ယူနေမှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုသည်။

**ခရိုင်(ပြန်/ဆက်)**

## ခမောက်ကြီးမြို့၌ မဲဆန္ဒရှင်စာရင်းများ မြေပြင်ကွင်းဆင်းခြင်းဆောင်ရွက်

**ခမောက်ကြီး နိုဝင်ဘာ ၃၀**

တနင်္သာရီတိုင်းဒေသကြီး ခမောက်ကြီးမြို့၌ ရပ်ကွက်၊ကျေးရွာအလိုက် မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်စာရင်းများ မဲစာရင်းတွင် ပါဝင်နိုင်ရေး မြေပြင်ကွင်းဆင်းခြင်းကို နိုဝင်ဘာ ၂၇ ရက်မှစ၍ ရပ်ကွက်၊ ကျေးရွာအလိုက် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ရပ်/ကျေး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက ခမောက်ကြီးမြို့အတွင်းရှိ ရပ်ကွက်၊ကျေးရွာအလိုက် နေထိုင်သည့် ပြည်သူများအား အိမ်ထောင်စုစာရင်းများဖြင့် အသက်(၁၈)နှစ်ပြည့်ပြီး မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်များ မဲစာရင်းတွင် ပါဝင်မှုရှိ မရှိ တိုက်ဆိုင်စစ်ဆေးခြင်း၊



မဲပေးပိုင်ခွင့်ရှိပြီး ပါဝင်မှုမရှိသေးသူများအား ပုံစံ(၃) ဖြင့် လျှောက်ထားဆောင်ရွက်ခြင်းများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခမောက်ကြီး(ပြန်/ဆက်)**

**လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**



## ပေါင်မြို့နယ်၌ (၇၆)ကြိမ်မြောက် (၃၈) ဖြာမင်္ဂလာနှင့် ယဉ်ကျေးလိမ္မာဗုဒ္ဓဝင်စာမေးပွဲဖြေဆို

**ပေါင် နိုဝင်ဘာ ၃၀**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) ဗဟိုမှ ကြီးမှူးကျင်းပသည့် (၇၆)ကြိမ်မြောက် (၃၈) ဖြာမင်္ဂလာနှင့် ယဉ်ကျေးလိမ္မာဗုဒ္ဓဝင်စာမေးပွဲကို နိုဝင်ဘာ ၂၈ ရက်က ပေါင်မြို့နယ် စာစစ်ဌာန လေးခု၌ ဖြေဆိုကြသည်။

(၃၈) ဖြာမင်္ဂလာနှင့် ယဉ်ကျေးလိမ္မာ ဗုဒ္ဓဝင်စာမေးပွဲဖြေဆိုရာတွင် စာစစ်ဌာနများဖြစ်ကြသည့် အထက ပေါင်၊ အထက ဇင်းကျိုက်၊ အထက နတ်ကြီးချောင်၊ အထက အဟောက်ကျောင်းတို့မှ ကျောင်းသားကျောင်းသူ အကြီးတန်း ၅၀၊ အလတ်တန်း ၂၄၄ ဦး၊ အငယ်တန်း ၁၂၃၃ ဦး စုစုပေါင်း ၁၅၉၅ ဦးတို့က တစ်ပြိုင်နက်ဖြေဆိုခဲ့ကြသည်။

**မွန်မလေး(ပြန်/ဆက်)**



## ကမမောင်းမြို့၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မဲပေးခွင့်မဆုံးရှုံးစေရေး ကွင်းဆင်းဆောင်ရွက်

**ကမမောင်း နိုဝင်ဘာ ၃၀**

ကရင်ပြည်နယ် ကမမောင်းမြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်အမည်စာရင်းများ ဒုတိယအကြိမ် ကပ်ထားကြေညာပေးလျက်ရှိရာ ပြည်သူများ လာရောက်ကြည့်ရှုပြီး မိမိအမည်မဲစာရင်းတွင် ပါ၊ မပါကို သိရှိနိုင်ရေး၊ ကျန်ရှိမှုမဖြစ်စေရေးအတွက် နိုဝင်ဘာ ၂၈ ရက်က ရပ်ကွက်များသို့ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးအဖွဲ့များက ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကမမောင်း(ပြန်/ဆက်)**



## ရပ်ကွက်/ ကျေးရွာအုပ်စုအတွင်း မဲစာရင်းမှန်ကန်စေရေးအတွက် ကွင်းဆင်းဆောင်ရွက်

**မုဒုံ နိုဝင်ဘာ ၃၀**

မွန်ပြည်နယ် မုဒုံမြို့နယ်၌ ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် မဲဆန္ဒရှင်စာရင်း တိကျမှန်ကန်စေရန် မဲစာရင်းတိုက်ဆိုင်စိစစ်ခြင်းကို နိုဝင်ဘာ ၂၇ ရက်က မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများ၌ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးပြည်သိမ်းနှင့်အဖွဲ့ဝင်များ၊ စာရင်းတိုက်ဆိုင်စစ်ဆေးရေးအဖွဲ့များက လာမည့် အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းရလဒ် မှန်ကန်စေရေးအတွက် ဖွဲ့စည်းထားရှိသည့် ကြီးကြပ်မှုကော်မတီဝင်များဖြင့် စာရင်းကောက်ယူလျက်ရှိကြောင်း သိရသည်။

**ရာမည(ပြန်/ဆက်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ပြည်သူ့ဆေးရုံကြီး၊ ဖျာပုံမြို့

ဧရာဝတီတိုင်းဒေသကြီး ကုသရေးဦးစီးဌာန၊ ဖျာပုံပြည်သူ့ဆေးရုံကြီး၌ (၂၀၂၅-၂၀၂၆)ခု၊ ဘဏ္ဍာရေးနှစ်၊ ဓာတ်မှန်ဌာနတွင် တပ်ဆင်ထားရှိမည့် 16 Slice CT Scanner စက်၏ X-Ray Tube ပြုပြင်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ လိုင်စင်ရှိ ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် တင်ဒါခေါ်ယူအပ်ပါသည်။

အိတ်ဖွင့်တင်ဒါ၏ စည်းကမ်းချက်များအား သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။ အိတ်ဖွင့်တင်ဒါလျှောက်လွှာတစ်စောင်အတွက်တန်ဖိုးငွေကျပ်-၁၀၀၀၀/-ကျပ်တစ်သောင်းတိတိ)ဖြင့် ရောင်းချပါမည်။

**တင်ဒါတင်သွင်းလွှာပုံစံများ** - (၁-၁၂-၂၀၂၅)ရက်
**စတင်ရောင်းချမည့်ရက်** (တနင်္လာနေ့) နံနက်(၁၀:၀၀)နာရီ
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - (၃၀-၁၂-၂၀၂၅)ရက် (အင်္ဂါနေ့) ညနေ (၄:၀၀)နာရီ

**ဆေးရုံအုပ်ကြီးရုံး**
**ပြည်သူ့ဆေးရုံကြီး၊ ဖျာပုံမြို့**
**ဖုန်း-၀၉-၂၆၂၁၁၃၀၅၆**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ စရပ်ကွက်၊ အကွက်အမှတ် ထထ-၃၈၊ ဦးပိုင်အမှတ် ၅+၁၄/ ၅၈ x၅၉လမ်းကြား၊ ၁၂၇ x၁၂၈လမ်းကြားရှိ ဒေါ်ခင်သန်းမြင့်အမည်ပေါက် ဂရန်မြေကွက်အား ဖခင်ဦးဝူချုံရှူး(ခ)ထွန်းအေး၊ မိခင်ဒေါ်ခင်သန်းမြင့်တို့ ကွယ်လွန်၍ ကျန်ရစ်သူသားသမီးများဖြစ်ကြသော ဒေါ်ဖြူဖြူခိုင် ၁၃/တယန(နိုင်)၀၄၁၇၉၂၊ ဦးထွန်းလင်းမောင် ၁၃/တယန(နိုင်) ၀၄၁၇၉၃၊ ဦးကျော်လင်းမောင် ၁၃/တယန(နိုင်)၀၄၁၇၉၄၊ ဒေါ်ဖြူဖြူအောင် ၉/ခမစ(နိုင်)၁၁၇၄၂၃၊ ဦးကျော်မင်းမောင် ၉/ခမစ(နိုင်)၁၁၇၄၂၄၊ ဦးကျော်ဝင်းမောင် ၉/ခမစ(နိုင်)၁၁၇၄၂၅တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်နှင့် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ်(၇)ဦးပိုင်အမှတ်(၁၇)၊ ၆၃လမ်း၊ ၁၈x၁၉လမ်းကြားရှိ ဒေါ်ခင်မင်းယု၊ ဦးဇော်မျိုးမင်း၊ ဒေါ်လွင်လွင်မင်း၊ ဒေါ်ယဉ်မင်းသူ၊ ဒေါ်ကြင်မင်းအောင်၊ ဦးဝင်းဇော်မင်းတို့(၆)ယောက်အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ် အမှတ်(၂၁၄၅/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်ဖြူလွန်းချို ၉/မရမ(နိုင်)၀၀၃၇၉၇ က အမှုတွဲအမှတ်(၃၉၀၅/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၁၀)၊ ဦးပိုင်အမှတ် (၃၆)ခဲစင်း၊ ၄၉x၅၀ကြား၊ ၁၀၆(B)လမ်းရှိ တောဂရန်မြေကွက်အမည်ပေါက်သူ တပ်သားသန်ချောင်း(ခ)သံချောင်း၏ (SPရရှိသူ ဒေါ်တင်ယု)ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၁၅၈၄/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးအောင်ရွှေ ၁၃/လရန(နိုင်)၁၆၅၄၂၀ က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၃၉၁၆/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း၊ ဦးပိုင်ခွဲလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိန်ကုန်းရပ်ကွက်၊ အကွက်အမှတ်(၅၈၉-က)၊ ဦးပိုင်အမှတ်(C-၁၂)၊ ရန်-မန်းလမ်းအနောက်၊ မဇေင်သိန်းလမ်း x မုံရွေးကျောင်းလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ဒေါ်သင်းသင်းမြင့်၊ ဦးကိုကိုမြင့်၊ ဦးမောင်မောင်မြင့်၊ ဒေါ်သန္တာမြင့်တို့(၄)ဦးအနက် ဒေါ်သင်းသင်းမြင့်ပါ(၃)ဦး၏ (GP ရရှိသူ ဒေါ်သီတာဦး)ထံမှ စွန့်လွှတ်စာချုပ်အမှတ်(၁၉၆၀/၂၀၂၅)ဖြင့် လက်ခံခဲ့သူ ဦးကိုကိုမြင့် ၉/အမရ(နိုင်) ၀၆၂၄၃၂က အမှုတွဲအမှတ် (၃၉၁၅/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၇/ဒက္ခိဏသီရိအရှေ့ရပ်)၊ မြေကွက်အမှတ် (ဒ-၂၃၅၈)၊ မြေရေိယာ(၀.၂၂၉)ကေရှိ ဒေါ်သီတာ(ဘ)ဦးခင်မောင် ၈/ဂဂန(နိုင်)၀၈၅၉၉၇ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်ကို ဒေါ်သီတာမှ ဒေါ်ပေရယ်သီရိ၊ ဦးမျိုးသက်ဦး (ဘ) ဦးသီရိတင်၊ ဦးမင်းခင် ၁၂/အစန(နိုင်)၁၇၉၁၇၁၊ ၁၄/ကပန(နိုင်)၀၀၀၅၂၆နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအနောက်ရပ်ကွက်၊ အကွက်အမှတ်(၂၂၆)၊ ဦးပိုင်အမှတ် ၁၆.စ+၁၈.ဃ+၁၉+၂၀.ခ+၂၂.ခ+၂၃.ဈ+၃၈.ခအတွင်းမှ (၂၂.ခ+၂၃.ဈ+၃၈.ခ)ခဲစင်း၊ အောက်ကမ်းနားလမ်း၊ ၂၆x၂၇လမ်းကြားရှိ ဒေါ်ခင်သန်းနွဲ့၊ ဦးစိန်းဝင်းကွန့်၊ ဒေါ်လွင်မာကွန့်၊ ဒေါ်ရီဝင်းကွန့်တို့(၄)ဦး အမည်ပေါက်ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၃၄၈၆/၂၀၂၃၊ ၃၄၈၇/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်ခင်သန်းနွဲ့ ၉/မနတ(နိုင်)၀၇၆၀၆၅၊ ဒေါ်လွင်မာကွန့် ၉/မနတ(နိုင်)၀၇၆၀၆၈၊ ဒေါ်ရီဝင်းကွန့် ၉/မနတ(နိုင်)၀၇၆၀၆၇တို့က အမှုတွဲအမှတ်(၀၄၂၈/ဘခွဲ(ပြောင်း)/၂၀၂၅-၂၀၂၆)ဖြင့် ဘိုးဘ/ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအနောက်ရပ်ကွက်၊ အကွက်အမှတ်(၂၂၆)၊ ဦးပိုင်အမှတ် ၁၆-စ+၁၈-ဃ+၁၉+၂၀-ခ+၂၂-ခ+၂၃-ဈ အတွင်းမှ (၁၆-စ+၁၈-ဃ+၁၉+၂၀-ခ+၂၂-ခ+၃၈-ခ)ခဲစင်း၊ အောက်ကမ်းနားလမ်း၊ ၂၆x၂၇လမ်းကြားရှိ ဒေါ်ခင်သန်းနွဲ့၊ ဦးစိန်းဝင်းကွန့်၊ ဒေါ်လွင်မာကွန့်၊ ဒေါ်ရီဝင်းကွန့်တို့ (၄)ဦး အမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၃၄၈၆/၂၀၂၃၊၃၄၈၇/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်ခင်သန်းနွဲ့ ၉/မနတ(နိုင်) ၀၇၆၀၆၅၊ဒေါ်လွင်မာကွန့် ၉/မနတ(နိုင်) ၀၇၆၀၆၈၊ဒေါ်ရီဝင်းကွန့် ၉/မနတ(နိုင်) ၀၇၆၀၆၇ တို့က အမှုတွဲအမှတ်(၀၄၂၇/ဘခွဲ(ပြောင်း)/၂၀၂၅-၂၀၂၆)ဖြင့် ဘိုးဘ၊ ဦးပိုင်ခွဲအမည်ပြောင်း လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဥသာမြို့သစ်၊ ရပ်ကွက်ကြီး(၃)၊ မြေတိုင်း(၁၁)၊ မြေကွက်အမှတ်(ဂ-၄/၂)၊ မြေရေိယာ(၀ဒသမ၁၇၈)ကေ အကျယ်အဝန်းရှိ ခြံမြေကွက်အား ဒေါ်လှမိုးသီတာအမည်ဖြင့် ရရှိထားသောခြံမြေကွက်နှင့် အဆိုပါခြံမြေကွက်များပေါ်ရှိ သီးပင်စားပင်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း တာဝန်ယူအဆိုပြုသည့် ဒေါ်ယဉ်မေသန်း(ဘ)ဦးသန်းညွန့် ၇/ပခန(နိုင်) ၂၆၆၆၀၁ ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံတွင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဇေယျာဘုန်းမောင်(LL.B)** | **ဒေါ်လှမြတ်သူ(LL.B,D.B.L,D.I.L)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၁၄၆၀/၁၀-၁၁-၂၀၁၆)** | **(စဉ်-၁၄၉၇၃/၁၃-၁၁-၂၀၁၈)** |

**ဖုန်း-၀၉-၄၂၈၁၂၃၉၄၄**
**အမှတ်(၄၃၃)၊ မော်ကန်(၁၉)လမ်း၊ ပုဏ္ဏားစုရပ်ကွက်၊ ပဲခူးမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဥသာမြို့သစ်၊ ရပ်ကွက်ကြီး(၃)၊ မြေတိုင်း(၁၁)၊ မြေကွက်အမှတ်(၈-၃)၊ မြေရေိယာ(၀ဒသမ၄၄၄)ကေ အကျယ်အဝန်းရှိ ရဲမှူးကြီးတင်အောင်(ငြိမ်း)အမည်ဖြင့် မြေငှားဂရန်ရရှိထားသော ခြံမြေကွက်နှင့် ၎င်းခြံမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံ(၁)လုံး အပါအဝင် အဆိုပါအိမ်နှင့် ခြံမြေကွက်ပေါ်ရှိ သီးပင်စားပင်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း တာဝန်ယူအဆိုပြုသည့် ဦးတင်အောင်(ဘ)ဦးရီ ၇/ပခန(နိုင်)၀၁၈၅၈၆ ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံတွင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဇေယျာဘုန်းမောင်(LL.B)** | **ဒေါ်လှမြတ်သူ(LL.B,D.B.L,D.I.L)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၁၄၆၀/၁၀-၁၁-၂၀၁၆)** | **(စဉ်-၁၄၉၇၃/၁၃-၁၁-၂၀၁၈)** |

**ဖုန်း-၀၉-၄၂၈၁၂၃၉၄၄**
**အမှတ်(၄၃၃)၊ မော်ကန်(၁၉)လမ်း၊ ပုဏ္ဏားစုရပ်ကွက်၊ ပဲခူးမြို့**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့၊ ရွှေမြိုင်သီရိရပ်ကွက်၊ ရတနာပုံလမ်း၊ အိမ်အမှတ်(၁၉)တွင် နေထိုင်သူ ဦးရာရှင်(၁၀/မလမ(နိုင်)၂၈၀၃၆၂)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်တော်၏ မိတ်ဆွေဖြစ်သူ ဦးရာရှင်(၁၀/မလမ(နိုင်)၂၈၀၃၆၂)၏ သမီးဖြစ်သူ မအေးသန္တာထွေး(၁၀/မလမ(နိုင်)၂၈၈၃၅၉)သည် ဖခင်နှင့် ဆွေမျိုးသားချင်းမောင်နှမများ၏ ဂုဏ်သိက္ခာကျဆင်း၍ စိတ်ဆင်းရဲစေသော ကိစ္စရပ်များအား အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီး မိမိ၏စိတ်သဘောဆန္ဒအရ မိသားစုနှင့်အတူနေအိမ်မှ ဆင်းသွားပါသဖြင့် ဤကြေငြာပါရှိသည့်ရက်မှစ၍ သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် မအေးသန္တာထွေးနှင့်ပတ်သက်သော လူမှုရေး၊ စီးပွားရေး ကျန်းမာရေး၊ ငွေရေးကြေးရေး ကိစ္စများအပါအဝင် အခြားသော မည်သည့်ကိစ္စအဝဝကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးရာရှင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးတင်ထွန်း**
**အထက်တန်းရှေ့နေ(စဉ်-၂၃၁၃၄)**
**မော်လမြိုင်ရှေ့နေအသင်းရုံးခန်း**
**ဖုန်း-၀၉-၉၆၂၈၇၈၇၇၇**


## ပဋိစ္စသမုပ္ပါဒ် မိုးကုတ်ဝိပဿနာ ဓမ္မကထိက သင်တန်းပို့ချမည်

မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်းတိုက်၏ "သစ္စာဉာဏ်ရိပ်" တရားစခန်းဖြစ်မြောက်ရေးအဖွဲ့မှ (ပဉ္စမအကြိမ်) ကြီးမှူးကျင်းပအပ်သော မန္တလေးမြို့ သာသနဟိတကာရ ဓမ္မကထိက မိုးကုတ်ဝိပဿနာ ပဋိစ္စသမုပ္ပါဒ်အထူးသင်တန်းကျောင်းမှ ကျောင်းအုပ်၊ သင်တန်းမှူးတရားပြဆရာတော် ဒေါက်တာ ဘဒ္ဒန္တသုဝဏ္ဏ (ရွှေသုဝဏ်-မန္တလေး) သာသနဇောတိကဓမ္မာစရိယ၊ သာသနဟိတကာရဓမ္မကထိက Ph.D (Colombo), Ph.D (UK) မှ (ပထမအကြိမ်) ရန်ကုန် (ဒု-ဌာနခွဲ) မိုးကုတ်ဝိပဿနာ ပဋိစ္စသမုပ္ပါဒ် ဓမ္မကထိကသင်တန်းနှင့် တရား စခန်းပွဲကို မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်းတိုက်၊ ကျောင်းလမ်းနှင့် အောင်တော်မူလမ်းထောင့်၊ မြေနီကုန်း(မြောက်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ နေ့လည် (၁)နာရီမှ ညနေ (၅)နာရီအထိ - ၃ကြိမ်ခွဲကာ သင်ကြားပို့ချသွားမည်ဖြစ်ပါသည်။

**နေ့ရက်** - ၁၃၈၇ - ခုနှစ်၊ နတ်တော်လဆန်း (၁၂)ရက် မှ နတ်တော်လပြည့်ကျော် (၃)ရက်၊ (၁.၁၂.၂၀၂၅) တနင်္လာနေ့ မှ (၇.၁၂.၂၀၂၅) တနင်္ဂနွေနေ့ အထိ

✆ ၀၉ - ၄၅၀၀၁၃၉၈၆၃၊ ၀၉ - ၄၅၃၆၃၄၁၅၄၊ ၀၉ - ၄၀၉၇၉၇၈၁၆

**နေရာ** - ရန်ကုန်(ဒု-ဌာနခွဲ)၊ တာဟာရာတိုက်၊ ရှမ်းကျောင်းကြီးကျောင်း၊ ကိုးထပ်ကြီး ဘုရားအနီး၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ အထက်ပါအချိန်အတိုင်း 'ဓမ္မကထိကသင်တန်း ' သင်ကြားပို့ချသွားပါမည်။

**သင်တန်းဖွင့်လှစ်မည့်နေ့ရက်** - ၁၃၈၇-ခုနှစ်၊ နတ်တော်လပြည့်ကျော်(၄)ရက် မှ နတ်တော်လပြည့်ကျော်(၁၀)ရက်နေ့၊ (၈.၁၂.၂၀၂၅)တနင်္လာနေ့ မှ (၁၄.၁၂.၂၀၂၅) တနင်္ဂနွေနေ့ အထိ

✆ ၀၉ - ၇၉၉၆၆၅၆၉၆၊ ၀၉ - ၄၃၀၇၇၇၅၅၆၆၊ ၀၉ - ၇၉၉၆၆၆၇၃၅


## တရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်းနှင့် နှစ်ဦးပိုင်ပစ္စည်းများခွဲဝေပြီးကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးသက်အောင် ၁၂/လမန(နိုင်) ၁၅၀၁၀၃၏ လွှဲအပ်ညွှန်ကြားချက်အရ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးသက်အောင် ၁၂/လမန (နိုင်) ၁၅၀၁၀၃နှင့် ဒေါ်မီမီစံ ၁၂/လမန(နိုင်)၁၄၈၈၃၅တို့သည် (၂၅-၄-၂၀၂၅) ရက်တွင် အင်းစိန်ခရိုင်တရားရုံး၌ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခဲ့ပြီးကြောင်းနှင့် နှစ်ဦးပိုင်ပစ္စည်းများအား လည်း ခွဲဝေခဲ့ပြီး ဖြစ်ပါသည်။ ပြတ်စဲသည့်နေ့ရက်မှစ၍ တစ်ဦးနှင့်တစ်ဦး၏ ကိစ္စအဝဝတို့ကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်ခြင်း၊ သက်ဆိုင်ခြင်းအလျဉ်းမရှိတော့ပါကြောင်း၊ ဦးသက်အောင်နှင့် ၎င်း၏မိသားစုဆွေမျိုးများအပေါ် သိက္ခာကျဆင်းစေရန် ပြောဆိုရေးသားဖြန့်ဝေခြင်းများ မပြုလုပ်ရန်၊ ပြုလုပ်ပါက တည်ဆဲဥပဒေအရ စုံစမ်းဖော်ထုတ် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **ဦးခင်ဇော်** | **ဒေါ်အိအိဖြူ** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၆၃၅)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၈၀)** |
| **B.Sc, PGDL, HGP.WIPO(Switzerland)** | **LL.B,DLP,WIPO(Switzerland)** |

**အမှတ်(၅၅)၊ ဘားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၆၃၈၀၈၇၉၁**

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2M/9333 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖခင်အမည်မှန်

ဖျာပုံမြို့နယ်၊ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း Grade (11)၊ အခန်း(၂)မှ မောင်ရဲဇော်နိုင်၏ ဖခင်အမည်မှန်မှာ ဦးအောင်နိုင်ထွန်း ၁၄/ဖပန(နိုင်)၁၇၈၂၁၁ ဖြစ်ပါကြောင်း။

**ဦးအောင်နိုင်ထွန်း**
**၁၄/ဖပန(နိုင်)၁၇၈၂၁၁**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5K/7879, Honda Fit GE 6. Hatch Back (4X2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဆွေဆွေမြင့် ၉/မဟမ(နိုင်) ၀၁၄၃၇၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၈ဃ/၉၁၁၇၈ ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဇော်ဝင်း ၁၀/မလမ(နိုင်) ၁၃၁၆၃၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## အမည်ပြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ရေကြည်မြို့နယ်၊ အသုတ်မြို့၊ အမှတ် (၄)ရပ်ကွက်၊ ဗိုလ်တဲလမ်းနေ ဦးအောင်ကိုထက်-ဒေါ်ယဉ်မင်းနိုင်တို့၏ သားငယ် မောင်ကောင်းမင်းသန့်ကို မောင်ခေတ်မင်းသန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**ဦးအောင်ကိုထက်- ဒေါ်ယဉ်မင်းနိုင်**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ အကွက်အမှတ်(၂၆၇)၊ ဦးပိုင်အမှတ်(၅၆)ခဲစင်း၊ ၈၀x၉၀ကြား၊ ၃၀x၃၃ လမ်းကြားရှိ ဒေါ်တင်စိန်အမည်ပေါက် ဘိုးဘမြေကွက်အားအမွေဆက်ခံစာချုပ်အမှတ်(၂၆၄၃/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်ခင်စန်းမြင့်၊ ဒေါ်ခင်သန်းမြင့်၊ ဦးကျော်စိန်၊ ဒေါ်ခင်တင့်တို့(၄)ဦးအနက်၊ ဒေါ်ခင်သန်းမြင့် ပါ(၃)ဦးထံမှ စွန့်လွှတ်စာချုပ်အမှတ်(၄၀၂၃/၂၀၂၄)ဖြင့် လက်ခံခဲ့သူ ဒေါ်ခင်စန်းမြင့် ၉/မနတ(နိုင်) ၀၅၂၄၈၅က အမှုတွဲအမှတ်(၀၄၂၆/ဘခွဲ(ပြောင်း)/၂၀၂၅-၂၀၂၆)ဖြင့် ဘိုးဘ/ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၆၂၃၈၃ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဥမ္မာချို ၁၀/မလမ(နိုင်)၀၉၈၀၈၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိ Estella Townhouses၊ မြေနှင့်အဆောက်အအုံအမှတ် (၅၂)၊ လမ်းအမည် (Lane-2)၊ ခန့်မှန်းမြေရေိယာ (၁၂၁၀) စတုရန်းပေ၊ ခန့်မှန်းအဆောက်အအုံ ဧရိယာ(၁၂၇၇)စတုရန်းပေရှိ မြေနှင့်အဆောက်အအုံတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဦးမျိုးဇင်အောင်(၁၂/ဥကတ(နိုင်)၁၄၃၁၁၀)ထံမှ အပြီးအပြတ်ဝယ်ယူရန် ငွေပေးချေထားပြီးဖြစ်ပါသည်။ ယခုအခါ သန်လျင်ကြယ်စင်အိမ်ရာတွင် အမည်ပြောင်းကိစ္စပြုလုပ်ရန် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာ ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက သန်လျင်ကြယ်စင်အိမ်ရာတွင် အမည်ပြောင်းမည့်ကိစ္စအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကိုကိုမောင်၊ ဒေါ်တင်ဇာခြည်ချမ်းမြ၊ ဒေါ်တင်ဇာမင်းမင်းပြည့်**
**၁၂/ဒဂတ(နိုင်)၀၂၈၈၈၁၊ ၁၂/စခန(နိုင်)၀၁၉၈၈၇၊ ၁၂/စခန(နိုင်)၀၁၉၈၈၈**
**ဖုန်း-၀၉-၄၂၀၀၄၃၄၅၀**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၆၆၁၈၁ ယာဉ်လက်ဝယ်ရှိသူ ဦးငြိမ်းဖေ ၁၀/ရမန(နိုင်) ၀၇၂၃၁၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၈)၊ မြေကွက်အမှတ်(၈၈၈+၈၈၉)၊ အကျယ်အဝန်း(၅၀၄၀)စတုရန်းပေ၊ ဧရိယာ(၀ဒသမ၁၁၆)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက် (အရပ်အခေါ်) အမှတ်(၈၈၈+၈၈၉)၊ သဇင်လမ်း၊ (၇၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေကွက်(၂)ကွက်အား ဂရန် အမည်ပေါက်ထားပြီး လက်ရှိလက်ရောက် ပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်အေးအေးမာ ၁၀/မဒန (နိုင်) ၀၁၃၆၅၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်ထွေးစိုး ၇/ဖမန(နိုင်) ၀၈၉၃၇၁ က အပြီးအပိုင်ဝယ်ယူရန် သဘောတူသည့် အလျောက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းမြေကွက်(၂)ကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်စာချုပ်ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဝင်းဇော်ဦး (LL.B) (စဉ် – ၁၂၄၆၉) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၂၁)၊ ပထမထပ်၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း– ၀၉–၅၁၁၅၉၉၀၊ ၀၉–၄၂၀၀၈၆၆၆၈၊ ၀၉–၉၅၅၃၅၅၃၅၄**

## ကြော်ငြာစာ

မန္တလေးမြို့၊မဟာအောင်မြေမြို့နယ်၊မဟာအောင်မြေအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၂၇)၊ ဦးပိုင်အမှတ် (၆၇)/၈၂လမ်း၊ ၃၈ x ၃၉လမ်းကြားရှိ ဘိုးဘမြေကွက်အား အမည်ပေါက်သူမိဘများဖြစ်ကြသော ဖခင်ဦးအောင်လှိုင်၊ မိခင်ဒေါ်ခင်ရွှေတို့ ကွယ်လွန်၍ သား၊သမီးများဖြစ်ကြသော ဒေါ်ဌေးဌေးတင် ၉/မရတ(နိုင်)၀၅၅၄၃၃၊ ဒေါ်စန်းစန်းလွင် ၉/မရတ(နိုင်)၀၅၅၄၃၄၊ ဦးအောင်ဆန်းဦး ၉/မရတ(နိုင်)၁၃၀၉၀၇၊ ဒေါ်သန်းသန်းထွေး ၉/မရတ(နိုင်)၁၃၁၈၅၀ တို့က သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်နှင့်စွန့်လွှတ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်–၂ ရပ်ကွက်၊ အကွက်အမှတ် ဒ–၄၊ ဦးပိုင်အမှတ် ၁၀၂–ခ/၃၆x၃၇ ကြား၊ ၆၂x၆၃ လမ်းကြားရှိ ဦးပြည့်ဖြိုးသန့်၊ ဦးပြည့်ဖြိုးအောင်၊ ဒေါ်ပြည့်ဖြိုးအေး အမည်ပေါက် ဂရန်မြေကွက်အား ဦးပြည့်ဖြိုးအောင်(လူပျိုဘဝ)ကွယ်လွန်၍ ကျန်ရစ်သောပူးတွဲအမည်ပေါက်သူများဖြစ်သည့် ဦးပြည့်ဖြိုးသန့် ၉/မကန(နိုင်)၀၈၈၉၅၉၊ ဒေါ်ပြည့်ဖြိုးအေး ၉/ပကခ(နိုင်)၀၁၁၅၃၆ တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက်မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ–၁၄)၊ ဦးပိုင်အမှတ် ၃၂/၅၁x၅၂လမ်းကြား၊ ၁၁၄x၁၁၅ လမ်းကြားရှိ ဒေါ်မြမြအမည်ပေါက်ဂရန်မြေကွက်အားဖခင် ဦးကင်းမောင်၊ မိခင်ဒေါ်မြမြတို့ ကွယ်လွန်၍ ကျန်ရစ်သောသားဖြစ်သူ ဦးဟိဏ်းစိုး ၉/အမဇ (နိုင်)၀၂၄၄၂၈ က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်နှင့်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(ဇ–၂)၊ ဦးပိုင်အမှတ် ၁၀၉/၆၀လမ်း၊ ၁၁၀x၁၁၁လမ်းကြားရှိ ဦးညွန့်အေး အမည်ပေါက်ဂရန်မြေကွက်အား ဖခင်ဦးညွန့်အေး၊ မိခင်ဒေါ်မြင့်မြင့်အေးတို့ ကွယ်လွန်၍ ကျန်ရစ်သူသားများဖြစ်ကြသော ဦးရဲမင်းထက် ၉/မရတ (နိုင်)၁၂၆၄၃၈၊ ဦးသီဟ ၉/ခမစ(နိုင်)၀၀၉၂၉၉၊ ဦးစိုးအောင် ၉/ခမစ(နိုင်) ၀၁၈၀၀၆ တို့က ဂရန်စာချုပ် သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/48127 Honda Beat 109 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သင်းသင်းခိုင် ၅/ရဥန(နိုင်) ၀၅၉၂၈၂ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၁ယ/၄၉၄၂၄ Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်နှင်းဝေ ၉/မဟမ(နိုင်) ၀၈၀၅၅၇ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**( တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ ၊ နည်းဥပဒေ ၂၂ )**
**မူဆယ်ခရိုင်တရားရုံးတော်**
**၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၇ နှင့် ဆက်နွှယ်သည့်**
**၂၀၂၅ခုနှစ်၊ တရားမဇာရီမှုအမှတ် ၁၀**

ဦးမောင်ငွေ နှင့် ၁။ ဒေါ်ခင်ဝင်းရီ
၂။ ဦးဝင်းကြည်
**(ဒီကရီအနိုင်ရသူ)** **(တရားရှုံးများ)**

မူဆယ်မြို့၊ ဟိုနားရပ်ကွက်၊ အိမ်အမှတ်(ဟန–၃/၂၇)ရပ်နေ (၁)တရားရှုံး ဒေါ်ခင်ဝင်းရီနှင့် မော်လမြိုင်မြို့၊ မောင်ငံရပ်ကွက်၊ အရာရှိအိမ်ရာရပ်နေ (၂)တရားရှုံး ဦးဝင်းကြည် (ယခုနေရပ်လိပ်စာမသိသူ) တို့ သိစေရမည်။

၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်–၁၇ တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ် ဖြင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ဒီဇင်ဘာလ ၈ ရက်၊ (၁၃၈၇ခုနှစ်၊ နတ်တော်လဆုတ် ၄ ရက်)မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ လ ၂၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(လှိုင်မျိုးအောင်)**
**ခရိုင်တရားသူကြီး**
**မူဆယ်ခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**
**၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၂၉၄**

ဦးဝင်းမင်း နှင့် ဦးအေးကို
**တရားလို** **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ၄၇ လမ်း နှင့် ၄၈ လမ်းကြား၊ ၁၁၅ လမ်း နှင့် ၁၁၆ လမ်းကြား၊ မြရည်နန္ဒာရပ်ကွက်နေ ဦးအေးကို (ဘ) ဦးဆန်နီ ( ယခုနေရပ်လိပ်စာမသိ ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဦးဝင်းမင်း က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် (စစ–၃) ၊ ဦးပိုင်အမှတ် (၁၄)၊ ဧရိယာ ၀ ဒသမ ၀၅၅၁ ဧက အကျယ်အဝန်းရှိ မြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည် ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူသင်၏ ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက် (၁၃၈၇ခုနှစ်၊ နတ်တော်လဆုတ် ၇ ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင်သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ်သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သင်းသင်းလှိုင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## 7H/3213 TOYOTA Hilux Surf KZN 185, Station Wagon(4x4)(R) ဦးအောင်နိုင်ဝင်းအမည်ပေါက် မော်တော်ယာဉ်နှင့် ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ လမ်း၆၀၊ ၁၁၅(A)လမ်း၊ အိမ်အမှတ်(သ–၁၄/၁၀) နေ ဦးအောင်နိုင်ဝင်း(ဘ)ဦးအောင်စိန် ၉/မခန(နိုင်) ၁၂၁၁၉၅ မှ ဦးကျော်ဇေယျ(ဘ)ဦးကျော်ဌေးအောင် ၉/မခန(နိုင်)၁၆၁၆၈၆နှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးအောင်နိုင်ဝင်းအမည်ပေါက် 7H/3213 TOYOTA Hilux Surf KZN 185, Station Wagon(4x4)(R) မော်တော်ယာဉ်နှင့် ပတ်သက်ပြီး လွန်ခဲ့သော (၂)လခန့်က ကားပြုပြင်ရန်နှင့် ယာဉ်လိုင်စင်သက်တမ်းတိုးရန်အတွက် ဦးကျော်ဇေယျ (ဘ)ဦးကျော်ဌေးအောင် ၉/မခန(နိုင်)၁၆၁၆၈၆အား မော်တော်ယာဉ်နှင့်တကွ မော်တော်ယာဉ်ပိုင်ဆိုင်မှုစာအုပ်တို့ကို ယုံကြည်စွာအပ်နှံ၍ စေခိုင်းခဲ့ပါသည်။ သို့သော် ယနေ့ထက်တိုင် ဦးကျော်ဇေယျမှာ ယာဉ်ကို ပြုပြင်ခြင်းနှင့် သက်တမ်းတိုးပေးခြင်းလည်း မရှိ၊ ဦးအောင်နိုင်ဝင်းကို လာရောက်တွေ့ဆုံခြင်းလည်း မရှိသဖြင့် ၎င်းနေထိုင်ရာ အောင်မြေမန္တလာအိမ်ရာဝင်း၊ အခန်းအမှတ်–B2(304)၊ မဲကင်းကုန်းကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်သို့ သွားရောက်စုံစမ်းမေးမြန်းသောအခါ အထက်လိပ်စာပါနေအိမ်တွင်လည်း နေထိုင်ခြင်းမရှိ အခြားနေရာများတွင်လည်း စုံစမ်း၍ မရဘဲ ဦးကျော်ဇေယျမှာ ဦးအောင်နိုင်ဝင်း နှင့် အတွေ့မခံဘဲ တိမ်းရှောင်နေကြောင်း သိရှိရပါသည်။ ထို့ကြောင့် 7H/3213 TOYOTA Hilux Surf KZN 185, Station Wagon(4x4)(R) မော်တော်ယာဉ်နှင့်ပတ်သက်ပြီး ဦးကျော်ဇေယျအနေဖြင့် ဦးအောင်နိုင်ဝင်းထံသို့ အမြန်ဆုံး လာရောက်ဆက်သွယ်တွေ့ဆုံပြီး ကားနှင့်တကွ ကားနှင့်ပတ်သက်သော စာရွက်စာတမ်းမူရင်းများအားလုံးကို အမြန်ဆုံး လာရောက်အပ်နှံပါရန်နှင့် အဆိုပါကားနှင့် ပတ်သက်ပြီး ဦးအောင်နိုင်ဝင်းမသိရှိဘဲ ရောင်းဝယ်ခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လွှဲပြောင်းရယူခြင်း၊ ပေးကမ်းခြင်းတို့ကို မပြုလုပ်ကြပါရန် ဦးကျော်ဇေယျနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ–**
**ဦးအောင်နိုင်ဝင်း(ဘ)ဦးအောင်စိန်**
**၉/မခန(နိုင်)၁၂၁၁၉၅**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဇော်မင်းဦးLLB**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်–၇၉၈၇/၂၀၁၁)**
**အမှတ်(၁၇၀)၊၂၉ – လမ်း ၇၆ နှင့် ၇၇ လမ်းကြား ချမ်းအေးသာစံမြို့ နယ်၊ မန္တလေးမြို့၊ ဖုန်း–၀၉–၄၃၁၇၁၈၆၀၊ ၀၉–၉၇၁၇၆၀၆၃၁**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**( တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂ )**
**မူဆယ်ခရိုင်တရားရုံးတော်**
**၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် -၂၀ နှင့် ဆက်နွှယ်သည့်**
**၂၀၂၅ ခုနှစ်၊ တရားမဇာရီမှုအမှတ်- ၁၁**

ဒေါ်နန်းဝါ နှင့် ၁။ ဒေါ်နန်းမြအေး
၂။ဒေါ်နန်းနှင်းမေ(ခ)နန်းနွမ်လှိုင်းဆိုင်
**(ဒီကရီအနိုင်ရသူ)** **(တရားရှုံးများ)**

မူဆယ်မြို့၊ဟိုမွန်ရပ်ကွက်၊အိမ်အမှတ်(ဟ–၃/၄၆)ရပ်နေ (၁)တရားရှုံး ဒေါ်နန်းမြအေးနှင့် (၂)တရားရှုံး ဒေါ်နန်းနှင်းမေ(ခ)နန်းနွမ်လှိုင်းဆိုင် (ယခုနေရပ်လိပ်စာမသိသူ) တို့ သိစေရမည်။

၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်–၂၀ တွင်ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင်တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ချေဆိုရန်သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၅ခုနှစ်၊ ဒီဇင်ဘာလ ၉ရက် ( ၁၃၈၇ခုနှစ်၊ နတ်တော်လဆုတ် ၅ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(လှိုင်မျိုးအောင်)**
**ခရိုင်တရားသူကြီး**
**မူဆယ်ခရိုင်တရားရုံး**

## တစ်ချက်တည်းကျင်းဝင်ခြင်း

(၂၈–၁၁–၂၀၂၅)ရက်၌ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့ရှိ ဆီဆိုင်ဂေါက်ကွင်းတွင် ဂေါက်သီးရိုက်အားကစားသမား ဦးဝဏ္ဏကိုကိုသည် ကစားဖော်များဖြစ်သော ဦးမောင်မောင်မြင့်၊ ဦးချမ်းဟိန်းဇော်၊ ဦးစိုင်းဆိုင်လွန်၊ ဦးခွန်မြင့်ဇော်တို့နှင့်အတူ ဂေါက်သီး ရိုက်ကစားစဉ် တုတ်နံပါတ်–Xxio Iron No. (7)ဖြင့် (၁၃၅)ကိုက်ကွာဝေးသော ကျင်းအမှတ်(၂) သို့ ရိုက်လိုက်ရာ “တစ်ချက်တည်း” ကျင်းဝင်သွားခဲ့ပြီး Hole in one ရရှိသော ဦးဝဏ္ဏကိုကိုအား ဆီဆိုင်မြို့ ဂေါက်ကလပ်ကော်မတီအဖွဲ့မှ ဆုတံဆိပ်နှင့် ငွေကျပ်သိန်း(၂၀)ကို ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

## ဘိုးဘပိုင်/မြေပိုင် အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

ဟသ်ာတခရိုင်၊ ဟသ်ာတမြို့နယ်၊ ရွာသာကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ် (၁၄၃၃က)၊ အုန်းကုန်း (က) ကွင်း၊ ဦးပိုင်အမှတ် (၃၅၈က)၊ ဧရိယာ (၀ဒသမ၀၅) ဧက ရှိ အောက်ဖော်ပြပါအလားအလာရှိသည့် –

မြေ၏အလားမှာ –

| | | |
|---|---|---|
| ရှေ့လားသော် | – | ဟသ်ာတ–ကျုံပျော် ကားလမ်း |
| အနောက်လားသော် | – | ဦးပိုင်အမှတ် (၃၅၀) |
| တောင်လားသော် | – | ဦးပိုင်အမှတ် (၃၅၈ခ ) |
| မြောက်လားသော် | – | ဦးပိုင်အမှတ် (၃၅၇ခ)တို့ဖြစ်ပါသည်။ |

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း) ပေးရန် ဒေါ်လှလှချိုမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှ ရက်ပေါင်း (၃၀) အတွင်း ဆိုင်ရာစာရွက်စာတမ်းများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်းကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးမှူး**
**မြို့နယ်မြေစာရင်းဦးစီးဌာန၊ဟသ်ာတမြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်–၅ ၊ နည်းဥပဒေ–၁ နှင့်–၅)**
**မော်လမြိုင်ခရိုင်တရားရုံး**
**၂၀၂၅ ခုနှစ် ၊ တရားမကြီးမှုအမှတ်–၇၇**

ဦးထွန်းမြင့်ဝင်း (ခ)အတစ် **နှင့်** ၁။ မထက်ထက်ခိုင်
၂။ ဦးမြင့်ဦး
၃။ ဒေါ်အေးခိုင်
၄။ ဦးသုည
၅။ ဦးနေဝင်း
၆။ ဦးမြင့်အောင်
၇။ ဒေါ်တင်ထွေး(ခ)ဒေါ်တင်ထွေးမွန် (ခ) မမွန်မ
၈။ ဦးမင်းစိုး
**(တရားလို)** **(တရားပြိုင်များ)**

သံဖြူဇရပ်မြို့နယ်၊ ပင‌ကျေးရွာ၊ ကော့ထော်ဝိုင်းနေ အမှတ်(၂) တရားပြိုင် ဦးမြင့်ဦးနှင့် မုဒုံမြို့နယ်၊ ကမာဝက်မြို့ ၊ ကျိုက်ဆယ်ရပ်ကွက်နေ (၆) တရားပြိုင် ဦးမြင့်အောင် ( ယခုနေရပ်လိပ်စာမသိသူများ ) သိစေရမည်။

သင့်အပေါ်၌တရားလို ဦးထွန်းမြင့်ဝင်း(ခ) အတစ်က အမွေအုပ်ထိန်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူသင်၏ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ အခွင့်အမိန့်ရ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက် (၁၃၈၇ ခုနှစ် ၊ နတ်တော်လဆုတ် ၄ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင်သင့်ကွယ်ရာတွင် ငြင်းချက်များ ထုတ်ပေးလိမ့်မည်။၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ်သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်သွင်းလိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စိုးသီရိခိုင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**မော်လမြိုင်ခရိုင်တရားရုံး**

## ဖခင်အမည်မှန်

မိုးကောင်းမြို့နယ်၊အထက (ခွဲ) နမ္မနှ၊ Grade–12 မှ မဆိုင်းနူးမိုင်၊ Grade–10မှ မဘန်ထွယ်လု၊ Grade–4 မှ မဒွဲဇီ၊ Grade–3 မှ မောင်အောင်ဒွဲလာတို့၏ ဖခင်အမည်မှန်မှာ ဦးလဗျလဆိုင်း ၁/မညန(နိုင်)၀၉၅၄၃၄ ဖြစ်ပါကြောင်း။

**ဦးလဗျလဆိုင်း**

## မွေးသက္ကရာဇ်အမှန်

ထီးချိုင့်မြို့နယ်၊ ကမ်းနီရွာမှ ဒေါ်ဂျာထု၏ မွေးသက္ကရာဇ်အမှန်မှာ ၁၂–၆–၁၉၆၉ ဖြစ်ပါကြောင်း။

**ဒေါ်ဂျာထု**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈၂ယ/၄၈၁၂၇ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၅၅ယ/၇၀၃၁ ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဝင်းအောင် ၁၀/ခဆန(နိုင်)၀၇၁၈၂၃က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၅၉ယ/၃၄၃၄၁ ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းကြည် ၁၀/မလမ(နိုင်)၀၃၃၆၈၄ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၅၅ယ/၄၇၇၂၁ ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးမိုးအေး ၁၀/ရမန(နိုင်)၀၀၁၆၇၃ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ (၂၀၂၅-၂၀၂၆) ဘဏ္ဍာရေးနှစ်၊ သာမန်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် လိုအပ်သော FDA အသိအမှတ်ပြုဆေးနှင့်ဆေးပစ္စည်းများနှင့် ဓာတ်ခွဲဆေးပစ္စည်းများ၊ စက်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက် ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည် ဖြစ်ပါသည်။

**တင်ဒါအမှတ်** – Tender.10.Med & Med Supplies, Reagents and Equipments (4rd) (2025-2026)

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** – ၁ – ၁၂ – ၂၀၂၅ ရက်

**တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန်** – ၂ – ၁၂ –၂၀၂၅ ရက်၊ မွန်းတည့်(၁၂:၀၀)နာရီ

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇၃၄၃၁၀၈၅/၀၆၇၃၄၃၁၀၇၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်
## အစုရှယ်ယာရှင်လူကြီးမင်းများထံသို့ အသိပေးအကြောင်းကြားခြင်း

၁။ အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်၏ (၂၀၂၄-၂၀၂၅) ဘဏ္ဍာရေးနှစ်အတွက် (၂၉)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေညီလာခံ အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသဖြင့် အစုရှယ်ယာရှင်လူကြီးမင်းများအား လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်-

(က) **ကျင်းပမည့်ရက်** – ၁၂-၁၂-၂၀၂၅ ရက်(သောကြာနေ့)

(ခ) **ကျင်းပမည့်အချိန်** – နံနက် (၁၀:၀၀)နာရီ

(ဂ) **ကျင်းပမည့်အစီအစဉ်** – Virtual Meeting (Zoom Meeting)

၂။ အစုရှယ်ယာရှင်လူကြီးမင်းများအနေဖြင့် အစည်းအဝေးတက်ရောက်မည်ဆိုပါကလည်းကောင်း၊ မေးမြန်းလိုသည့် မေးခွန်းများရှိပါကလည်းကောင်း ဖော်ပြထားသော ဖုန်းနံပါတ်များနှင့် E-mail သို့ ၈-၁၂-၂၀၂၅ ရက် ညနေ ၄:၀၀ နာရီနောက်ဆုံးထား၍ အသိပေးဆက်သွယ်ဆောင်ရွက်ပေးပါရန်နှင့် အစည်းအဝေးတက်ရောက်ရန် စာရင်းပေးသွင်းထားသည့် အစုရှယ်ယာရှင် လူကြီးမင်းများအား အစည်းအဝေးအတွက် Meeting ID နှင့် Passcode တို့ကို ပြန်လည်ပေးပို့သွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**အောက်ပါဖုန်းနံပါတ်နှင့် E-mail တို့ထံဆက်သွယ်နိုင်ပါသည်။**

**ဖုန်း- ၀၉-၇၇၇၇၆၃၀၀၅ ၊ ၀၉-၇၇၇၇၆၃၀၀၉၊**

**Email – share@smedbank.com**

**ဒါရိုက်တာအဖွဲ့**
**အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်**
**အမှတ်(၂၉၈)၊ အနော်ရထာလမ်းနှင့်ဝါးတန်းလမ်းထောင့်**
**(၂)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ကွင်း/အကွက်အမှတ်(၁/ကျောင်းရှေ့ရပ်)၊ ဦးပိုင်အမှတ်(၄၆-က)၊ မြေဧရိယာ ၀ ဒသမ ၀၇၁ ဧကရှိမြေကွက်အား မြေငှားဂရန်(အမည်ပြောင်း၊သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးကျော်စိန်ဦး ၁၃/ကခန(ပြု)၀၀၀၁၆၇ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ကွင်း/အကွက်အမှတ်(၆/ပဒေသာ)၊ ဦးပိုင်အမှတ်(၈၄)၊ မြေဧရိယာ ၀ ဒသမ ၀၄၆ ဧကရှိမြေကွက်အား မြေငှားဂရန်(အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်ဝင်းဝင်းထွန်း ၉/ပဥလ(နိုင်)၁၀၄၈၄၁ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်းမြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## အများသိစေနိုင်ရန်နှင့်ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၅)၊ ယုဝလမ်း၊ မြေကွက်အမှတ် (၅၁၁/က)၊ မြေအကျယ်အဝန်းပေ(၂၀x၆၀)၊ ဧရိယာ(၁၂၀၀)စတုရန်းပေရှိ ဦးကျော်မြင့်(RKG-၂၂၂၁၅၆)အမည်ပေါက် မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်အဆင့်ဆင့်တို့ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထားပြီး တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၁)ရပ်ကွက်၊ တက္ကသိုလ်လာလမ်း၊ အမှတ်(၄၀၅)နေ ဒေါ်သင်းသင်းမာ ၁၂/ဒဂတ(နိုင်)၀၆၅၁၄၅ထံမှ ကာလပေါက်ဈေးဖြင့် ဝယ်ယူရန် ကျွန်ုပ်၏အမှုသည်နှင့် သဘောတူညီမှုရရှိပြီး တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ယခုအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းအစုံအလင်ဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်မြင်သန့် (LL.B, D.B.L, D.M.L) တရားလွှတ်တော်ရှေ့နေ (စဥ်-၈၂၁၈)**
**တိုက်-၈၈/၂၀၁၊ ဒုတိယထပ်၊ ရတနာပုံ(၁)လမ်း၊ (၁၀/မြောက်)ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း- ၀၉ -၄၄၈၀၀၇၇၃၇၊ ၀၉ -၇၉၅၃၅၃၄၇၅**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
## အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (မန္တလေး)
## ရွှေစာရံဘုရားလမ်း၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေး
## (၁၈) ကြိမ်မြောက် ဘွဲ့နှင်းသဘင် လျှောက်လွှာခေါ်ယူခြင်း

၁။ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)၏ (၁၈)ကြိမ်မြောက်ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ဖော်ပြပါအတိုင်း ကျင်းပမည်ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | **ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက်** | - ၆ -၁ - ၂၀၂၆ ရက်၊ (အင်္ဂါနေ့) |
| (ခ) | **အစမ်းလေ့ကျင့်မည့်ရက်** | - ၅-၁-၂၀၂၆ ရက်၊ (တနင်္လာနေ့) |
| (ဂ) | **ကျင်းပမည့်အချိန်** | - နေ့လယ် (၁၃ : ၀၀) နာရီ |
